ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 2 April 2020 ၉၈၇၃

# မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံတစ်ဝန်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များနှင့် အဖွဲ့ဝင်ဆရာတော်များသည် ယနေ့တွင် အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်း လှည့်လည်ပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ မေတ္တာပို့သပေးကြသည်။

**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐





မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ်ကင်းဝေးစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံတစ်ဝန်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူစဉ်။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferences စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

**နေပြည်တော် ဧပြီ ၁**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferences စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ပျော်ပြေမှုကိုခံစားကြည့်ရှု စိတ်ရွှင်လန်းမှုဖန်တီး

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးများဖြစ်ပေါ်စေသည့် ပွဲလမ်းသဘင်များ၊ အခမ်းအနားများကို တားမြစ်ပိတ်ပင်ထားသည်။ ကိုဗစ်-၁၉ ရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ လွယ်ကူစွာကူးစက်မြန်သောရောဂါဖြစ်၍ လူစုလူဝေးများကို ရှောင်ရှားရခြင်းဖြစ်သည်။ ယခုအခါ ပွဲလမ်းသဘင်အခမ်းအနားများ ပြုလုပ်ခြင်းကို တားမြစ်ထားပြီးဖြစ်ရာ မကြာမီရောက်ရှိတော့မည့် တစ်နိုင်ငံလုံးဆင်နွှဲသည့် မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ပွဲတော်တွင် လူစုလူဝေးဖြင့် ပျော်ရွှင်ခြင်းကိုရှောင်ရှားပြီး ဘေးအန္တရာယ်ကင်းစေမည့် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းမှုကို ဦးတည်ကြရမည် ဖြစ်သည်။

ပြည်သူများက သင်္ကြန်ပွဲတော်ကာလတွင် လူစုလူဝေးဖြင့် လည်ပတ်ခြင်းကို ရှောင်ရှားသင့်သည်ဖြစ်၍ မိမိတို့နေအိမ်တွင်ပင် မိမိတို့မိသားစုနှင့်အတူ သင့်လျော်သော အစီအစဉ်တစ်ခုခုဖြင့် သင်္ကြန်ပွဲတော်ကာလကို ဖြတ်သန်းကြရမည်ဖြစ်သည်။ မိသားစုများအနေဖြင့် ရုပ်ရှင်ကြည့်ရှုခြင်းဖြင့် ကိုယ်စိတ်နှစ်ပါးပျော်ရွှင်စွာ အပန်းဖြေခြင်း အစီအစဉ်သည် လျော်ကန်သင့်မြတ်သော အစီအစဉ်တစ်ခုဖြစ်သည်။ ထိုအစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စီစဉ်ပေးထားသည်ဟု သိရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်မှန်းချက်နှင့်အညီ ပြည်သူများအတွက် မိမိတို့၏နေအိမ်တွင်ပင် အစီအစဉ်များကြည့်ရှုနိုင်ရန် နေ့စဉ်ထုတ်လွှင့်ပေးနေသည်။ ယခု ၂၀၂၀ ပြည့်နှစ် ဧပြီလ သင်္ကြန်ပွဲတော်ကာလတွင် သင်္ကြန်ပွဲတော် အထူးအစီအစဉ်အဖြစ် မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ဖြတ်သန်းခဲ့သောကာလအတွင်း ရုံတင်ပြသခဲ့သည့် ထင်ရှားကျော်ကြားလူကြိုက်များသော ရုပ်ရှင်ဇာတ်ကားကောင်းများကိုပြသမည်ဖြစ်ရာ ပရိသတ်များ ကျေနပ်ပျော်ရွှင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ မြန်မာ့ရိုးရာ သင်္ကြန်ပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေကြည့်ရှုအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့်ပတ်သက်သည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် မွန်းလွဲပိုင်းနှင့် ညပိုင်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ ခေတ်ပေါ်ရုပ်ရှင်ဇာတ်ကားများ၊ ခေတ်ဟောင်းရုပ်ရှင်ဇာတ်ကားကောင်းများတွင် ပြည်သူများ စိတ်လက်အပန်းပြေ ပျော်ရွှင်မှုရသများကို ပေးစွမ်းနိုင်မည့် ဇာတ်ကားများကိုလည်း ရွေးနုတ်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ရုပ်ရှင်သည် ပြည်သူအတွက်ဖြစ်သည်ဟု အစဉ်အဆက်ဆိုခဲ့သည့်အတိုင်း ဖျော်ဖြေမှုလည်းပါ အနုပညာလည်းမြောက်ပြီး နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသော ရုပ်ရှင်ဇာတ်ကားကောင်းများမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ဖန်တီးတင်ဆက်မှုများသည် အစဉ်အဆက်အကျိုးပြုနေဆဲဖြစ်သည်။ မွန်းကျပ်နေသော ပြည်သူလူထု၏ လူမှုဘဝများတွင် ရုပ်ရှင်သည် စိတ်လက်ပေါ့ပါး လန်းဆန်းရွှင်လန်းတက်ကြွမှုကို ဖြစ်စေသည့်အပြင် ပြည်သူလူထုအတွက် အသိပညာဗဟုသုတများလည်း ရရှိစေပါသည်။

ယခုကဲ့သို့ တစ်ကမ္ဘာလုံး၊ တစ်တိုင်းပြည်လုံး ကိုဗစ်-၁၉ ရောဂါကြောင့် စိုးရိမ်ပူပန်မှုမြင့်တက်နေချိန်၊ ပြည်သူအများ လူစုလူဝေးများကို ရှောင်ရှား၍ မိမိတို့နေအိမ်တွင်သာ နေထိုင်သင့်သော အချိန်အခါတွင် အသိအမြင်ဗဟုသုတ တိုးပွားရေး၊ ပျော်ရွှင်လန်းဆန်းမှုဖြစ်ရေး အစီအစဉ်ကောင်းများကို မျှဝေပေးခြင်း အားဖြင့် ပြည်သူလူထု ရောဂါဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်သာမက စိတ်ပိုင်းဆိုင်ရာပျော်ရွှင်ချမ်းမြေ့စေရေးအတွက်ပါ အထောက်အပံ့ကောင်းများ ဖြစ်စေပါသည်။

သို့ဖြစ်ရာ အများပြည်သူအလုပ်ပိတ်ရက်သာမက အများပြည်သူ နေအိမ်များ၌ နေထိုင်ရသောအချိန်ကာလများတွင် ရုပ်ရှင်ဇာတ်လမ်းများဖြင့် အပန်းဖြေခြင်းသည် ကောင်းမွန်သောအစီအစဉ်တစ်ခုဖြစ်ပြီး သင်္ကြန်ပိတ်ရက်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စီစဉ်ပြသမည်ဖြစ်သော မြန်မာရုပ်ရှင်ဇာတ်ကားကောင်းများကို အပန်းလည်းဖြေရင်း၊ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်ကိုလည်း ဂုဏ်ပြုရင်းဖြင့် ပရိသတ်များ နှစ်သက်သဘောကျလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁**

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သောဆေးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။



**လှူဒါန်း**

လှူဒါန်းပွဲတွင် ဖြူစင်နှလုံးသား သူငယ်ချင်းများအဖွဲ့က ငွေကျပ် ၂၀၅၇၅၀၀ တန်ဖိုးရှိ ဆေးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ 95 activity group တောင်ကြီးမှ မိတ်ဆွေများက ငွေကျပ် ၇၈၄၀၀၀ တန်ဖိုးရှိဆေးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပါမောက္ခ ဒေါက်တာ ကျော်ဇေယျ-ပါမောက္ခ ဒေါက်တာခင်လတ် မိသားစုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဆေးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်က ဆေးရုံဝန်ထမ်းများနှင့် လူနာများ တာဝန်ချိန်နှင့် ဆေးရုံတက်နေစဉ် အတွင်း နေရေး၊ စားရေးအဆင်ပြေရေး အတွက် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရီရီမြင့်**

■

## ကိုရိုနာဗိုင်းရပ်စ်ရောဂါအသိပညာမြှင့်တင်ရေးလှုပ်ရှားမှု မန်းရေနံမြေနှင့် မင်းဘူးမြို့၌ စတင်

**မင်းဘူး မေ ၁**

MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့ကဦးစီး၍ မင်းဘူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများ ပူးပေါင်းကာ လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုကို မန်းရေနံမြေ ထိစပ်ကျေးရွာ ၁၄ ရွာနှင့် မင်းဘူးမြို့တို့တွင်ယခု သီတင်းပတ်အတွင်း စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကိုဗစ်- ၁၉ နှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များ ပါဝင်သည့် ပိုစတာများ၊ လက်ကမ်းစာစောင်များနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ အသိပညာပေး တေးသီချင်းများဖြင့် ကျေးရွာအလိုက် လှည့်လည်ကာ အသိပညာမျှဝေခဲ့သည်။ ထို့ပြင် မင်းဘူးမြို့ရှိ လူစည်ကားရာ နေရာများနှင့် အများပြည်သူ သွားလာလှုပ်ရှားရာ နေရာများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များနှင့် ကျန်းမာရေး အသိပညာ တိုးတက်ရရှိစေမည့် လက်ကမ်းစာစောင်များကို ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် CSR ဝန်ထမ်းများက လိုက်လံဝေငှခဲ့သည်။



မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တားဆီးကာကွယ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း တစ်ဦးချင်းအလေးထား လိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာပေးလှုပ်ရှားမှုကို လူမှုတာဝန်သိ လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပင်စင်စားများအတွက် ငွေကြေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မုံရွာ မေ ၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပင်စင်စားများအတွက် ငွေကြေးလုံခြုံရေးလုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ် မုံရွာဘဏ်ခွဲ၏ မြောက်ဘက် သစ်စက်ဝင်း အတွင်း ပင်စင်စားများကို ပင်စင်ထုတ်ပေးရာတွင် အစုလိုက် လစာထုတ်ပေးခြင်း ခွင့်မပြုဘဲ လူစုခွဲ၍ ပင်စင်လစာများ ထုတ်ပေးလျက်ရှိကြောင်း မုံရွာ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာ ဒေါ်ယဉ်ယဉ်စိုးက ပြောသည်။

ပင်စင်စားများ ပင်စင်လစာထုတ်ယူရာတွင် ငွေကြေးလုံခြုံရေး၊ ဘဏ်ခွဲလုံခြုံရေးနှင့် ဘေးပတ်ဝန်းကျင် လုံခြုံရေးအတွက် လုံလောက်သော လုံခြုံရေးအင်အား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ မြောက်ဘက် သစ်စက်ဝင်းအတွင်း ကိုဗစ်-၁၉ ကာကွယ်ရန်အတွက် လက်ဆေးဘေစင်များ၊ လက်ဆေးဆပ်ပြာများနှင့် ရေရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ရန်အတွက် အမှတ်(၇) စစ်မြေပြင် ဆေးတပ်ရင်းမှ အရာရှိစစ်သည်များက မြန်မာ့စီးပွားရေးဘဏ် မုံရွာဘဏ်ခွဲအတွင်း ယနေ့ နံနက်ပိုင်းက ပိုးသတ်ဆေးများဖျန်းခဲ့ကြောင်း ဒေါ်ယဉ်ယဉ်စိုးက ပြောသည်။

**မွေးကြူဇင်**

■

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း

သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ

အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက






Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferences စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

❂ ရှေ့ဖုံးမှ

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဆင်ကူးကြီး ကျေးလက်ကျန်းမာရေးဌာန သာယာကုန်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ ဘက်စုံသားဖွားဆရာမ ဒေါ်နှင်းထက်ထက်နိုင်၊ လှိုင်သာယာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာခင်ရူပါစိုး၊ "အောင်" ပရဟိတအဖွဲ့တွင် လူမှုအကျိုးပြုလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်နေသော ဦးကောင်းမြတ်သူနှင့် We Love Yangon မှ ဦးဆန်းမောင်မောင်တို့က ၎င်းတို့ဒေသအတွင်း Home Quarantine ပြုလုပ်ထားသူများ၏ အခြေအနေ၊ COVID-19 ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က


> **"ယခုကဲ့သို့ အချိန်အခါမျိုးတွင် စိတ်ဓာတ်ခိုင်မာရမည်ဖြစ်ကြောင်း၊ ထိန်းမနိုင်သိမ်းမရ အခြေအနေထိ မပြန့်ပွားအောင် ထိန်းချုပ်ထားနိုင်မည်ဆိုလျှင် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အတူတကွ လက်တွဲရင်ဆိုင်ရုန်းကန်ရင်း ညီအစ်ကိုမောင်နှမ စိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း၊ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် ပြည်သူလူထုကို သည်းခံပြီး ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို ၎င်းတို့ ရှင်းလင်းစွာ နားလည်သည်အထိ ထပ်တလဲလဲ ရှင်းပြရမည်ဖြစ်**

နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုအခါ တစ်ကမ္ဘာလုံး၌ တစ်ဦးချင်းစီက မိမိကိုယ်တိုင် ကာကွယ်ထိန်းသိမ်းရေးနှင့် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ် မနေထိုင်ရေးသည် အရေးကြီးပါကြောင်း၊ Quarantine (၁၄) ရက်ကာလကို ကြည်ကြည်ဖြူဖြူ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Quarantine (၁၄) ရက်ကာလသည် များစွာကြန့်ကြာသည့် ကာလမဟုတ်ကြောင်း၊ Quarantine (၁၄) ရက်ကာလကို အခက်အခဲဟု ရှုမြင်ပြီး ညွှန်ကြားချက်များကို မလိုက်နာပါက ယခု COVID-19 ကပ်ရောဂါကို မည်သို့မှ ကျော်လွှားနိုင်မည်မဟုတ်ကြောင်း၊ ယခုကဲ့သို့ အချိန်အခါမျိုးတွင် စိတ်ဓာတ်ခိုင်မာရမည်ဖြစ်ကြောင်း၊ ထိန်းမနိုင်သိမ်းမရ အခြေအနေထိ မပြန့်ပွားအောင် ထိန်းချုပ်ထားနိုင်မည်ဆိုလျှင် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အတူတကွ လက်တွဲရင်ဆိုင်ရုန်းကန်ရင်း ညီအစ်ကိုမောင်နှမ စိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း၊ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် ပြည်သူလူထုကို သည်းခံပြီး ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို ၎င်းတို့ ရှင်းလင်းစွာ နားလည်သည်အထိ ထပ်တလဲလဲ ရှင်းပြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် လူထုပါဝင်မှု မြင့်မားပါကြောင်း၊ တတ်နိုင်သမျှ ကူညီကြခြင်းသည် လွန်စွာတန်ဖိုးရှိသည့် အလေ့အထဖြစ်ကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ တတ်နိုင်သမျှ လုပ်ဆောင်ပေးကြရန်နှင့် ပြည်သူများ နားလည်အောင် ကြိုးစားပေးကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး





**နေပြည်တော် ဧပြီ ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ အင်တာနက်ကွန်ရက် အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်သော ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တက္ကသိုလ် ၁၄ ခုမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အခြေခံပညာရုံးများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ၅၀ ရာခိုင်နှုန်း ရုံးတက်ရာတွင်လည်း ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊ စနစ်တကျ ရေနှင့် ဆပ်ပြာဖြင့် သို့မဟုတ် Hand Sanitizer ဖြင့် လက်ဆေးရန်၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေကွာရန်၊ ရုံးဆင်းချိန်တွင် ပိုးသတ်ဆေးဖျန်းရန်အတွက်လည်း ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတော်၏ လိုအပ်ချက်အရ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ စေတနာ့ဝန်ထမ်း (Volunteer) အဖြစ် ကူညီဆောင်ရွက်ရန်နှင့် အသုံးပြုနိုင်သော Facilities များအတွက် ပူးပေါင်းဆောင်ရွက်ရန် အကြောင်းကြားလာပါက တက္ကသိုလ်ပညာရေးအဖွဲ့/နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများ / သက်ဆိုင်ရာ အိမ်ရာကော်မတီများ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်၊ စာမေးပွဲဆိုင်ရာလုပ်ငန်းများ၊ e-Learning, online courses များအတွက် အရည်အသွေးရှိသော ပညာရေးကို ဦးတည်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများက ဆောင်ရွက်နေဆဲ ပညာရေးလုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများ ဖြေရှင်းနိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သဖြင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူ ပြည်သူများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် စာစစ်လုပ်ငန်းများ၊ သင်ကြားသင်ယူမှုနည်းလမ်းသင်တန်းများ၊ e-Learning၊ online နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးနေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံသူ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံတစ်ဝန်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူစဉ်။




❐ **မြန်မာနိုင်ငံသူ နိုင်ငံသားများမှ**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် နံနက် ၉ နာရီတွင် မြန်မာ အမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြသည်။

**မေတ္တာပို့သပေးကြ**

ယင်းနောက် အထူးလေယာဉ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ပျံသန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ရတနသုတ် ပရိတ်တော်၊ မေတ္တာသုတ် ပရိတ်တော်၊ ဝဋ္ဋသုတ်ပရိတ်တော်၊ ဇောဇ္ဈင်္ဂသုတ် ပရိတ်တော်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်နှင့် ပဋ္ဌာနပစ္စ ယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသတို့ကို ရွတ်ဖတ် သရဇ္ဈာယ်ကြကာ မြန်မာနိုင်ငံသူ နိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မေတ္တာပို့သပေးကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် အထူးလေယာဉ်သည် မန္တလေးမြို့မှ ထွက်ခွာပြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ဆက်လက်ပျံသန်းကာ နိုင်ငံတော်သံဃမဟာနာယအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဗန်းမော်ဆရာတော် အမှူးပြုသောဆရာတော်၊သံဃာတော်များသည် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိကြရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပင့်ဆောင်ကြသည်။



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**ရွတ်ဖတ်သရဇ္ဈာယ်**

ဆက်လက်၍ အထူးလေယာဉ်သည် မြစ်ကြီးနားမြို့မှထွက်ခွာပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပျံသန်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော်၊သံဃာတော်များသည် ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုပင့်ဆောင်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထူးလေယာဉ်သည် ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ပျံသန်းထွက်ခွာပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြကာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

## ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



# ကျန်းမာရေးဝန်ထမ်းများအတွက် ရောဝတီဖောင်ဒေးရှင်းနှင့် AYA SOMPO အာမခံကုမ္ပဏီတို့မှ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ ပေးအပ်လှူဒါန်းရန် ပြည်ထောင်စုဝန်ကြီးနှင့် လာရောက်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ကျန်းမာရေးဝန်ထမ်းများအား ရောဝတီဖောင်ဒေးရှင်းနှင့် AYA SOMPO အာမခံကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ ငွေကျပ်သိန်း ၅၀၀၀ မတည်ပေးအပ်လှူဒါန်းလိုသည့်အတွက် လာရောက်တွေ့ဆုံမှုအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အားသွန်ခွန်စိုက်ဆောင်ရွက်**

ရှေးဦးစွာ AYA SOMPO အာမခံကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းသူနှင့် တာဝန်ရှိသူများက မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှဆောင်ရွက်နေသည့် ဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ ငွေကျပ်သိန်း ၅၀၀၀ ကို မတည်ပေးအပ်လှူဒါန်းလိုပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများအား တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီခြင်းဖြစ်ပါကြောင်း၊ AYA SOMPO အာမခံကုမ္ပဏီလီမိတက်အနေဖြင့် ရောဝတီဖောင်ဒေးရှင်းနှင့်အတူ ပူးပေါင်း၍ ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိသော အသက်ရှူစက်များ၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံများ အပါအဝင် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ လှူဒါန်းခဲ့ကြောင်း ပြောကြားသည်။

**အကောင်အထည်ဖော်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြောကြားရာတွင် ယခုကဲ့သို့ ပံ့ပိုးလှူဒါန်းခြင်းသည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အမှန်တကယ်လိုအပ်နေချိန်တွင် လိုအပ်သည့်နေရာများသို့ လှူဒါန်းခြင်းအား ကျေးဇူးတင်ရှိပါကြောင်း၊ ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များကို ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များ ဆက်လက်ဆွေးနွေးပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



တွေ့ဆုံပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး) ဒေါက်တာစိုးဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိန်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်) ဒေါက်တာထွန်းတင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ AYA SOMPO အာမခံကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဒေါက်တာ စိုပြေအောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းနှင့် ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းများတွင် လူငယ်များပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Coronavirus Disease 2019 (COVID–19) အသိပညာပေးလုပ်ငန်းနှင့် ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းများတွင် လူငယ်များ ပူးပေါင်းဆောင်ရွက်ရေး နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ လူငယ်ရေးရာကော်မတီဝင်များနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ဆောင်ရွက်သည်။



**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ မြေပြင်တွင် စနစ်တကျလက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ရောဂါထိန်းချုပ်တုံ့ပြန်ရေးကို ဆောင်ရွက်ရာတွင် လူငယ်များသည် အင်အားတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုထားပြီးဖြစ်ရာ နိုင်ငံ၏ အရေးအရာကိစ္စများတွင် လူငယ်များအနေဖြင့် အဓိပ္ပာယ်ရှိစွာနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သဖြင့် ဤညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ ယခု အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing အစည်းအဝေးတွင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ လူငယ်ရေးရာကော်မတီဝင်များ ပါဝင်ကြသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီအပြင် Coronavirus Disease 2019 (COVID –19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ထပ်မံဖွဲ့စည်းပေးထားရာ ပြည်သူလူထုအတွင်း စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ဤအဖွဲ့အစည်းအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူအသိပညာပေးလုပ်ငန်းများနှင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) များတွင် အင်အားတစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့၏ ဆုံးဖြတ်ချက်ဖြင့် စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်ရေး မိမိတို့၏ဒေသအလိုက် စုစည်းထားရှိရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူငယ်များပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များရေးဆွဲဆောင်ရွက်ခြင်း၊ လိုအပ်သောအထောက်အကူပြုပစ္စည်းများကို ပူးပေါင်းပံ့ပိုးခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များက ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးနှင့်ပတ်သက်၍ ၎င်းတို့ လက်ရှိဆောင်ရွက်နေမှုများ၊ လက်တွေ့ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြရာ ဝန်ကြီးဌာနရှိ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ဦးစီးမှူးများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

**တိုက်တွန်းပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် ယခုဖြစ်ပွားနေသော ကိုဗစ်–၁၉ ကူးစက်မြန်ကပ်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရဲရင့်တက်ကြွသော၊ ခံနိုင်ရည်ရှိသော လူငယ်များ၏ အင်အားသည် ပိုမိုလိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် စေတနာ့ဝန်ထမ်းဆောင်ရွက်ရာတွင် ရောဂါကူးစက်ပြန့်ပွားခြင်းမရှိအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လေ့လာသိရှိပြီး တိကျစွာ သတိဖြင့်လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအတွက် ကိုဗစ်-၁၉ အကြောင်း တစေ့တစောင်း

## ပါမောက္ခဒေါက်တာရွှေတိုး

ယနေ့ ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုကို သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးနေရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ သိသင့်သိထိုက်သည်များကို မျှဝေရန်အတွက် ဤဆောင်းပါးကို ရေးဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှအစပြုကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှတစ်ဆင့် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၃ နိုင်ငံသို့ ရောဂါပျံ့နှံ့၍ ဧပြီ ၁ ရက်နေ့ စာရင်းဇယားများအရ ကမ္ဘာ့နိုင်ငံများတွင် လူ ၄၂၁၅၈ ဦး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

သွားနှင့် ခံတွင်းဆရာဝန်များအနေဖြင့် အဓိက ဂရုပြုရမည့် ကိုဗစ်-၁၉ ကူးစက်နိုင်သည့် နည်းလမ်းသုံးခုမှာ

(၁) သွားရောဂါကုသရာတွင် အသုံးပြုသော သွားဖောက်စက် (DENTAL HANDPIECE)နှင့် သွား၊ တံတွေး ထိတွေ့ရာမှ ထွက်လာသော အမှုန်အမွှားများ (airborne spread)၊

(၂) လူနာနှင့်ထိတွေ့ရာမှ ကူးစက်ခြင်း (contact spread)၊

(၃) ဗိုင်းရပ်စ်ပိုးရှိထားနှင့်ပြီးသော မျက်နှာပြင်များကို ထိတွေ့ရာမှ ကူးစက်ခြင်း (contaminated surface spread) တို့ဖြစ်သည်။

သွားရောဂါကုသရာတွင် အသုံးပြုသည့် စိန်လွန်သွားပါ သွားဖောက်စက်များသည် တစ်မိနစ်လျှင် အပတ်ရေ သုံးသိန်းခန့် လည်သည့်အလျောက် သွားမျက်နှာပြင်နှင့် သွားအတွင်းရှိ ဆဲလ်များ မပျက်စီးစေရန်အတွက် စိန်လွန်သွား(Diamond Burs) လည်သည်နှင့်အမျှ ရေဖျန်းပေးသည့်စနစ်ကို ထည့်သွင်းထားရာ လူနာ၏ သွား၊ တံတွေး၊ သွေးတို့နှင့် သွားဖောက်စက်ထိရာမှ ထွက်ပေါ်လာသော ရေစက်အမှုန်အမွှား (aerosol) တို့မှတစ်ဆင့် သွားနှင့်ခံတွင်းဆရာဝန်တို့အား ကူးစက်နိုင်မှု အလွန်မြင့်မားသဖြင့် အထူးဂရုပြုရပေမည်။

ပြည်သူလူထုအား သွားနှင့်ခံတွင်းစောင့်ရှောက်မှုပေးနေရသော သွားနှင့်ခံတွင်းဆရာဝန်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များကို လိုက်နာရန် လိုအပ်ပါသည်။

(၁) မိမိတို့၏ ဆေးရုံ၊ ဆေးခန်းသို့ သွားရောဂါကုသမှုခံယူရန် လာရောက်သော လူနာတိုင်းအား ကိုယ်အပူချိန် မဖြစ်မနေ တိုင်းတာရန်နှင့် ခရီးသွားရာဇဝင်မေးရန်၊

(၂) ကိုဗစ်-၁၉ ရောဂါသည် လူနာနှင့် တိုက်ရိုက်ထိတွေ့ခြင်း (ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ မျက်နှာ၊ နှာခေါင်းတို့အား ထိတွေ့ကိုင်တွယ်ခြင်း) မှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်၍ စနစ်တကျ လက်ဆေးခြင်းသည် အလွန်အရေးကြီးပါသည်။ လူနာအား မစစ်ဆေးမီနှင့် လူနာနှင့်ထိတွေ့အပြီး လက်ကိုစနစ်တကျ စင်ကြယ်စွာ ဆေးကြောရန် (စီချွမ်ပြည်နယ်၊ West China Hospital of Stomatology ၏ အဆိုအရ ကုသမှုမပေးမီ နှစ်ကြိမ်၊ ကုသမှုပေးပြီး သုံးကြိမ် စနစ်တကျ လက်ဆေးရန်)၊

(၃) လေ့လာတွေ့ရှိချက်များအရ human coronavirus သည် အပူချိန် ၂၂°C မှ ၂၅°C နှင့် စိုထိုင်းဆ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအတွင်း သက်မဲ့မျက်နှာပြင်များအပေါ်တွင် ငါးရက်ခန့်အထိ အသက်ရှင်နိုင်သဖြင့် သွားနှင့် ခံတွင်း ကုသမှုပေးရာမှ ပေါ်ထွက်လာသော ရေစက်အမှုန်အမွှားများ၏အန္တရာယ်သည် လွန်စွာမှ ကူးစက်နိုင်ခြေ မြင့်မားလှပါသည်။ ကုသမှုပေးနေစဉ် တစ်ခါသုံး ခေါင်းစွပ်၊ နှာခေါင်းစည်း(surgical masks)၊ လက်အိတ်နှင့် မျက်နှာကို အရည်မစဉ်စေရန် မျက်နှာဖုံးအကာတို့ကို မဖြစ်မနေ ဝတ်ဆင်ရန်၊

(၄) 2019-nCoV ပိုးသည် ဓာတ်တိုးမှုဖြစ်စဉ်ကို ခံနိုင်ရည်စွမ်းမရှိ၍ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ အများဆုံးအသုံးပြုလေ့ရှိသည့် Chlorhexidine ပလုတ်ကျင်းဆေးရည်အစား ဓာတ်တိုးပစ္စည်းများ ပါဝင်သည့် တစ်ရာခိုင်နှုန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် (သို့မဟုတ်) ၀.၂ ရာခိုင်နှုန်း ပိုဗီဒုန်း ပလုတ်ကျင်းဆေးရည်များကို အစားထိုးအသုံးပြုရန်၊

(၅) လူနာများအား တိကျသော ရောဂါအဖြေရရန်အတွက် တစ်ခါတစ်ရံ သွားနှင့်ခံတွင်း ဓာတ်မှန်များကို ရိုက်ရန် ညွှန်းပို့ရသည်ဖြစ်ရာ ပုံမှန်ရိုက်နေကျ ခံတွင်းအတွင်း ဓာတ်မှန်ဖလင်ကို ထည့်ရိုက်ရသော Intraoral X'ray Examination သည် လူနာအား တံတွေး ပိုမိုထွက်စေနိုင်ခြင်း၊ ချောင်းဆိုးစေနိုင်ခြင်း တို့ကြောင့် အဆိုပါနည်းအစား ခံတွင်းပြင်ပတွင် ဓာတ်မှန်ဖလင်ကိုထား၍ ရိုက်ရသော မြင်ကွင်းကျယ် ဓာတ်မှန် (Panoramic View) သို့မဟုတ် မိမိသိမြင်လိုသည့် နေရာကို အလွှာလိုက်ပိုင်းခြားမြင်နိုင်သော အဆင့်မြင့် ကွန်ပျူတာ ဓာတ်မှန်နည်းပညာ(CB-CT)တို့ကို အစားထိုး အသုံးပြုရန်။

United Kingdom COVID-19 Guidelines for Dental Profession ၏ ညွှန်ကြားချက်အရ-

(က) ရောဂါခြေချုပ်ဖြင့်နေသင့်သော လူနာအား အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာ ပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှုပေးခြင်းမှ ခေတ္တဆိုင်းငံ့ထားရန်၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာရောဂါအတွက် လူနာများအား ပုံမှန်ကုသမှုပေးရာတွင် ရေစက်အမှုန်အမွှား (aerosol)များ ထွက်ပေါ်နိုင်သည့် လုပ်ငန်းဆောင်တာများ (ဥပမာ- သွားဖာခြင်း၊ သွားကျောက် ခြစ်ခြင်း၊ သွားအသေစိုက်ခြင်း စသည်)အား လုပ်ဆောင်ခြင်းမပြုရန်၊

(ဂ) ရေစက်အမှုန်အမွှားများ ထွက်ပေါ်လာနိုင်သည့် ဖော်ပြပါလုပ်ငန်းဆောင်တာများအား မဖြစ်မနေလုပ်ဆောင်ရမည်ဆိုပါက နှာခေါင်းစည်းအပြင် မျက်နှာဖုံးအကာ (Full Face Shield or Goggles) မဖြစ်မနေ ဝတ်ဆင်ရန်၊

(ဃ) သွားနှင့်ခံတွင်းလူနာသည် ကိုယ်ဝန်ဆောင်မိခင်ဖြစ်ပါကလည်းကောင်း၊ အသက်၇၀ နှင့်အထက် (သို့) ပြင်းထန်သော အခြားရောဂါအခံ (ဥပမာ- ဆီးချို၊ နာတာရှည်ရောဂါ) ရှိသည့် လူနာများအားလည်းကောင်း ပုံမှန်ကုသမှုပေးခြင်းမှ ခေတ္တဆိုင်းငံ့ထားရန်၊

(င) မိမိဆေးခန်းရှိ တံခါးလက်ကိုင်များ၊ လူနာနှင့် ထိတွေ့ခွင့်ရနိုင်သည့် အခြားမျက်နှာပြင်များအား သန့်ရှင်းရေးပြုလုပ်ရန်၊

(စ) လူနာအပြင် လူနာနှင့်အတူ လိုက်ပါလာသော အဖော်များအား ကိုယ်အပူချိန်တိုင်းရန်နှင့် ၎င်းတို့ အသုံးပြုနိုင်ရန်အတွက် လက်သန့်ဆေးရည်ထားရှိပေးရန်။

အချုပ်အားဖြင့်ဆိုရသော် သွားနှင့်ခံတွင်းဆရာဝန်များသည် လူနာအား နီးကပ်စွာ ကုသမှုပေးရခြင်းနှင့် သွားဖောက်စက်အသုံးပြုရာမှ ထွက်ပေါ်လာသော ရေစက်အမှုန်အမွှား (aerosol) တို့ကြောင့် 2019-nCov ကူးစက်ခံရနိုင်ခြေများသဖြင့် ဖော်ပြပါအချက်များကို မပျက်မကွက် လိုက်နာစေလိုပါသည်။


**"အတ္တသမာပဏိဓိစ တေမင်္ဂလမုတ္တမံ" "မိမိ၏ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏"** ဟူသော မင်္ဂလာတရားတော်နှင့်အညီ မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရှိ လူအများကိုပါ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အထက်ဖော်ပြပါ အချက်အလက်များကို ကျင့်သုံးလိုက်နာကြရန် တိုက်တွန်းလိုက်ရပါသည်။

သွားနှင့်ခံတွင်းဆရာဝန်များအပါအဝင် ပြည်သူတစ်ရပ်လုံး ကိုဗစ်-၁၉ ဘေး ကင်းဝေးနိုင်ကြပါစေ၊ ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်ကြပါစေ။ ။

ကျမ်းကိုးစာရင်း **1. Peng et al. (2020) Transmission routes of 2019-nCoV and controls in dental practice, International Journal of Oral Science 12:9, https://doi.org/ 10.1038/s41368-020-0075-9**

**2. Meng et al. (2020) Coronavirus Disease 2019 (COVID-19): Emerging and future challenges for Dental and Oral Medicine, Journal of Detnal Research 1 – 7, DOI: 10.1177/ 0022034520914246 journals sagepub.com/home/jdr**

သွားနှင့်ခံတွင်း ဆေးခန်း၊ ဆေးရုံများတွင် 2019-nCoV ကူးစက်နိုင်သောနည်းလမ်းများ




**သွားရောဂါကုသရာတွင် အသုံးပြုသည့် စိန်လွန်သွားပါ သွားဖောက်စက်များသည် တစ်မိနစ်လျှင် အပတ်ရေသုံးသိန်းခန့် လည်သည့်အလျောက် သွားမျက်နှာပြင်နှင့် သွားအတွင်းရှိ ဆဲလ်များ မပျက်စီးစေရန်အတွက် စိန်လွန်သွား(Diamond Burs) လည်သည်နှင့်အမျှ ရေဖျန်းပေးသည့်စနစ်ကို ထည့်သွင်းထားရာ လူနာ၏ သွား၊ တံတွေး၊ သွေးတို့နှင့် သွားဖောက်စက်ထိရာမှ ထွက်ပေါ်လာသော ရေစက်အမှုန်အမွှား(aerosol) တို့မှတစ်ဆင့် သွားနှင့်ခံတွင်းဆရာဝန်တို့အား ကူးစက်နိုင်မှု အလွန်မြင့်မားသဖြင့် အထူးဂရုပြုရပေမည်**

## လက်ပံတန်းကျွန်းကလေးတာဆုံရှိ ခရီးသွားယာဉ်များ တစ်ထောက်နား ဈေးဆိုင်ခန်းများအား ပိုးသတ်ဆေးဖျန်း

**လက်ပံတန်း ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျွန်းကလေးတာဆုံရှိ ခရီးသွားယာဉ်များ တစ်ထောက်နား ဈေးဆိုင်ခန်းများအား ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ကျွန်းကလေးတာဆုံတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် လက်ပံတန်းမြို့နယ် အတွင်းသို့ ဝင်ရောက်မည့် ပြည်တွင်း ပြည်ပခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဈေးဆိုင်များ ဆေးဖျန်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆေးအလေအလွင့်မရှိစေရေး၊ အကျိုးပြုဘက်တီးရီးယားများမထိခိုက်စေရေးနှင့် ပိုးသတ်ဆေးဆိုးကျိုးများ ကင်းဝေးစေရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းက ပြောသည်။

လက်ပံတန်းကျွန်းကလေးတာဆုံရှိ ခရီးသွားယာဉ်များ တစ်ထောက်နား ဈေးဆိုင်ခန်းများအား ပိုးသတ်ဆေးဖျန်းခြင်းကို ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင့်နန္ဒာဌေး

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ(၁)ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ(၁)ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေမှာ (၅၄.၅၈) သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသော တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာအောက်ပါအတိုင်းဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ထားသည်-

| တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(၁-၄-၂၀၂၀) ရက်ရှိ လူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀၀ | ၀.၉၂ | ၁.၉၂ |
| ကယားပြည်နယ် | ၀.၁၆ | ၀.၁၇ | ၀.၃၃ |
| ကရင်ပြည်နယ် | ၀.၇၉ | ၀.၈၂ | ၁.၆၁ |
| ချင်းပြည်နယ် | ၀.၂၅ | ၀.၂၇ | ၀.၅၂ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၆၃ | ၂.၉၆ | ၅.၅၉ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၇၄ | ၀.၇၅ | ၁.၄၉ |
| ပဲခူးတိုင်းဒေသကြီး | ၂.၃၄ | ၂.၆၀ | ၄.၉၄ |
| မကွေးတိုင်းဒေသကြီး | ၁.၈၀ | ၂.၁၃ | ၃.၉၃ |
| မန္တလေးတိုင်းဒေသကြီး | ၃.၀၈ | ၃.၄၆ | ၆.၅၄ |
| မွန်ပြည်နယ် | ၀.၉၄ | ၁.၀၅ | ၁.၉၉ |
| ရခိုင်ပြည်နယ် | ၁.၅၉ | ၁.၇၅ | ၃.၃၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၃.၉၇ | ၄.၄၂ | ၈.၃၉ |
| ရှမ်းပြည်နယ် | ၃.၂၀ | ၃.၂၃ | ၆.၄၃ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀၄ | ၃.၂၃ | ၆.၂၇ |
| နေပြည်တော်ကောင်စီ | ၀.၆၂ | ၀.၆၇ | ၁.၂၉ |
| **စုစုပေါင်းခန့်မှန်းလူဦးရေ** | **၂၆.၁၅** | **၂၈.၄၃** | **၅၄.၅၈** |



# ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် မတ် ၃၁ ရက်က နေပြည်တော်ရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် နေရာအသီးသီးသို့သွားရောက်ပြီး ပြည်ပနိုင်ငံများမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာ(၁)သို့ စစ်ဆေးစဉ် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားချက်အရ မတ် ၂၅ မှ စတင်၍ နိုင်ငံတကာမှ ပြန်လာသောသူများကို ကန့်သတ်စောင့်ကြည့်ခြင်း ပြုလုပ်ရန်ဖြစ်ပါကြောင်း၊ မတ် ၂၅ ရက်မတိုင်မီကာလတွင် ဝင်လာသောသူများကို ၎င်းတို့၏နေအိမ်များတွင်သာ နေထိုင်ရန် ပြုလုပ်ခဲ့ကြောင်း၊ ယခု ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြည့် ထားရှိသည့်နေရာများဖြစ်သည့် ဒက္ခိဏသီရိ ခုတင် ၅၀ ဆံ့ဆေးရုံ၊ ပုဗ္ဗသီရိ ခုတင် ၅၀ ဆံ့ဆေးရုံ၊ ဇေယျာသီရိ ခုတင် ၅၀ ဆံ့ဆေးရုံ၊ ဒက္ခိဏသီရိမြို့နယ် နယူးရောဟိုတယ်နှင့် ဇမ္ဗူသီရိမြို့နယ်၊ စည်ပင်ဧည့်ရိပ်သာတို့ဖြစ်ပြီး ၎င်းတို့အား နေ့စဉ်ကျန်းမာရေးဌာနမှ တစ်ရက်နှစ်ကြိမ် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းလုပ်အားရှင်များ အင်အား ၁၀၀ ခန့်ဖြင့် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းဖြင့် စောင့်ကြပ်ကြည့်သူများအား နေ့စဉ် ကျွေးမွေးမည့် အစီအစဉ်ကို Naypyitaw Covid-19 Volunteer Team က ဆောင်ရွက်ပေးနေကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ မတ် ၃၁ ရက်အထိ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် ဦးရေ ၁၆၅၀ အနက် နေအိမ်၌သာနေထိုင်ရန် ကန့်သတ်မှုအဖြစ် ၁၀၁၅ ဦး၊ ဆေးရုံ၌ ၁၇၄ ဦး၊ ဟိုတယ်၌ ၁၈ ဦး၊ စည်ပင်ဧည့်ရိပ်သာ(၁)၌ ၄၂၄ ဦး၊ စာသင်ကျောင်း၌ သုံးဦး၊ စောင့်ကြည့်ခံရသူဦးရေ စုစုပေါင်း ၁၆၃၄ ဦး၊ သံသယလူနာ တစ်ဦး၊ ပြန်လည်စေလွှတ်သူ ၁၅ ဦးတို့ဖြစ်ပြီး သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုနေရာများတွင် စနစ်တကျ ကျန်းမာရေးစောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့သည် ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြည့်ထားရှိသည့်နေရာများသို့သွားရောက်ပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ သတ်မှတ်ကာလအတွင်း ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့်ကိစ္စများ လိုက်နာမှုရှိရေးကြပ်မတ်ခြင်း၊ လိုအပ်ချက်များညှိနှိုင်းခြင်း၊ ကျန်းမာရေးအခြေအနေ ကြည့်ရှုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေပြည်တော်(ပြန်/ဆက်)**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ကမ္ဘောဇဘဏ်က ရေသယ်ယာဉ်သစ် လှူဒါန်း

**နေပြည်တော် ဧပြီ ၁**

သန့်ရှင်းသောသောက်သုံးရေ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ငွေကျပ် သိန်း ၄၅၀ တန်ဖိုးရှိ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီး ကမ္ဘောဇဘဏ်က အစီး ၅၀ ပြည့်အဖြစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ ဧပြီ ၁ ရက်က



ပင်းတယမြို့၌ ပေးအပ်လှူဒါန်းခဲ့သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ရေသယ်ယာဉ်သစ် လက်ခံရရှိခြင်းအတွက် "ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ ပင်းတယမြို့နယ်နဲ့ ရွာငံမြို့နယ်အတွင်းက နေရာအသီးသီးမှာ ပြည်သူတွေအတွက် စက်ရေတွင်း၊ ရေကန်တွေ တူဖော်ပေးတာ၊ ဆေးရုံဆောက်လုပ်လှူဒါန်းပေးတာ၊ စာသင်ကျောင်းတွေလှူဒါန်းတာအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ကဏ္ဍအသီးသီးမှာ ငွေကျပ် သိန်းပေါင်း ၂၃၀၀၀ ကျော် လှူဒါန်းပေးထားတဲ့ ကမ္ဘောဇဘဏ်ကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇဘဏ်သည် တစ်နိုင်ငံလုံးတွင် ရေသယ်ယာဉ်များလှူဒါန်းထားပြီး ယခုလှူဒါန်းထားသော ရေသယ်ယာဉ်သည် အစီး ၅၀ ပြည့် ရေသယ်ယာဉ်ဖြစ်သည်။ လှူဒါန်းထားသော ရေသယ်ယာဉ်များဖြင့် နိုင်ငံတစ်ဝန်း ရေရှားပါးသော အရပ်ဒေသများတွင် ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်း၍လည်းကောင်း၊ လူမှုရေး ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။

ကမ္ဘောဇဘဏ်သည် ၂၀၀၄ ခုနှစ်မှစတင်၍ နိုင်ငံအနှံ့အပြားရှိ ရေရှားပါးသောဒေသများ၌ အင်္ဂလန်နိုင်ငံမှ ခေတ်မီရေတွင်းတူးစက်ကြီးနှစ်စီး အပါအဝင် ရေတွင်းတူးစက်များဖြင့် ရေတွင်း ၂၆၇ တွင်းကို အောင်မြင်စွာ တူးဖော်ပေးခဲ့ပြီး ရေစုပ်စက်များ၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းပေးခြင်းစသည့် အစီအမံများဖြင့် သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ လက်ရှိတွင် အင်္ဂလန်နိုင်ငံထုတ် ခေတ်မီရေတွင်းတူးစက်သစ်ကြီး နှစ်စီးဖြင့် ချင်းပြည်နယ် ဟားခါးနှင့် ရှမ်းပြည်နယ် အောင်ပန်းမြို့တို့တွင် တူးဖော်လျက်ရှိပြီး ရေရှားပါးသည့် မကွေးတိုင်းဒေသကြီးတွင် ဆက်လက်တူးဖော် လှူဒါန်းသွားသွားမည်ဖြစ်သည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်ကုသရေးအတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ CE Standard PPE ဝတ်စုံများ၊ ဆေးရုံသုံး N95 နှာခေါင်းစည်းများ၊ Hand Gel ဘူးများအပါအဝင် ဆေးရုံသုံးပစ္စည်းများကို တရုတ်နိုင်ငံမှ ကုန်းလမ်းဖြင့်တိုက်ရိုက်မှာယူ လှူဒါန်းလျက်ရှိသည့်အပြင် လေကြောင်းဖြင့်ပါ အမြန်သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘောဇဘဏ်က ရှမ်းပြည်နယ် အစိုးရနှင့်ပူးပေါင်း၍ ဆန် သုံးပြည်၊ ဆီ တစ်ဘူး၊ ကုလားပဲ ၅၀ ကျပ်သားပါဝင်သော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို အရေးပေါ် လိုအပ်လာပါက လှူဒါန်းသွားရန် အသင့်ပြင်ဆင်ထားသည်။ ကမ္ဘောဇဘဏ်သည် ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ကျပ်ငွေ ၁၆၂ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုဇော်**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) Website www.nlm.gov.mmမှ စာကြည့်တိုက်ပိုင် e-Resources များကို Online အသုံးပြုရှာဖွေခြင်းဝန်ဆောင်မှု ဧပြီ ၃ ရက်မှ စတင်အသုံးပြုနိုင်မည်

**ရန်ကုန် ဧပြီ ၁**

အများပြည်သူအနေဖြင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) Website www.nlm.gov.mm တွင် ဝင်ရောက်၍ စာကြည့်တိုက်ပိုင် e-Resources များကို ဧပြီ ၃ ရက်မှ စတင်၍ Online မှ ရှာဖွေအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ စုဆောင်းထားသော စာပေပစ္စည်းများ၏ စာရင်းအချက်အလက်များကို အမျိုးသားစာကြည့်တိုက် Website Homepage မှ Resources ရှိ Online စာရင်း (Online Public Access Catalogue)တွင် အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်သည်။

ထို့ပြင် စာကြည့်တိုက် Website တွင် အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် ဒစ်ဂျစ်တယ်စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာအစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ စာစုများ၊ ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေဆိုင်ရာ စသည့် e-Resources များကို ချိတ်ဆက်ဆောင်ရွက်ထားပြီး စာဖတ်သူများအနေဖြင့် အမျိုးသားစာကြည့်တိုက် Website ရှိ NL e-Resources နှင့် Quick Links တို့တွင် ဝင်ရောက်ရှာဖွေအသုံးပြုနိုင်သည်။

အမျိုးသားစာကြည့်တိုက်အနေဖြင့် Online မှ အများပြည်သူ အသုံးပြုဖတ်ရှုနိုင်ရန် IG Publishing e-Books Database တစ်ခုကို ဆောင်ရွက်ထားရှိပြီး ယင်း Database များမှာ Asian Literature Collection၊ Rare Books on Asian Literature Collection (အာရှဒေသတွင်းနိုင်ငံများဆိုင်ရာစာအုပ်များ)၊ Children Literature Collection; Audio and e-Books (ကလေးစာပေဆိုင်ရာ Audio နှင့် e-Books) များစသည့် electronic resources စုစုပေါင်း ၃၀၀၀၀ ကျော်ကိုလည်း စာဖတ်သူများအနေဖြင့် Online မှ ရှာဖွေအသုံးပြုနိုင်မည်ဖြစ်သည်။ IG Publishing e-Books Databases များကို Online မှ အသုံးပြုရာတွင် လွယ်ကူစေရန် အဆင့်လိုက်ဝင်ရောက်ရမှုများကို Library Portal ရှိ Notice တွင် ရှင်းလင်းဖော်ပြထားသည်။

eTekkaatho ဒစ်ဂျစ်တယ်စာကြည့်တိုက်ဝန်ဆောင်မှုနှင့် Rsearch 4 Life Program Database၊ ProQuest Database စသည့် ဒစ်ဂျစ်တယ်စာစုများကိုမူ အမျိုးသားစာကြည့်တိုက်ဖွင့်လှစ်သည့်အခါတွင် စာကြည့်တိုက်သို့ လူကိုယ်တိုင် လာရောက်ရှာဖွေအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းယောင်းမြို့နယ် ကျေးရွာအချို့၌ အဝင်အထွက်ကန့်သတ်မှုများ ပြုလုပ်

**မိုင်းယောင်း မေ ၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မိမိကျေးရွာအတွင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်း မရှိစေရေးအတွက် ရပ်မိရပ်ဖနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ညှိနှိုင်းပြီး ကျေးရွာအဝင်အထွက် ကန့်သတ်မှုကို ယနေ့မှစ၍ ဆောင်ရွက်နေကြောင်း သိရသည်။



လူအဝင်အထွက် စစ်ဆေးခြင်းနှင့် နေအိမ်၌သာ နေထိုင်ခြင်း ဆောင်ရွက်နိုင်ရန်၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများရှိပါက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်၊ လတ်တလောကာလအတွင်း မိမိကိုယ်တိုင်၊ မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်တွင် ခရီးသွားရာဇဝင်ရှိပြီး ကိုယ်ပူဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းဖြစ်ပွားမှုများရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ခြင်း၊ သွားရောက်ပြသခြင်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေး အသိစိတ်ဖြင့် ပြည်သူများ ကိုယ်တိုင်ပြုလုပ် ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများ၌ ထားရှိပြီး အသွားအလာ ကန့်သတ်နေရာလည်း ပြင်ဆင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

■



# လှိုင်လင်မြို့မှ ဆရာတော်များက ရဟတ်ယာဉ်ဖြင့် ပရိတ်တရားတော်များရွတ်ပွား

**လှိုင်လင် မေ ၁**
လတ်တလောဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန်နှင့် အခြားသော သဘာဝဘေးအန္တရာယ်အပေါင်းမှ ကင်းလွတ်စေရန် ရည်ရွယ်၍ လှိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက်ဆရာတော်၊ ရတနာစည်ကျောင်းတိုက်ဆရာတော်နှင့် ဓမ္မစေတီကျောင်းတိုက်ဆရာတော်တို့သည် ပြည်သူပြည်သားအပေါင်း အေးချမ်းသာယာရှိကြစေရန် မေတ္တာတရားရှေ့ထားကာ ယနေ့နံနက် ၁၀ နာရီက နမ့်စန်လေတပ်မှ ရဟတ်ယာဉ်ဖြင့် လှိုင်လင်-ပင်လုံ-မိုင်းပွန်မြို့များကို ပရိတ်တရားတော်များရွတ်ပွားခြင်း၊ ပရိတ်ရေပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# တရုတ်-မြန်မာ နှစ်နိုင်ငံ လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်အမှတ်(၂)ကို တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မှု ယာယီပိတ်လိုက်ပြီဖြစ်

**ဗန်းမော် မေ ၁**
ကချင်ပြည်နယ် လွယ်ဂျယ်မြို့သည် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်ပြီး ဝင်/ထွက်သွားလာသည့် ဂိတ်ပေါက် နှစ်ပေါက်ရှိသည်။ လူဝင်/လူထွက်စစ်ဆေးရေးဂိတ် အမှတ်(၁)ကို ဖေဖော်ဝါရီလ အစောပိုင်းက ပိတ်ထားပြီး ဂိတ်အမှတ်(၂)၌သာ လူဝင်/လူထွက်နှင့် ကုန်သွယ်စီးဆင်းမှုကို ခွင့်ပြုလျက်ရှိရာ ယခု မေ ၁ ရက် နံနက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံသားများအနေဖြင့် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မှုကို ယာယီပိတ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံဘက်သို့မြန်မာနိုင်ငံသားများ ဝင်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း ကုန်သွယ်မှုအနေဖြင့် ကြံ၊ ငှက်ပျောနှင့် ဖရဲတို့ တင်ဆောင်သည့် ယာဉ်ကြီးများကို ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ယာဉ်တစ်စီးလျှင် မြန်မာနိုင်ငံသား ယာဉ်မောင်းတစ်ဦးသာ တရုတ်စစ်ဆေးရေးဂိတ်၊ အကောက်ခွန်ဌာနအထိ ၂၄ နာရီအတွင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသော တရုတ်နိုင်ငံသားများအား တရုတ်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး တရုတ်နိုင်ငံအတွင်း ၁၄ ရက် စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအတွင်း ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ၎င်းတို့ဆန္ဒအတိုင်းနေထိုင်လိုပါက ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုပါက ထွက်ခွာခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။



တရုတ်နိုင်ငံအတွင်း ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် (BP)စာအုပ်သက်တမ်းတိုးရန် မြန်မာနိုင်ငံသို့ ထွက်ခွာခွင့်မပြုဘဲ တရုတ်နိုင်ငံအစီအစဉ်ဖြင့် သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တရုတ်နိုင်ငံသားများ အထူးအခြေအနေမရှိပါက ထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

**ကိန်းဖြူ (ပြန်/ဆက်)**




# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေများ၊ အစားအသောက်များ၊ အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရေး မေ ၁**
ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူငွေများ၊ အစားအသောက်များ၊ အထောက်အကူပြုပစ္စည်းများကို ရေးမြို့နယ်ရှိ ဖွင့်လှစ်ထားသည့် စောင့်ကြည့်ရေးစခန်းအသီးသီးတို့တွင် မတ် ၂၃ ရက်မှစပြီး လှူဒါန်းမှုများဆောင်ရွက်ခဲ့ကြသည်။

ရေးမြို့နယ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးအား အတူတကွ တွန်းလှန်နိုင်ရေးအတွက် သံဃာတော်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်း၍ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိသူများအား လက်ခံဖွင့်လှစ်ထားရှိသည့် စောင့်ကြည့်ရေးစခန်းအသီးသီးတွင် ခြင်ထောင်များ၊ အာဟာရဖြည့်စွက်စာများ၊ ထမင်းဟင်းနှင့် အစားအသောက်များ၊ အလှူငွေများ၊ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

# လမ်းမတော်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တတိယအကြိမ် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁**
ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ UMFCCI က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် အလှူငွေကျပ် သိန်း ၁၀၀၀ မတည်လှူဒါန်းထားသော ရန်ပုံငွေသို့ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ပါဝင်လှူဒါန်းလာရာ တတိယအကြိမ်မြောက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့တွင် UMFCCI အသင်းချုပ်၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အလှူရှင်များက ပေးအပ်သည့် အလှူငွေနှင့် အလှူပစ္စည်းများ လက်ခံရယူ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် Medi Power Co.,Ltd. မှ ဒေါက်တာ စောလှထွန်းက အလှူရှင်များအားလုံးကိုယ်စား လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ရန်ပုံငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် အသုံးပြုရန် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို မှာယူဝယ်ယူလျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ အလျင်မြန်ဆုံး သွားရောက်လှူဒါန်းမည် ဖြစ်သည်။

ယင်းနေ့က လှူဒါန်းရရှိခဲ့သော အလှူငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၅၆၅၅၀၀၀၀ ရရှိခဲ့ပြီး စုစုပေါင်း အလှူငွေနှင့် အလှူပစ္စည်းတန်ဖိုးပေါင်း ငွေကျပ် ၄၅၁၅ သိန်း ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပုဂ္ဂလိကဆေးရုံများမှတာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး

**ရန်ကုန် မေ ၁**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး တိုးမြှင့် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကဆေးရုံများဘက်မှ လိုအပ်နေသည့်ပညာရှင်များ၏လုပ်အားဒါန၊ လိုအပ်နေသည့် ဆေးရုံသုံးပစ္စည်းများကို ကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ကုသရေးအပိုင်းများတွင် အခြားနိုင်ငံများ၏ ဖြစ်စဉ်များကို သာဓကယူ၍ မိမိတို့ဘက်မှ ဂရုတစိုက် သေချာစွာ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဒီအချိန်ဒီကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဆေးရုံများမှတာဝန်ရှိသူများဘက်မှလည်း ဘယ်နေရာကနေ ဘာတွေလှူမလဲ၊ ဘယ်အခန်းကဏ္ဍကနေ ကူညီဆောင်ရွက်ပေးနိုင်မလဲသိချင်ပါကြောင်း၊ ယခုတစ်ပါတည်း လှူဒါန်းရန်၊ ကူညီရန် တင်ပြနိုင်သလို ယခုဆုံးဖြတ်၍မရပါကလည်း မိမိတို့ တိုင်းကျန်းမာရေးဌာနတွင် call center ဖွင့်လှစ်ထားသည့်အတွက် ထိုမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍တက်ရောက်လာကြသော ပုဂ္ဂလိကဆေးရုံများက ဆေးရုံသုံးပစ္စည်းများနှင့် လိုအပ်နေသည့်ခုတင်များကို လှူဒါန်းရန်စာရင်းပေးသွင်းလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကဆေးရုံပေါင်း ၆၀ ခန့်ရှိရာ ယခု ဆွေးနွေးပွဲသို့ ၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကွင်းဆင်းစစ်ဆေး

**ကလိန်အောင် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ကန့်သတ်စောင့်ကြည့်မည့်နေရာ၌ ထားရှိသော ပြည်ပနိုင်ငံမှ ပြန်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်ရေးအတွက် မတ် ၃၁ ရက် ညနေ ၃ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ကလိန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ကန့်သတ်စောင့်ကြည့်မည့်နေရာ၌ ထားရှိသော ပြည်ပနိုင်ငံမှ ပြန်လာသူများအား ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်ရေးအတွက် ၁၄ ရက်တာ စောင့်ကြည့်ကာ ကျန်းမာရေးစစ်ဆေးပြီး အခြေအနေကောင်းမွန်ပါက မိမိသက်ဆိုင်ရာ ကျေးရွာသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်းနှင့် အစားအသောက်နှင့် နေရေးထိုင်ရေး လိုအပ်ချက်ကိစ္စရပ်များကို မေးမြန်းပြီး သက်ဆိုင်ရာဌာနများအား လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်နှင့် အားပေးစကားများ ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလိန်အောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယလူနာတွေ့ရှိပါက အဆောင်များ ပြင်ဆင်ထားရှိမှုနှင့် အခန်းများလုံလောက်ခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကာ တာဝန်ခံဆရာဝန် ဒေါက်တာထွန်းထွန်းအောင်က ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မိုးမိုးခိုင်(ပြန်/ဆက်)**



# ကျန်းမာရေးစောင့်ကြည့်မှုစခန်းများအဖြစ် ဆောင်ရွက်မည့်နေရာများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၁**



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်နှင့် အတူ မတ် ၃၁ ရက် နံနက်ပိုင်းက ကော့ကရိတ် မြို့နယ်နှင့် မြဝတီမြို့နယ်တို့တွင် နေရပ်ပြန်လာကြသည့် ပြည်ပမှ ဝင်ရောက်လာသူများအား သီးခြားထားရှိရန် ကျန်းမာရေး စောင့်ကြည့်မှု စခန်းများ အဖြစ် ဆောင်ရွက်မည့် နေရာများအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့ကရိတ် မြို့နယ်၊ ကျုံဒိုးအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လှိုင်ဝကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း လှိုင်ဝကျေးရွာတို့အား ကျန်းမာရေး စောင့်ကြည့်မှု စခန်းအဖြစ် ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ပြီး မြဝတီမြို့နယ် ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် နေရပ်ပြန်ပြည်သူများအား သီးခြားထားရှိနိုင်ရေး ကျန်းမာရေးစောင့်ကြည့်မှု စခန်းများအဖြစ် ဆောင်ရွက်နိုင်ရေး ကြည့်ရှုခဲ့သည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အများပြည်သူနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ပြီး နေရပ်ပြန်ပြည်သူများအား သီးခြားထားရှိမည့် ကျန်းမာရေး စောင့်ကြည့်မှုစခန်းများတွင် ရေ၊ မီးနှင့် အခြားလိုအပ်သည်များအား စီမံထားရှိပေးရန်၊ ၁၄ ရက်တာကာလအတွင်း ကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပေးကြရန်၊ ပြည်သူပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နေရပ်ပြန်ပြည်သူများအနေဖြင့် နိုင်ငံအတွက် ၁၄ ရက်ကို ကျန်းမာရေးစောင့်ကြည့်မှု စခန်းများတွင် နေပေးရမည်ဖြစ်သည့်အတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်ပေးကြရန် ပြောကြားသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

**❖ မြန်မာအသင်းမှ**

သက်တမ်းအတိုင်း ယူ-၂၀ နှင့် ယူ-၁၇ ပြိုင်ပွဲအဖြစ် ပြောင်းလဲ ကျင်းပမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အသက်ကန့်သတ်ချက် အပြောင်းအလဲကို လာမည့် အကြိမ်တွင် စတင်မည်ဖြစ်ပြီး ပုံမှန်အရ ယင်းပြိုင်ပွဲနှစ်ခုကို ၂၀၂၀ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း အသက်ကန့်သတ်ချက် အပြောင်းအလဲနှင့်အတူ ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပမည့် ၂၀၂၂ ခုနှစ်သို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို အာရှ ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ၊ အာရှ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲကို အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ၂၀၂၂ အာရှ ယူ-၂၀ အမျိုးသမီးပြိုင်ပွဲအတွက် ပထမအဆင့် ခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ် မတ် ၆ ရက်မှ ၁၄ ရက်အထိ၊ ဒုတိယအဆင့် ခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပွဲစဉ်များကိုမူ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ၂၀၂၂ အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲအတွက် ပထမ အဆင့် ခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ် ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ၊ ဒုတိယအဆင့်ခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပွဲစဉ်များကိုမူ ၂၀၂၂ ခုနှစ် ဧပြီ ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာလူငယ် အမျိုးသမီးအသင်းများသည် ယင်းပြိုင်ပွဲများတွင် နှစ်စဉ်ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အာရှ ယူ-၁၉/၂၀ ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ်၌ ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်၌ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ မြန်မာအသင်းသည် အာရှယူ-၁၉/၂၀ ပြိုင်ပွဲနောက်ဆုံးအဆင့်တွင် လေးကြိမ်ယှဉ်ပြိုင်ခွင့်ရထားပြီး အာရှ ယူ-၁၆/၁၇ ပြိုင်ပွဲတွင် တစ်ကြိမ်သာ ယှဉ်ပြိုင်ခွင့်ရထားသည်။ ၂၀၁၉ အာရှ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပေ။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

**❒ ပျဉ်းမနားမြို့နယ်မှ**

ဦးဇော်ဖြိုးအောင်နှင့် ဝန်ထမ်းများက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်တွင် စာအုပ်စာစောင်များ လာရောက်ငှားရမ်းသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်း၊ ကျေးရွာအတွင်း ပညာပေးပိုစတာများကပ်ခြင်းနှင့် နည်းလမ်းမှန် လက်ဆေးခြင်းသရုပ်ပြမှုတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( င ) မှတ်ပုံတင်လက်မှတ်ကို အပြီးအပိုင် ပယ်ဖျက်ခြင်း။

**အခန်း(၁၄)**

**အယူခံဝင်ခြင်း**

၃၆။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၅၊ ၂၇၊ ၂၉၊ ၃၁နှင့် ၃၂ တို့အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို လည်းကောင်း၊ ပုဒ်မ ၃၅ အရ ချမှတ်သည့်အမိန့်ကိုလည်းကောင်း ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၇။ ပုဒ်မ ၃၆ အရ အယူခံလျှောက်ထားလာလျှင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၃၈။ ပုဒ်မ ၃၇ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

**အခန်း(၁၅)**

**ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း**

၃၉။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါ ရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်သည်-

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အထွေထွေဝန်ဆောင်မှုများမှ ကောက်ခံရရှိငွေများ၊

( ခ ) ပြည်တွင်း၊ ပြည်ပရှိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စေတနာရှင်များက ကောင်စီသို့ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

( ဂ ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၄၀။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

၄၁။ ကောင်စီသည် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့၊ ရုံးအဖွဲ့နှင့် လုပ်ငန်းကော်မတီတို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၄၂။ ကောင်စီသည် မိမိပိုင် ရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိပိုင်ရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

**အခန်း(၁၆)**

**တားမြစ်ချက်များ**

၄၃။ မည်သူမျှ ဤဥပဒေအရကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ရယူထားခြင်းမရှိဘဲ မည်သည့်ဘူမိသိပ္ပံပညာဆိုင်ရာ လုပ်ငန်းကိစ္စရပ်ကိုမျှ တာဝန်ခံအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။ အဆိုပါကိစ္စရပ်သည် အစိုးရဌာနများ၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

၄၄။ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီမျှ ဘူမိသိပ္ပံပညာဆိုင်ရာလုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် မဟုတ်သူကို မိမိတို့၏ လုပ်ငန်းများတွင် ဘူမိသိပ္ပံပညာဆိုင်ရာ တာဝန်ခံအဖြစ် ခန့်အပ်တာဝန်ပေးခြင်းမပြုရ။

၄၅။ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမျှ-

(က) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် ခွင့်ပြုထားသည့် ဘူမိသိပ္ပံပညာ လုပ်ငန်းကိစ္စရပ်များထက် ပိုမိုကျော်လွန်လုပ်ဆောင်ခြင်း မပြုရ၊

( ခ ) မိမိအား ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်းမပြုရ၊

( ဂ ) သက်တမ်းကုန်ဆုံးနေသော မှတ်ပုံတင်လက်မှတ်ဖြင့် မည်သည့်ဘူမိသိပ္ပံပညာ လုပ်ငန်းကိစ္စရပ်များကိုမျှ ဆောင်ရွက်ခြင်းမပြုရ၊

(ဃ) မှတ်ပုံတင်လက်မှတ်ပါ သတ်မှတ်ထားသော စည်းကမ်းများကို ဖောက်ဖျက်ခြင်း မပြုရ။

၄၆။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ မိမိရရှိသည့် အဆင့်အတန်းနှင့် ညီညွတ်သက်ဆိုင်မှု မရှိသော အခေါ်အဝေါ်စကားရပ်များကို မိမိ၏ အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်း မပြုရ။

၄၇။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ ကောင်စီက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ အပြီးအပိုင် ပယ်ဖျက်ခြင်းခံရသည့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်း၊ ပယ်ဖျက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

**အခန်း(၁၇)**

**ပြစ်ဒဏ်များ**

၄၈။ မည်သူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၄၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၁၀၀ ထက် မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၀။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ပုဒ်မ ၃၅ ပါ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူဆောင်ရွက်ရမည်။ အဆိုပါ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၁။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၂။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

**အခန်း(၁၈)**

**အထွေထွေ**

၅၄။ ပြည်တွင်း၊ ပြည်ပအစိုးရ အသိအမှတ်ပြုတက္ကသိုလ်၊ ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာဘွဲ့ရရှိထားသူ သို့မဟုတ် ဘွဲ့ရရှိပြီး အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော လုပ်ငန်း အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဝန်ထမ်းအဖြစ်လည်းကောင်း၊ တစ်သီးပုဂ္ဂလအဖြစ်လည်းကောင်း၊ ဘူမိသိပ္ပံပညာရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် လက်ရှိလုပ်ကိုင် ဆောင်ရွက်နေဆဲ နိုင်ငံသားများ၊ ပြည်တွင်းတွင် လုပ်ကိုင်နေသူ နိုင်ငံခြားသားများက မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို လျှောက်ထားလာပါက ဤဥပဒေနှင့်အညီ စိစစ်ပြီး လျှောက်ထားသူ၏ အရည်အချင်းနှင့် ကိုက်ညီသည့် မှတ်ပုံတင်လက်မှတ်ကို ကောင်စီက ထုတ်ပေးနိုင်သည်။

၅၅။ ကောင်စီသည်-

(က) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

(ခ) ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်ဆောင်ရွက် ဆုံးဖြတ်နိုင်သော အဖွဲ့အစည်းဖြစ်သည်။

၅၆။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ပါက ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၅၇။ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် နာယကအဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက ခန့်အပ်တာဝန်ပေးသည့် ပြင်ပပုဂ္ဂိုလ်များသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၈။ ဤဥပဒေသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပါ အင်ဂျင်နီယာပညာရှင်များအတွက် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ထိခိုက်မှု မရှိစေရ။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ကောင်စီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နွေစပါး ပျိုးနုတ်သူများ အဆင်ပြေ

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် နွေစပါးစတင်စိုက်ပျိုးလျက်ရှိရာ ပျိုးနုတ်သူများ ဝင်ငွေရှင်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပျိုးနုတ်သူများမှာ အစုအဖွဲ့အလိုက် စုပေါင်းလုပ်ကိုင်ပြီး ပျိုးချခြင်း ဝန်ဆောင်မှုပါ တွဲဖက်လုပ်ဆောင်ပေးလာသည်။ ပျိုးနုတ်ရာတွင် အနည်းဆုံး လူ ၁၀ ဦးခန့် အစုအဖွဲ့ ပါဝင်သည်။ လုပ်အားခအနေဖြင့် ပျိုးအစည်း ၁၀၀ လျှင် ငွေကျပ် ၁၅၀၀ ရရှိပြီး တစ်နေ့လုပ်အားခငွေကျပ် ၂၀၀၀၀ ကျော် ရရှိသည်။ ပျိုးနုတ်သူများမှာ ပျိုးချသည့် ဝန်ဆောင်မှုပါ တွဲဖက်လုပ်ဆောင်သည်။ ပျိုးချသည့်အကွာအဝေးနီးပါက ပျိုးနုတ်ခြင်း၊ ပျိုးချခြင်းအတွက် ပျိုးတစ်စည်းကို ငွေ ၁၅ ကျပ် ရရှိသည်။

ပျိုးနုတ်လုပ်ငန်းမှာ ရာသီပေါ် ပြုလုပ်ရသော လုပ်ငန်းဖြစ်ပြီး အများဆုံး တစ်လကျော်သာ လုပ်ကြရသည်။ ပျိုးနုတ်ခြင်းကို အစုအဖွဲ့အလိုက်ပြုလုပ်သည့်အတွက် တောင်သူများက ပျိုးနုတ်ရက်ကို ရက်ချိန်းယူကာ ကြိုတင်ဆက်သွယ်ကြသည်။

လက်ရှိကာလ နွေစပါးစိုက်ပျိုးချိန်တွင် ပျိုးနုတ်သူများ ဝင်ငွေရှင်ကာ အဆင်ပြေလျက်ရှိကြောင်း သရက်တန်းကျေးရွာမှ ပျိုးနုတ်လုပ်သား ကိုလှမင်းက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**



ကိုဗစ်-၁၉ ကာကွယ်ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း (ခ) ဦးရာဇာဦးဆောင်၍ မေ ၁ ရက် နံနက် ၁၀ နာရီမှစ၍ မင်္ဂလာတောင်ညွန့် ကြက်ခြေနီ တပ်ဖွဲ့၊ လင်းလက်ပရဟိတအသင်းတို့ ပူးပေါင်း၍ ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ဦးဘချိုလမ်းမကြီးအား ကတ္တရာခင်း

**မြောင်းမြ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ကို ခရိုင်မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာရေးနှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများကင်းရှင်းရေး ဦးတည်၍ မြို့တွင်းအဓိကလမ်းမကြီးဖြစ်သည့် ဦးဘချိုလမ်းအား ကတ္တရာခင်းခြင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဦးဘချိုလမ်းအား ကတ္တရာခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၉၀၀ ဖြင့် ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး (၁)လမ်းမှ (၁၂)လမ်းအထိ အရှည် ၃၇၇၂ ပေ၊ လမ်းအကျယ် ၂၈ ပေမှ ၄၄ ပေ အထိရှိကာ လာမည့်မိုးရာသီမရောက်မီကာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**အောင်မင်း**
**(မြောင်းမြ)**



# ရုရှားသမ္မတ ပူတင်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့သည့် သမားတော် ကိုဗစ်-၁၉ ကူးစက်ခံရ

**မော်စကို မေ ၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့သည့် ဆရာဝန်တစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။ သမ္မတ ပူတင်၏ကျန်းမာရေးမှာ ချို့ယွင်းမှုတစ်စုံတစ်ရာ မရှိပါကြောင်း ရုရှားသမ္မတရုံးက ပြောသည်။

သမ္မတ ပူတင်သည် မတ် ၂၄ ရက်က မော်စကိုမြို့တော်ရှိ ကိုရိုနာဗိုင်းရပ်စ် လူနာများကို ကုသပေးနေသည့် ဆေးရုံတစ်ရုံသို့ သွားရောက်ခဲ့သည်။ အဆိုပါဆေးရုံ၏ အကြီးအကဲမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည်ကို တွေ့ရှိခဲ့ကြောင်း ရုရှားမီဒီယာများက မတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။ သမ္မတပူတင် အကာအကွယ်ဝတ်စုံ မဝတ်ဆင်မီ ယင်းဆရာဝန်က ပူတင်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့သည်။

သမ္မတ ပူတင်၏ခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့် မော်စကိုမြို့တော်ဝန်တို့လည်း အတူလိုက်ပါလာခဲ့ပြီး အထက်ပါ ဆရာဝန်နှင့် ကုသမှုများ၊ အခြားကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ယခုအခါ သီးသန့်ခွဲ၍ နေထိုင်နေကြောင်း အဆိုပါသမားတော်က လူမှုမီဒီယာ၌ ဝန်ခံခဲ့သည်။ သမ္မတ ပူတင်က ပုံမှန်ဆိုသလို စစ်ဆေးမှုများခံယူပြီး ကျန်းမာရေးကောင်းမွန်ကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပတ်ရှ်ကော့ဗ်က ပြောကြားသည်။ ရုရှားနိုင်ငံတွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် သိသိသာသာမြင့်တက်လာခဲ့ပြီး ၂၃၃၇ ဦးအထိ ရောက်ရှိလာကာ ယမန်နေ့ကထက် ၅၀၀ ကျော် ပိုများလာခဲ့သည်။

သီးသန့်ခွဲနေရန် အကြံပြုချက်များကဲ့သို့သော အစီအမံများအား မသိကျိုးကျွန်ပြုသူများကို ထောင်ဒဏ် သို့မဟုတ် ဒဏ်ကြေးငွေများ ချမှတ်မည့် ဥပဒေတစ်ရပ်ကို ရုရှားလွှတ်တော်က မတ် ၂၄ ရက်တွင် အတည်ပြုခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဝေဖန်မှုများ ကြီးထွားလာသဖြင့် ဗိုင်းရပ်စ်စမ်းသပ်စစ်ဆေးမှု ပိုမိုလုပ်ဆောင်ရန် ဗြိတိန်အစိုးရ ကတိပေး

**လန်ဒန် မေ ၁**

အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကိုရိုနာဗိုင်းရပ်စ် ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှု ပြုလုပ်သည့် အရေအတွက် လျော့နည်းသည်ဟု အစိုးရကို ဝေဖန်မှုများထွက်လာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရခြင်း ရှိ၊ မရှိ လူ ၂၅၀၀၀ ကို နေ့စဉ်စစ်ဆေးမှုများ မကြာမီ စတင်ပြုလုပ်မည်ဟု ဗြိတိန်အစိုးရက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယူကေ၌ သေဆုံးသူ စုစုပေါင်း ၁၈၀၀ နီးပါးရှိသည်ဟု နောက်ဆုံးရ ကိန်းဂဏန်းများ ထွက်ပေါ်လာပြီးနောက် ဧပြီလလယ်မှစ၍ လူ ၂၅၀၀၀ ကို နေ့စဉ်စစ်ဆေးရန် ရည်မှန်းကြောင်း အိုးအိမ်ဝန်ကြီး ရောဘတ် ဂျန်နရစ်က စကိုင်းတီဗီသို့ ပြောကြားသည်။ သေဆုံးသူများထဲတွင် အသက် ၁၃ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးပါဝင်ရာ ၎င်းသည် နိုင်ငံအတွင်းမှ အသက်အငယ်ဆုံး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဖြစ်သည်ဟု ဆိုကြသည်။

ရက်အနည်းငယ်အတွင်း လက်ရှိ စစ်ဆေးနိုင်သည့် တစ်နေ့ လူ ၁၂၇၅၀ မှ ၁၅၀၀၀ သို့ တိုးမြှင့်စစ်ဆေးနိုင်မည်ဟု ထင်ကြောင်း၊ ထိုမှတစ်ဆင့် ဧပြီလလယ်တွင် လူ ၂၅၀၀၀ ကို နေ့စဉ်စစ်ဆေးနိုင်မည်ဟု မျှော်လင့်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

ဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် ရှေ့တန်းမှပါဝင်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်စစ်ဆေးမှုမရှိသည့်အပေါ် ဝေဖန်မှုများ ကြီးထွားလျက်ရှိသည်။ လက်ရှိ အာဏာရ ကွန်ဆာဗေးတစ်ပါတီကို ထောက်ခံအားပေးသည့် မီဒီယာများကပင် စမ်းသပ်စစ်ဆေးမှု ဖရိုဖရဲဖြစ်နေမှုကို ရေးသားဖော်ပြခဲ့ကြသည်။

တစ်နေ့လျှင် လူ ၇၀၀၀၀ ကို စမ်းသပ်စစ်ဆေးနေသည့် ဂျာမနီနိုင်ငံနှင့် နှိုင်းယှဉ်ပါက ဗြိတိန်သည် ယခုအချိန်အထိ လူ ၁၄၃၀၀၀ ကျော်ကိုသာ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ထားသည်။ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ကျန်းမာရေးဝန်ကြီး မတ်ဟန်းကောက်တို့အပါအဝင် ဗြိတိန်နိုင်ငံတွင် လူပေါင်း ၂၅၁၅၀ တွင် ဗိုင်းရပ်စ်ပိုး စစ်ဆေးတွေ့ရှိခဲ့သည်။

ယူကေ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများက ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၇၈၉ ဦး ရှိသည်ဟု ဖော်ပြသည်။ သို့သော်လည်း အင်္ဂလန်နှင့် ဝေလ အမျိုးသားစာရင်းအင်းရုံး (ONS) ၏ ထုတ်ပြန်ချက်တွင် အမှန်တကယ်သေဆုံးသူ အရေအတွက်သည် ၂၄ ရာခိုင်နှုန်း ပိုမိုမြင့်မားနိုင်သည်ဟု ဖော်ပြထားသည်။ အစိုးရ၏ ကိန်းဂဏန်းများတွင် ဆေးရုံသို့ ပို့ဆောင်ပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည်ဟု စမ်းသပ်တွေ့ရှိသည့် လူနာများကိုသာ ထည့်သွင်းသည်။ သို့သော်လည်း ONS ၏ ကိန်းဂဏန်းတွင် ကိုဗစ်-၁၉ ကူးစက်မှုရှိသည်ဟု သံသယရှိသည့် လူ့အသိုင်းအဝိုင်းမှ သေဆုံးမှုများ ပါဝင်သည်။

**ကိုးကား -အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းခွင်လုံခြုံရေးရရှိရန် အမေဇုန်ကုမ္ပဏီလုပ်သားများ တောင်းဆို

**နယူးယောက် မေ ၁**

အမေရိကန်နိုင်ငံ အမေဇုန်ကုမ္ပဏီရှိ ဝန်ထမ်းများသည် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းခွင်လုံခြုံရေးရရှိရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။ နယူးယောက်စတေတန်ကျွန်းတွင် ရှိသော အမေဇုန်ကုမ္ပဏီ၏ ကုန်ပစ္စည်းသိုလှောင်ရုံရှိ လုပ်သားများသည် နေ့လယ်စာစားချိန်အပြီးတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းခွင်လုံခြုံရေးအတွက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အမေဇုန်ကုမ္ပဏီတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည့် ဝန်ထမ်းများရှိနေသည်။ "ကျွန်တော်တို့အနေနဲ့ အခုလို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေချိန်မှာ လုပ်သားအများအပြား အလုပ်လုပ်ကိုင်နေတဲ့ အလုပ်ဆိုင်းတွေမှာ အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်နေရပါတယ်၊ အမေဇုန်ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့တွေ၊ ကျွန်တော်တို့ရဲ့ မိသားစုဝင်တွေနဲ့ ပြည်သူလူထုကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးရန်ပျက်ကွက်ခဲ့ပါတယ်"ဟု အမေဇုန်ကုမ္ပဏီလုပ်သားများကို ကိုယ်စားပြုသော အဖွဲ့အစည်း၏ ထုတ်ပြန်ချက်တွင် ရီနာအမည်ရှိ အလုပ်သမားတစ်ဦးက ပြောကြားသည်။




"ကျွန်မတို့ရဲ့ လုပ်ငန်းခွင်မှာ ရောဂါပိုးမွှားတွေပျံ့နှံ့နေပြီး ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ကတည်းက လစာမပေးခဲ့ပါဘူး"ဟု သူက ပြောကြားသည်။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သော အင်စတာကတ်မှ လုပ်သား ၁၅၀၀၀၀ ခန့်သည် မတ်လ ၃၀ ရက်က ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ခရစ်စတီယန်စမောလ် အမည်ရှိ အမျိုးသမီးလုပ်သားတစ်ဦးက ၎င်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသော လုပ်သားတစ်ဦးနှင့် နီးနီးကပ်ကပ်လုပ်ကိုင်ရသောကြောင့် အမေဇုန်ကုမ္ပဏီက ၁၄ ရက်စာ လစာပေးပြီး အိမ်တွင် အနားယူရန် ပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် ကုန်ပစ္စည်းသိုလှောင်ရုံသို့အလုပ်လာဆင်းစဉ် အလုပ်ဖြုတ်ခံရကြောင်း ပြောကြားသည်။

"အမေဇုန်၊ အင်စတာကတ် စတဲ့လုပ်ငန်းတွေကို လုပ်သားတွေရဲ့ အသိပေးလိုက်တဲ့အချက်ကတော့ လုပ်ငန်းရဲ့ အမြတ်အစွန်းအတွက် ဦးတည်ဆောင်ရွက်တာတွေကို ရပ်ဆိုင်းပြီး လုပ်သားတွေရဲ့ ရောဂါကင်းရှင်းရေး ဆောင်ရွက်ပေးဖို့ကို ပြောကြားလိုက်တာပါ"ဟု မက်ပီရှန်းက ပြောကြားသည်။

**ကိုးကား-ယူအက်စ်အေတူဒေး**
**ဘာသာပြန်-စိုးသူရ**

# စပိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၈၄၉ ဦး စံချိန်တင် သေဆုံး

**မက်ဒရစ် မေ ၁**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါတိုက်ဖျက်ရာတွင် အခက်အခဲကြုံတွေ့နေရသည့် စပိန်နိုင်ငံတွင် ယမန်နေ့က ၈၄၉ ဦး စံချိန်တင် သေဆုံးခဲ့ရာ သေဆုံးသူဦးရေ ၈၁၈၉ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကူးစက်ခံရသူ ၉၄၄၁၇ ဦးအထိ မြင့်တက်လာခဲ့သည်။

အားကစားကွင်းများ၊ စာကြည့်တိုက်များ၌ မြေပြင်ဆေးရုံများ တည်ဆောက်လျက်ရှိပြီး ဟိုတယ်ခန်းမများက ပြန်လည်ထူထောင်ရေးခန်းမများ ဖြစ်လာခဲ့သည်။ စပိန်နိုင်ငံ ဒေသကြီး ၁၇ ခုရှိ အထူးကုသဆောင်များတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ လူနာများဖြင့် ပြည့်နှက်နေပြီး ကူးစက်ခံရမှုနည်းပါးသည့်ဒေသများမှ အသက်ရှူကိရိယာများကို အဆိုပါဒေသများသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း ကျန်းမာရေးဌာန အကြီးအကဲ ဒေါက်တာ မာရီ ယာဟိုဆေးဆီရာယာက ပြောသည်။

ပြီးခဲ့သည့်အပတ်က ရေခဲပြင်စကိတ်ကွင်းတစ်ခုကို ပြောင်းလဲခဲ့သည့် ရင်ခွဲရုံတွင် လူသေများပြည့်နေသောကြောင့် ဒုတိယမြောက် ယာယီရင်ခွဲရုံတစ်ခု ဖွင့်လှစ်ခဲ့ရသည်။ ပြန်လည်သက်သာလာသည့် လူနာ ၁၉၂၅၉ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများ၏ ၁၄ ရာခိုင်နှုန်းမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်ပြီး အများစုမှာ အကာအကွယ်ပေးရေးဝတ်စုံ မဝတ်ဆင်ဘဲ လုပ်ကိုင်နေရဆဲဖြစ်သည်။ ပြည်သူများ အသွား၊ အလာပြုလုပ်ခွင့် တင်းကျပ်စွာ ပိတ်ပင်ထားမှုက တိုင်းပြည်၏စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိရာ စပိန်အစိုးရက ယူရို ၆၁၉ သန်းတန် အကူအညီပေးရေးအစီအစဉ် လုပ်ဆောင်မည် ဖြစ်သည်။

အဆိုပါ အကူအညီပေးရေးအစီအစဉ်အရ ပြည်သူများသို့ အတိုးမဲ့ချေးငွေများ ထုတ်ပေးခြင်းနှင့် ငှားရမ်းခမပေးနိုင်သည့် မိသားစုများအား နှင်ထုတ်မှုဆိုင်းငံ့ခြင်းတို့ ပါဝင်ဖွယ်ရှိသည်။

**ကိုးကား-မက်ထရို၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ရေကြီးရေလျှံမှုများ ဖြစ်ပွား

**တီဟီရန် မေ ၁**

အီရန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူ ၂၁ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း အီရန်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ထို့အပြင် ရေကြီးရေလျှံမှုကြောင့် လူ ၂၂ ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး သေကျေဒဏ်ရာရရှိမှုအများစုမှာ နိုင်ငံ၏ တောင်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များတွင် ဖြစ်ပွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ မိုဂျ်တာဘာခါလယ်ဒီက အီရန်ကျောင်းသားများ သတင်းအေဂျင်စီသို့ ပြောကြားသည်။

ရေကြီးရေလျှံမှုများကြောင့် ဖားစ်ပြည်နယ်တွင် လူ ၁၁ ဦး၊ ဟောမော့ဇ်ဂန်နှင့် ကောမ်ပြည်နယ်တွင် သုံးဦး၊ စစ္စတန်နှင့် ဘာလူချစ္စတန်ပြည်နယ်တွင် နှစ်ဦးနှင့် ဘူရှီဟာနှင့် ခူဇက်စတန်ပြည်နယ်တွင် တစ်ဦးစီ သေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

အလားတူပင် အီရန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြီးခဲ့သည့်သီတင်းပတ်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအများဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး အဆိုပါရောဂါထိန်းချုပ်ရေးအတွက် အစိုးရက ကြိုးပမ်းလုပ်ဆောင်နေစဉ် ယခုကဲ့သို့ ရေကြီးရေလျှံမှု ထပ်ပြီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာစုစုပေါင်း ၄၇၅၉၃ ဦးရှိလာပြီး ၎င်းတို့အနက် ၃၀၃၆ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့ကြောင်း နောက်ဆုံးရယူထားသည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ယမန်နှစ် မတ်လနှင့် ဧပြီလက အီရန်နိုင်ငံတွင် အလားတူ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ လူ ၇၆ ဦးထက်မနည်း သေဆုံးခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အေဗီဂန် လက်တွေ့စမ်းသပ်မှုစတင်


**တိုကျို မေ ၁**

ဂျပန်ဆေးဝါးကုမ္ပဏီတစ်ခုက ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာများကို ကုသနိုင်သည့် အလားအလာရှိသော ဆေးဝါးတစ်မျိုးကို လက်တွေ့စမ်းသပ်မှုများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူ ၁၀၀ ခန့်ကို ဗိုင်းရပ်စ်ကာကွယ်ဆေး အေဗီဂန်ဖြင့် လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်မည်ဟု Fujifilm Toyama Chemical ကုမ္ပဏီက ပြောကြားသည်။ စမ်းသပ်မှုမှာ ဇွန်လအကုန်ထိ ကြာမြင့်မည်ဖြစ်သည်။ Fujifilm Toyama Chemical ကုမ္ပဏီသည် လွန်ခဲ့သောခြောက်နှစ်က တုပ်ကွေးဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုးအဖြစ် အေဗီဂန်ကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဆိုးရွားသော ဘေးထွက်ဆိုးကျိုးများ ရှိလာနိုင်မှုကြောင့် အေဗီဂန်ဗိုင်းရပ်စ်ကာကွယ်ဆေးကို အစိုးရ၏ခွင့်ပြုချက်ဖြင့်သာ အသုံးပြုနိုင်ပါသည်။

စမ်းသပ်မှုသည် ထိရောက်မှုရှိပြီး ဘေးအန္တရာယ်ကင်းကြောင်း သက်သေပြပါက ကိုရိုနာဗိုင်းရပ်စ်ကုသမှုတွင် အဆိုပါဗိုင်းရပ်စ်ကာကွယ်ဆေး အသုံးပြုခွင့်ရရှိရန် ကုမ္ပဏီအမှုဆောင်များက စီစဉ်နေသည်။ အေဗီဂန် ဗိုင်းရပ်စ်ကာကွယ်ဆေးဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် လူနာများ၏ အဆုတ်များတွင် တိုးတက်မှုများ တွေ့ရှိခဲ့ကြောင်း တရုတ်နိုင်ငံရှိ သုတေသီများက ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**






# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂ ဦးရှိ

**ဗန်ကောက် မေ ၁**

ထိုင်းနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀ ထပ်မံစမ်းသပ်တွေ့ရှိပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ စုစုပေါင်း ၁၇၇၁ ဦးရှိလာကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**ထပ်မံသေဆုံး**

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ထိုင်းနိုင်ငံတွင် လူနာနှစ်ဦး ယနေ့ထပ်မံသေဆုံးခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၂ ဦးရှိလာကြောင်း သိရသည်။

အဆိုပါ သေဆုံးသူများအနက် ပထမတစ်ဦးမှာ မကြာသေးမီက မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာဆောင် အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့သည့် အသက် ၇၉ နှစ်အရွယ် အမျိုးသားဖြစ်သည်။ အဆိုပါအမျိုးသားသည် နိုင်ငံ၏တောင်ဘက် ယာလာပြည်နယ်တွင် နေထိုင်သူဖြစ်ပြီး ၎င်းမှာ ကျောက်ကပ်ရောဂါအခံရှိကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဆိုင်ရာ ကွပ်ကဲမှုဗဟိုဌာနမှ ပြောရေးဆိုခွင့်ရှိသူ တာဝီးဆင်ဗီဆာနူယိုသင်က ပြောကြားသည်။

ထို့အပြင် သေဆုံးသူ ဒုတိယလူနာမှာ ဗြိတိန်နိုင်ငံမှ လာသော အသက် ၅၀ အရွယ် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ရောဂါကူးစက်ခံရသည့် အဆိုပါလူနာသစ်များတွင် မကြာသေးမီက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့ခဲ့ရာ လုမ္ဗီနီလက်ဝှေ့ အားကစားရုံနှင့် ဖျော်ဖြေရေး နေရာများသို့ သွားရောက်လည်ပတ်ခဲ့သူများ၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် ဘာသာရေးပွဲတော်တစ်ခုသို့ တက်ရောက်ပြီး ယင်းမှ ပြန်လာသူများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ဗီယက်နမ်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ခြောက်ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၁**

မေ ၁ ရက်ဆေးမှတ်တမ်းများအရ ဗီယက်နမ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦး ထပ်မံတွေ့ရှိသည့်အတွက် ကူးစက်ခံရသူ ၂၁၈ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

အသစ်ထပ်မံတွေ့ရှိသော ကူးစက်လူနာခြောက်ဦးသည် ဗီယက်နမ်နိုင်ငံသားများဖြစ်ကြသည်။ ၎င်းတို့အနက် သုံးဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လာသူများဖြစ်ပြီး ကျန်သုံးဦးမှာ ဟနွိုင်းအခြေစိုက် ဘတ်ရှ်မီဆေးရုံ၌ ဗိုင်းရပ်စ်ကူးစက်လူနာများနှင့် ထိတွေ့ဆက်ဆံခဲ့သူများဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် သံသယလူနာ ၄၆၇၁ ဦးရှိပြီး ရောဂါပိုး ရှိ၊ မရှိ စောင့်ကြည့်ခြင်းခံရသူ ၈၀၀၀၀ နီးပါး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဗိုင်းရပ်စ်ပိုးကူးစက်လူနာများအနက် ၆၃ ဦးမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာလျက်ရှိသည်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးမှုမရှိသေးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ဓာတ်ပုံသတင်း



*အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်ရှိ ဘူတာရုံတွင် ကိုရိုနာဗိုင်းရပ်စ် လူနာများအတွက် သီးခြားစောင့်ကြည့်ရေးနေရာများအဖြစ် အသုံးပြုရန် မွမ်းမံထားသော ရထားတွဲဆိုင်းတစ်ခုကို မတ် ၂၉ ရက်က တွေ့ရစဉ်။*

(ကိုရိုနာဗိုင်းရပ်စ်လူနာများအတွက် သီးခြားစောင့်ကြည့်ရေးနေရာများ ပိုမိုများပြားလာစေရန် ရထားတွဲဆိုင်း ၂၀၀၀၀ ကို အသင့်မွမ်းမံပြင်ဆင်ထားကြောင်း အိန္ဒိယမီးရထားဌာနက ပြောကြားသည်။)

ကိုးကား-ဆင်ဟွာ

# ဖိလစ်ပိုင်တွင် ပြည်ထဲရေးဝန်ကြီးအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၁**

ဖိလစ်ပိုင်နိုင်ငံတွင် တစ်ရက်တာအတွင်း ပြည်ထဲရေးဝန်ကြီးအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာသစ် ၂၂၇ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ လူနာစုစုပေါင်း ၂၃၁၁ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖိလစ်ပိုင်နိုင်ငံအတွင်း ဆရာဝန် ၁၇ ဦး အပါအဝင် လူ ၉၆ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် လူနာ ၅၀ ခန့်သည် ၎င်းတို့၏ ရောဂါဝေဒနာမှ ပြန်လည်ကျန်းမာသွားကြောင်း ဖိလစ်ပိုင် ကျန်းမာရေး ဒုတိယဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျီယားက သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့ သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော အဆိုပါလူနာသစ်များတွင် ဖိလစ်ပိုင် ပြည်ထဲရေးဝန်ကြီး အာဒွါဒိုအာနိုလည်းပါဝင်ကြောင်း သိရသည်။ ဝန်ကြီးအနိုသည် ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးလှုပ်ရှားမှုတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သူများအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး ဖိလစ်ပိုင်ကက်ဘိနက်အဖွဲ့ဝင်များထဲတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော ပထမဦးဆုံးလူနာတစ်ဦးဖြစ်လာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အထက်လွှတ်တော်အမတ်သုံးဦး အပါအဝင် ဥပဒေပြုလွှတ်တော်အမတ် အများအပြားရောဂါကူးစက်ခံခဲ့ရပြီး အာနိုသည် ဖိလစ်ပိုင်နိုင်ငံ၏ အဆင့်မြင့်အစိုးရအရာရှိများအနက် ရောဂါနောက်ဆုံး ကူးစက်ခံရသူတစ်ဦးဖြစ်သည်။




ဖိလစ်ပိုင် ကျန်းမာရေး ဒုတိယဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျီယား

ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး မဟာဗျူဟာအစိတ်အပိုင်းအနေဖြင့် သံသယရှိသူများအား ရောဂါစမ်းသပ်စစ်ဆေးမှုနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား သီးသန့်ခွဲ၍ထားခြင်းကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား သီးသန့်ခွဲ၍ နေခိုင်းမည်ဖြစ်ပြီး ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေးစစ်ဆေးခံရပြီး ဆေးရလဒ်စောင့်နေကြသော လူများကိုလည်း ဆေးရလဒ်မရမချင်း သီးသန့်ခွဲ၍ နေခိုင်းမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အစိုးရစီမံချက်ကို အကောင်အထည်ဖော်သူ အကြီးအကဲ ကာလီတိုဂါလ်ဗက်ဇ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# အရှေ့တောင်အာရှမှာ ကိုဗစ်-၁၉ ကူးစက်မှုအမြင့်မားဆုံးရောက်ရှိနေတဲ့ နိုင်ငံ ငါးနိုင်ငံ

အောင်ကျော်ကျော်



ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပိုးသတ်ဆေးဖျန်းနေသည်ကို တွေ့ရစဉ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတွေ ခံစားနေရပါတယ်။ အစိုးရတွေကလည်း ဗိုင်းရပ်စ်ကာကွယ်ရေးနဲ့ပတ်သက်ပြီး နည်းလမ်းမျိုးစုံကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ဆိုးကြီး ကူးစက်ပျံ့နှံ့လျက်ရှိပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲက ရောဂါကူးစက်မှုနဲ့ သေဆုံးမှု အများဆုံးရှိတဲ့ ငါးနိုင်ငံအကြောင်းကို လေ့လာကြည့်ပါမယ်။ ဒီနိုင်ငံတွေမှာ ဗိုင်းရပ်စ်ကူးစက်မှုနဲ့ ပတ်သက်ပြီး အစိုးရတွေက ဘယ်လိုကိုင်တွယ် ဖြေရှင်းနေသလဲဆိုတာ လေ့လာကြည့်ပါစို့။

ဧပြီ ၁ ရက် စစ်တမ်းအရ အရှေ့တောင်အာရှနိုင်ငံတွေမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၇၇၀၀ ကျော်ရှိပါတယ်။ မလေးရှားနိုင်ငံဟာ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာ ကူးစက်ခံရသူ ၂၉၀၈ ဦးရှိပြီး အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံး ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံက ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၁၁ ဦးရှိပြီး ဒေသတွင်းမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ဒုတိယအများဆုံး နိုင်ငံဖြစ်ပါတယ်။ တတိယအများဆုံး နိုင်ငံကတော့ ထိုင်းနိုင်ငံဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၇၁ ဦးရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၇၇ ဦးနဲ့ စင်ကာပူနိုင်ငံမှာ ၉၂၆ ဦး ရှိပါတယ်။

ဒေသတွင်းမှာ သေဆုံးမှုအများဆုံးနိုင်ငံတွေကို ကြည့်မယ်ဆိုရင် အင်ဒိုနီးရှားနိုင်ငံဟာ သေဆုံးသူ ၁၅၇ ဦးရှိပြီး ဖိလစ်ပိုင်နိုင်ငံမှာ ၉၆ ဦး၊ မလေးရှားမှာ ၄၅ ဦး၊ ထိုင်းနိုင်ငံမှာ ၁၂ ဦးနဲ့ စင်ကာပူနိုင်ငံမှာ သုံးဦး ရှိပါတယ်။

### အင်ဒိုနီးရှားနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေ

သေဆုံးမှုအများဆုံးနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို အစိုးရက ဘယ်လိုကိုင်တွယ်လုပ်ဆောင်နေသလဲဆိုတာ လေ့လာကြည့်ပါမယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦးကို မတ် ၂ ရက်မှာ သမ္မတဂျိုကိုဝီဒိုဒိုက အတည်ပြုကြေညာခဲ့ပါတယ်။ ရက်သတ္တပတ်အနည်းငယ်ကြာတဲ့အခါမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေကို ထပ်မံတွေ့ရှိခဲ့ပါတယ်။ မတ် ၂၇ ရက်မှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၀၄၆ ဦးကို တွေ့ရှိခဲ့ပါတယ်။ ယခုကူးစက်မှုအရေအတွက်ဟာ ပထမဆုံးစတွေ့တဲ့အရေအတွက်ထက် ၅၂၃ ဆ တိုးမြင့်လာတာကို တွေ့ရှိရပါတယ်။

လူဦးရေ၂၇၃ ဒသမ ၅၂ သန်းရှိတဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနဲ့ပတ်သက်ပြီး ထိရောက်တဲ့ လုပ်ငန်းဆောင်တာတွေကို စီစဉ်ဆောင်ရွက်မှုမရှိဘူးဆိုရင် ဧပြီလကုန်ပိုင်းမှာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၀၀၀ ကနေ ၇၁၀၀၀ အထိမြင့်တက်လာနိုင်တယ်လို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက သုံးသပ်ပြထားပါတယ်။

ဒါကြောင့် အင်ဒိုနီးရှားအစိုးရက မေ ၂၉ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး အရေးပေါ်အစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ မတ် ၂၀ ရက်ကစပြီး ဂျကာတာတောင်ပိုင်းမှာ ဗိုင်းရပ်စ်စစ်ဆေးမှုတွေကို လုပ်ဆောင်နေပါတယ်။ ကီမာယွန်ရန်အားကစားကျေးရွာ မိုးမျှော်အဆောက်အဦတွေကိုလည်း ဗိုင်းရပ်စ်ကူးစက်ခံလူနာတွေထားရှိဖို့ ယာယီဆေးရုံတွေအဖြစ် ပြောင်းလဲအသုံးပြုလျက်ရှိပါတယ်။ ပြည်သူတွေကိုလည်း အနည်းဆုံး ခြောက်ပေအကွာအဝေးခြားပြီး တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာလေးနေပေးဖို့ အစိုးရအဖွဲ့က တိုက်တွန်းပြောကြားထားပါတယ်။

မတ် ၃၁ ရက်မှာ အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူတွေ လိုက်နာရမယ့် စည်းမျဉ်း၊ စည်းကမ်းတွေကို ချမှတ်ပေးခဲ့ပါတယ်။ ပြည်သူတွေအကြား မဖြစ်မနေလိုက်နာရမယ့် အစိုးရရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေအပါအဝင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်နဲ့ပတ်သက်ပြီး အမိန့်ဒီကရီတစ်ရပ်ကို သမ္မတ ဝီဒိုဒိုက လက်မှတ်ရေးထိုးခဲ့ပါတယ်။

သမ္မတလက်မှတ်ရေးထိုးလိုက်တဲ့ အစိုးရရဲ့ စည်းမျဉ်း၊စည်းကမ်းတွေဟာ ၂၀၁၈ ခုနှစ် ကျန်းမာရေးဆိုင်ရာ သီးခြားစောင့်ကြည့်မှုဆိုင်ရာ ဥပဒေအပေါ် အခြေခံထားတယ်လို့ သိရပါတယ်။ ဒီစည်းမျဉ်းတွေမှာ နိုင်ငံအတွင်းက မြို့တော်တွေအပါအဝင် စီရင်စုအားလုံးမှာ ဘာသာရေးနဲ့ လူမှုရေးဆိုင်ရာ ပွဲတော်တွေကို ပိတ်ပင်ဖို့နဲ့ မရှိမဖြစ် အသုံးအဆောင်တွေဖြစ်တဲ့ ဆေးဝါး၊ အစားအစာတွေကိုပဲ တင်ပို့ရောင်းချခွင့်ပြုထားပါတယ်။ တခြားကုန်ပစ္စည်းတွေ ရောင်းဝယ်ဖောက်ကားတာတွေကို ပိတ်ပင်ထားတယ်လို့ သိရပါတယ်။

နိုင်ငံအတွင်းမှာ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းတွေ ပိုပြီးမြင့်တက်လာမယ်ဆိုရင် အစိုးရအဖွဲ့အနေနဲ့ ပြည်သူတွေကို အပြင်မထွက်ရအမိန့်ချမှတ်ဖို့ ပြင်ဆင်နေတယ်လို့ သမ္မတ ဝီဒိုဒိုက ဆိုပါတယ်။ ရောဂါကူးစက်မှုတွေ မြင့်မားနေတဲ့အချိန်မှာ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ အစိုးရက ကန်ဒေါ်လာ ၁ ဒသမ ၅ သန်း မတည်ထားတယ်လို့ သိရပါတယ်။

ဒ့ါအပြင် နိုင်ငံအတွင်း နိုင်ငံခြားသားဝင်ရောက်မှုတွေကိုလည်း ပိတ်ပင်သွားမှာဖြစ်ပါတယ်။ အခုလို ကိုဗစ်-၁၉ ပျံ့နှံ့မှုကို ကမ္ဘာတစ်ဝန်းလုံး ခံစားနေရချိန်မှာ အင်ဒိုနီးရှားပြည်သူတွေရဲ့ အသက်ရှင်သန်ရေးအတွက် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်သွားဖို့ဟာ အဓိကဖြစ်ပါတယ်လို့ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက ဆိုပါတယ်။

### မလေးရှားနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေ

ဒေသတွင်းမှာ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်တဲ့ မလေးရှားနိုင်ငံမှာ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို အစိုးရအဖွဲ့က ဘယ်လိုကိုင်တွယ် လုပ်ဆောင်နေသလဲဆိုတာ လေ့လာကြည့်ပါမယ်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု စတင်တွေ့ရှိခဲ့တဲ့အချိန်ကစပြီး မလေးရှားအစိုးရအဖွဲ့က ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းတွေကို စတင်လုပ်ဆောင်လျက်ရှိပါတယ်။ ရောဂါပိုးကူးစက်မှုမြင့်မားတဲ့ဒေသတွေမှာ အဖွဲ့လိုက် ပိုးသတ်ဆေးဖျန်းတဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်လျက်ရှိပါတယ်။ ပီရတ်၊ ဆီလန်ဂေါ၊ မီလာကာနဲ့ ဂျိုဟော်မြို့တွေအပါအဝင် ပီနန်း တီရန်ဂါနူးနဲ့ ကီဒက်ပြည်နယ်တွေရဲ့ ဈေးနေရာတွေ၊ ပန်းခြံတွေ၊ စားသောက်ဆိုင်တွေ၊ အများသုံးသန့်စင်ခန်းတွေ၊ ကားမှတ်တိုင်နဲ့ သင်္ဘောဆိပ်ကမ်းတွေ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေ ရဲစခန်းတွေနဲ့ ပြည်သူလူထုနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ ပိုးသတ်ဆေးတွေဖျန်းပြီး ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် လုပ်ဆောင်နေတာ တွေ့ရပါတယ်။

ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် မတ် ၁၈ ရက်ကစပြီး ပြည်သူတွေအကြား ခြောက်ပေခြား ခပ်ခွာခွာနေထိုင်ဖို့နဲ့ အသွားအလာ ကန့်သတ်တာတွေကို စတင်လုပ်ဆောင်လျက်ရှိပါတယ်။ ဒ့ါအပြင် သွားလာမှုကန့်သတ်ထိန်းချုပ်ထားတဲ့ အစိုးရအဖွဲ့ရဲ့ စည်းမျဉ်းတွေမှာ လူစုလူဝေးပြုလုပ်ခြင်းကို ရှောင်ကြဉ်ဖို့၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ပွဲတော်တွေနဲ့ အားကစားပြိုင်ပွဲတွေ ကျင်းပဖို့ကို ပိတ်ပင်ထားတယ်လို့ သိရပါတယ်။ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း ယာယီပိတ်ပင်ထားပါတယ်။ ပြည်သူတွေကိုလည်း နေအိမ်အတွင်းမှာသာ နေထိုင်ဖို့ အစိုးရအဖွဲ့က တိုက်တွန်းပြောကြားထားပါတယ်။ အစိုးရအဖွဲ့က ချမှတ်ထားတဲ့ ဒီစည်းကမ်းတွေဟာ ဧပြီ ၁၄ ရက်အထိ အသက်ဝင်မှာဖြစ်ပါတယ်။

မလေးရှားပြည်သူတွေ စည်းကမ်းလိုက်နာမှုရှိ၊ မရှိကို မောင်းသူမဲ့လေယာဉ်တွေကို အသုံးပြုပြီး စောင့်ကြည့်သွားမယ်လို့ ရဲချုပ် အဒူလာ ဟာမစ် ဘာဒါက ဆိုပါတယ်။ လက်ရှိအချိန်အထိ စည်းကမ်းချိုးဖောက်သူ ၆၄၉ ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားတယ်လို့ သိရပါတယ်။ မလေးရှားနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၉၀၈ ဦးရှိပြီး သေဆုံးသူ ၄၅ ဦးရှိပါတယ်။

### ဖိလစ်ပိုင်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေ

အရှေ့တောင်အာရှနိုင်ငံတွေမှာ ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံးဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံအကြောင်းကို ဆက်လက်လေ့လာကြည့်ပါမယ်။

ဖိလစ်ပိုင်နိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူကို ဇန်နဝါရီ ၃၀ ရက်မှာ စတင်တွေ့ရှိခဲ့ပါတယ်။ ဒုတိယကူးစက်ခံလူနာကိုတော့ ဖေဖော်ဝါရီ ၂ ရက်မှာ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ ကူးစက်မှုနှုန်းဟာ တဖြည်းဖြည်းမြင့်တက်လာပြီး မတ် ၃၁ ရက် တစ်ရက်ထဲမှာ ကူးစက်ခံလူနာ ၅၃၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ဧပြီ ၁ ရက် ဆေးမှတ်တမ်းအရ နိုင်ငံအတွင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၁၁ ဦးရှိပြီး ၉၆ ဦး သေဆုံးသွားပြီဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေထဲက လူနာ ၅၀ ဟာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာတယ်လို့ သိရပါတယ်။

ဖိလစ်ပိုင်အစိုးရအနေနဲ့လည်း ဗိုင်းရပ်စ်ကူးစက်မှုကာကွယ်ရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ တရုတ်၊ ဟောင်ကောင်၊ မကာအိုနဲ့ တောင်ကိုရီးယားနိုင်ငံတွေကို ခရီးသွားလာမှုတွေ ပိတ်ပင်ထားပါတယ်။ မတ် ၉ ရက်မှာ သမ္မတ ဒူတာတေးက ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခဲ့ပါတယ်။ နိုင်ငံအတွင်း ခရီးသွားလာမှု ကန့်သတ်တာတွေကို ဧပြီ ၁၄ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။

လက်ရှိအချိန် ဖိလစ်ပိုင်နိုင်ငံမှာ ရောဂါကူးစက်မှုနဲ့ သေဆုံးမှုနှုန်းဟာ လျော့ကျခြင်းမရှိသေးတဲ့အတွက် တရုတ်ဆေးပညာရှင်အဖွဲ့က လာရောက်ကူညီထောက်ပံ့ပေးမယ်လို့လည်း သိရပါတယ်။ နိုင်ငံအတွင်းမှာ ရောဂါပိုးရှိ၊မရှိ စစ်ဆေးနေတဲ့ ဓာတ်ခွဲခန်း ခြောက်ခုကျော် ရှိပါတယ်။ ဒါပေမယ့် ဖိလစ်ပိုင်ဆေးရုံတွေမှာ ဗိုင်းရပ်စ်ကာကွယ်ရေးပစ္စည်းတွေ ပြတ်လပ်နေပါတယ်။ မတ် ၃၁ ရက်အထိ ဆရာဝန် ၁၇ ဦး သေဆုံးခဲ့တဲ့အပြင် ကျန်းမာရေးဝန်ထမ်း ငါးရာခိုင်နှုန်းကျော်ကိုလည်း ရောဂါကူးစက်မှု ရှိ၊ မရှိ သီးခြားစောင့်ကြည့်နေရတယ်လို့ ဖိလစ်ပိုင်ဆေးပညာရှင်အဖွဲ့က ခန့်မှန်းပြောကြားခဲ့ပါတယ်။

### ထိုင်းနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေ

ထိုင်းနိုင်ငံမှာ ရောဂါပိုးကူးစက်ခံရသူကို ဇန်နဝါရီ ၁၃ ရက်မှာ ပထမဆုံးစတင်တွေ့ရှိခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ တဖြည်းဖြည်းမြင့်တက်လာတဲ့အတွက် မတ် ၂၆ ရက်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာက နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်ဟာ ဧပြီ ၃၀ ရက် အထိ အသက်ဝင်မှာ ဖြစ်ပါတယ်။ ထိုင်းအစိုးရအနေနဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ နိုင်ငံတကာလေဆိပ်တွေနဲ့ ဆေးရုံတွေမှာ အပူချိန်တိုင်းကိရိယာတွေသုံးပြီး ဗိုင်းရပ်စ်စစ်ဆေးမှုတွေကို စနစ်တကျ လုပ်ဆောင်လျက်ရှိပါတယ်။ နိုင်ငံရပ်ခြားမှပြန်လာတဲ့ နိုင်ငံသားတွေမှအပ ကျန်နိုင်ငံခြားသားတွေကိုလည်း ပြည်ဝင်ခွင့်ဗီဇာတွေ ပိတ်ပင်ထားပါတယ်။ ထိုင်းနိုင်ငံသားတွေ၊ သံတမန်တွေနဲ့ မိသားစုဝင်တွေ၊ နိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့်ရရှိထားတဲ့ နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့်ပြုထားပါတယ်။

နိုင်ငံအတွင်းက မြို့ကြီးတွေမှာရှိတဲ့ ဈေးဝယ်စင်တာတွေ၊ စားသောက်ဆိုင်တွေ၊ ဖျော်ဖြေရေးစင်တာတွေနဲ့ အခြားပြည်သူလူထုနဲ့သက်ဆိုင်တဲ့နေရာတွေကို ပိတ်ပင်ထားတယ်လို့ သိရပါတယ်။ ဆေးဆိုင်တွေ၊ ကုန်စုံဆိုင်တွေ၊ ဘဏ်တွေနဲ့ အစိုးရရုံးတွေကိုတော့ လုပ်ငန်းလည်ပတ်ဖို့ ခွင့်ပြုထားတာကို တွေ့ရပါတယ်။ အသက် ၇၀ အရွယ်နဲ့အထက်ရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ ငါးနှစ်အောက်ကလေးငယ်တွေ၊အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါရှိတဲ့ ပြည်သူတွေကို နေအိမ်အတွင်းမှာသာ နေထိုင်ဖို့ အစိုးရအဖွဲ့က တိုက်တွန်းပြောကြားထားပါတယ်။

### စင်ကာပူနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေ

စင်ကာပူနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိသူကို ဇန်နဝါရီ ၂၃ ရက်မှာ ပထမဆုံး စတင်တွေ့ရှိခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တိုက်ဖျက်ဖို့အတွက် ဝန်ကြီးဌာနပေါင်းစုံပါဝင်တဲ့ ကော်မတီတစ်ရပ်ကို ဇန်နဝါရီ ၂၂ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းခံစားနေရတဲ့ ကိုဗစ်-၁၉ တိုက်ဖျက်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို စင်ကာပူအစိုးရက ကန်ဒေါ်လာ ငါးသိန်း ကူညီထောက်ပံ့ခဲ့တယ်လို့ သိရပါတယ်။

ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် လူစုလူဝေးပြုလုပ်ခြင်းများကို ရှောင်ကြဉ်ဖို့ ပြည်သူတွေကို တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဖျော်ဖြေရေးစင်တာတွေ၊ ရုပ်ရှင်ရုံတွေ၊ ကာရာအိုကေဆိုင်တွေကို ဧပြီ ၃၀ ရက်အထိ ပိတ်ထားပြီး ဈေးဝယ်စင်တာ၊ ပြတိုက်၊ စားသောက်ဆိုင်တွေကို လူခြားစနစ်နဲ့ ဆက်လက်ဖွင့်လှစ်ခွင့် ပေးထားတယ်လို့ သိရပါတယ်။

ရောဂါပိုးပျံ့နှံ့နေစဉ်အတွင်း လုပ်သားပြည်သူတွေရဲ့ နေ့စဉ်သုံးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် ကန်ဒေါ်လာ ၄၈ ဒသမ ၄ ဘီလီယံကို ကူညီထောက်ပံ့ပေးမယ်လို့ စင်ကာပူဒုတိယဝန်ကြီးချုပ် ဟန်ဆွီကီရတ်က ဆိုပါတယ်။

**လူဦးရေ ၂၇၃ ဒသမ ၅၂ သန်းရှိတဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနဲ့ပတ်သက်ပြီး ထိရောက်တဲ့ လုပ်ငန်းဆောင်တာတွေကို စီစဉ်ဆောင်ရွက်မှုမရှိဘူးဆိုရင် ဧပြီလကုန်ပိုင်းမှာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၀၀၀ ကနေ ၇၁၀၀၀ အထိ မြင့်တက်လာနိုင်တယ်လို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက သုံးသပ်ပြထားပါတယ်**

# ဗိုင်းရပ်စ်ကူးစက်ခံထားရပြီဆိုရင် ရောဂါလက္ခဏာ ပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ၊ ကိုယ်က ရောဂါပိုးရှိတယ်လို့သိပြီဆိုတာနဲ့ အများသူငါ ဘယ်သူ့ကိုမှမကူးအောင် ကိုယ့်ကိုယ်ကိုယ် တစ်ကိုယ်ရေထိန်းချုပ်ပြီးတော့ ကျန်းမာရေးဌာနရဲ့ ညွှန်ကြားချက်အတိုင်း နေသင့်တယ်

စိုင်းစိုင်းခမ်းလှိုင်

## ကိုဗစ်– ၁၉ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်ပြီး မှန်ကန်သော သတင်းအချက်အလက်ရရှိရေးနှင့် သတင်းမှားများဖြင့် အထိတ်တလန့်ဖြစ်စေမှုများကို ရှောင်ရှားရန် အသိပညာပေးဆွေးနွေးပွဲကို မတ်လ ၂၆ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ စာရေးဆရာမ ဂျူး၊ ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် တေးသံရှင် ဖြိုးပြည့်စုံတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

မှတ်တမ်း - အောင်ကျော်ထက် (ပြန်/ဆက်)
ဓာတ်ပုံ - ရဲသူရအောင် (ပြန်/ဆက်)

(ယမန်နေ့မှအဆက်)

**ဒေါက်တာခင်မောင်လွင်**

အကယ်၍သာ မပြောကောင်းပြောကောင်း စိုင်းစိုင်းမှာ ကိုဗစ် – ၁၉ ရှိခဲ့မယ်ဆိုရင် အဲဒီကို ရောက်သွားခဲ့တဲ့ ကလောက တောသူတောင်သားတွေမှာ ဘယ်လိုဖြစ်သွားနိုင်မယ်ထင်သလဲ။

**စိုင်းစိုင်းခမ်းလှိုင်**

ဒီရောဂါက ကျွန်တော့်ရဲ့ ဗဟုသုတအရကတော့ ဒါသည် အလွယ်တကူ ကူးစက်နိုင်တဲ့ ရောဂါလို့ ကျွန်တော်နားလည်ထားပါတယ်။ ဒါကြောင့် ဘယ်သူမဆို ကိုယ့်မှာသာ ဒီဗိုင်းရပ်စ် ကူးစက်ခံထားရပြီဆိုရင် ရောဂါလက္ခဏာ ပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ၊ ကိုယ်က ရောဂါပိုးရှိတယ်လို့ သိပြီဆိုတာနဲ့ အများသူငါ ဘယ်သူ့ကိုမှမကူးအောင် ကိုယ့်ကိုယ်ကိုယ် တစ်ကိုယ်ရေထိန်းချုပ်ပြီးတော့ ကျန်းမာရေးဌာနရဲ့ ညွှန်ကြားချက်အတိုင်း တစ်ခန်းတည်းမှာပဲဖြစ်ဖြစ်၊ တစ်နေရာတည်းမှာပဲဖြစ်ဖြစ် ဒီလိုနေသင့်တယ်လို့ ကျွန်တော်နားလည်ပါတယ်ဆရာ။

**ဒေါက်တာခင်မောင်လွင်**

ကလောကအေးရင် ရေခဲတယ်နော်။ ကလောလို နေရာမျိုးက ကိုဗစ် –၁၉ ကူးနိုင်တဲ့နေရာမျိုးလို့ရော မထင်ဘူးလား။

**စိုင်းစိုင်းခမ်းလှိုင်**

ကမ္ဘာပေါ်က မည်သည့်နေရာမဆို ကူးနိုင်တဲ့အတွက် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြီးဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကြေညာထားတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်နေရာက မည်သည့်ပုဂ္ဂိုလ်မဆို၊ မည်သည့်လူမျိုးမဆို၊ မည်သည့်အသားအရောင်မဆို၊ မည်သည့်အသက်အရွယ်မဆို ကာကွယ်ဖို့ ဆင်ခြင်ဖို့အတွက် ကျန်းမာရေးလမ်းညွှန်ချက်တွေကို လိုက်နာဖို့လိုတယ်လို့ ကျွန်တော်ထင်ပါတယ်ဆရာ။

**ဒေါက်တာခင်မောင်လွင်**

လောလောဆယ် ကလောတို့၊ ရွာင်တို့ အဲဒီဒေသတွေကလူတွေ ဒီရောဂါမကူးစက်အောင် ဘာတွေလုပ်သင့်တယ်လို့ ထင်သလဲ။

**စိုင်းစိုင်းခမ်းလှိုင်**

ဒီရောဂါမကူးစက်ဖို့အတွက် ကာကွယ်ဖို့ နေထိုင်ရမယ့်ပုံစံတွေကို ကျွန်တော်တို့ သတင်းတွေမှာလည်း ဖတ်ရတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ထုတ်တယ်။ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနကလည်း ထုတ်တယ်။ ဒီလမ်းညွှန်ချက်တွေကို ဒီလူတွေ၊ ပြည်သူတွေက အကုန်လုံး အချိန်နဲ့တစ်ပြေးညီသိအောင် သတင်းရောက်အောင် ပို့ဆောင်ပေးနိုင်ရမယ်လို့ ကျွန်တော်ယူဆပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ကလောမှာ အသိပညာပေးတာနဲ့ တခြားနေရာတွေလည်း သွားသေးတာကိုး။ အဲဒီနေရာမှာ တစ်ခုနဲ့တစ်ခု ကွာခြားမှုကို စိုင်းစိုင်းသတိထားမိလား။

**စိုင်းစိုင်းခမ်းလှိုင်**

မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်က အဆိုတော်တစ်ယောက်အနေနဲ့ မြန်မာတစ်နိုင်ငံလုံးကို ပတ်ပြီးတော့ သီချင်းဆိုရတယ်။ ကျွန်တော် မွန်ပြည်နယ်ရောက်ပါတယ်။ ကချင်ပြည်နယ်ရောက်ပါတယ်။ ရှမ်းပြည်နယ်ရောက်တယ်။ မကွေးတိုင်းဒေသကြီး ရောက်တယ်။ တစ်နေရာနဲ့ တစ်နေရာမှာ ဓလေ့ထုံးစံလည်း မတူဘူး။ ရာသီဥတုလည်း မတူဘူး။ ပြီးတော့ ဘာသာစကားမျိုးစုံရှိတယ် ဆိုတော့ တစ်နေရာနဲ့ တစ်နေရာမှာတော့ ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့ သတင်းတွေရောက်ဖို့အတွက်က မှန်ကန်တဲ့ တင်ပြပုံလိုအပ်မယ်လို့ ကျွန်တော် ယူဆပါတယ်ဆရာ။

**ဒေါက်တာခင်မောင်လွင်**

ကျန်းမာရေးဝန်ကြီးဌာနက အသိပညာပေးတဲ့နေရာမှာ ဘယ်လိုတွေလုပ်နေတယ်ဆိုတာ ဆရာသန်းနိုင်စိုးက နည်းနည်းပြောပြစေချင်တယ်။

**ဒေါက်တာသန်းနိုင်စိုး**

ကျွန်တော်တို့ကတော့ ကိုဗစ် –၁၉ စဖြစ်ကတည်းက ဇန်နဝါရီလ ၈ ရက်ပေါ့နော်။ အဲဒီနေ့ကတည်းကစပြီး Framework တစ်ခု ဆောက်လိုက်တာပေါ့။ Framework ဆိုတာ ဗဟိုမှာ ကျွန်တော်တို့ယူနစ်ကတော့ IEC Materia တွေပါ။ ကျွန်တော်တို့ရဲ့ အဓိကကတော့ WHO နဲ့ USCDC ပေါ့။ အဲဒီ Source နှစ်ခုက ပြန်ယူရတာပေါ့။ ယူပြီးတော့ တစ်ဦးချင်းဘယ်လိုကာကွယ်မလဲ၊ ပြည်သူတွေအနေနဲ့ ဘယ်လိုကာကွယ်မလဲ၊ ဒေသတစ်ခုအနေနဲ့ ဘယ်လိုကာကွယ်မလဲ၊ သတင်းစကားတွေ ကျွန်တော်တို့ ရှာရတာပေါ့။ ရှာပြီးသိတဲ့အခါ လက်ဆေးခြင်းဆိုလည်း လက်ဆေးနည်းပုံတွေ၊ ဗီဒီယိုတွေ၊ အသံဖိုင်တွေ အဲဒါတွေ ကျွန်တော်တို့ ရှာပြီးတော့ လုပ်တယ်။

### တိုင်းရင်းသားဘာသာ ၁၇ မျိုး

လုပ်ပြီးရင် ဝက်ဘ်ဆိုက်နဲ့ ဖေ့စ်ဘွတ်ပေါ်မှာ ကျွန်တော်တို့က အရင်တင်လိုက်တယ်။ တင်လိုက်တဲ့အခါကျတော့ လူမှုမီဒီယာသုံးတဲ့သူတွေက ရသွားတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က အဲဒီဝက်ဘ်ဆိုက်ပေါ်မှာပဲ One Stop Service ဆိုပြီး ကျန်းမာရေးအသိပညာပေးတွေကို တိုင်းရင်းသားဘာသာ ၁၇ မျိုးနဲ့ အသံဖိုင်တွေကို MP3 နဲ့ တင်ထားတယ်။ နောက်ပြီးတဲ့အခါကျရင် ကချင်၊ ရှမ်း ၊ တရုတ်နယ်စပ်အတွက်ကလည်း တရုတ်ဘာသာနဲ့ လုပ်ထားတဲ့အပြင် အခု ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ဘာသာစကား ၆၇ မျိုး ပြန်ဖို့အတွက်လည်း အခုလုပ်နေပါပြီ။ ဒီတော့ အဲဒီဟာတွေ အကုန်လုံးကို ကျွန်တော်တို့ ဝက်ဘ်ဆိုက်နဲ့ ဖေ့စ်ဘွတ်ပေါ်တင်တယ်။ ဒီလို တင်ပြီးတဲ့အခါကျရင် တချို့ဟာတွေကျတော့ Hard Copy ထုတ်ရတယ်။ ဘာလို့လဲဆိုတော့ လက်လှမ်းမမီတဲ့နေရာတွေကို ဒီစာရွက်လေးတွေ ပေးမှရတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ကျန်းမာရေးဦးစီးဌာနတွေရှိတယ်။ အဲဒီဦးစီးဌာနတွေက တိုင်းဦးစီးမှူးတွေက ကျွန်တော်တို့ ဝက်ဘ်ဆိုက်ပေါ်မှာ နေ့စဉ် နောက်ဆုံး အခြေအနေကို ပြုစုတယ်။ တစ်ရက်ကို တစ်ခု၊ နှစ်ခု အဲဒီလိုမျိုး တင်တယ်။ အမြဲတမ်း သူ့ပရိသတ်နဲ့ ကိုက်မယ့်ဟာပေါ့။ အဲဒါတွေကို သူတို့ကယူတယ်။ ယူပြီးတဲ့ အခါကျတော့ သူတို့က အွန်လိုင်းပေါ်ကရယူပြီးတော့ Hard Copy ပြန်ထုတ်တယ်။ တစ်ပြိုင်နက်တည်းလည်း ကျွန်တော်တို့က ပြန်ကြားရေးဝန်ကြီးဌာနကို ပို့တယ်။ ပို့တဲ့အခါကျရင် မြန်မာ့ရုပ်မြင်သံကြားမှာလည်း ကျွန်တော်တို့ Breaking News တွေရော၊ ကိုဗစ် – ၁၉ နဲ့ ပတ်သက်တဲ့ ပိုစတာတွေရော တောက်လျှောက်လွှင့်ပေးနေတာပေါ့။

အဲဒါတွေ လွှင့်ပေးတဲ့အပြင် မြို့နယ်အဆင့်ကလည်း ကျွန်တော်တို့ အွန်လိုင်းကနေ Direct Access လုပ်လို့ရတယ်။ မြို့နယ်အဆင့်မှာ ရပ်ကွက်တွေ၊ ကျေးရွာတွေ ပါလာပြီ။ အဲဒီအခါကျတော့ ကျွန်တော်တို့ လော်စပီကာနဲ့အော်ဖို့ပေါ့။ ဘာလို့လဲဆိုတော့ ဒါက ကျေးရွာအဆင့်မှာဆိုရင် အုပ်ချုပ်ရေးမှူးရုံးကနေပြီးတော့ လော်စပီကာနဲ့ အော်လိုက်ရင် တစ်ရွာလုံးက လူစုလို့လည်းရတယ်။ နောက်ပြီးတော့ နာဂစ်ဒေသမှာ ဆိုလို့ရှိရင် ဆူနာမီ Alarm System လည်း ရှိတယ်။ အဲဒီအခါကျတော့ သူကရွာထဲမှာကို စပီကာလေးတွေ တပ်ထားတာ အများကြီးပဲ။ ဧရာဝတီတိုင်းဒေသကြီးမှာပေါ့။

### လိုက်နာကျင့်သုံးဖို့လည်း အရေးကြီး

အဲဒီလိုဆိုရင်လည်း အဲဒီစပီကာကတစ်ဆင့် အော်ပေးပါပေါ့။ အုပ်စုငယ်လေးတွေ ရှိတယ်။ ဥပမာဆိုရင် ငါးယောက်တစ်တွဲ၊ ဆယ်ယောက်တစ်တွဲ ကျွန်တော်တို့ လက်ကိုင်စပီကာလေးတွေနဲ့ ကျွန်တော်တို့ ပြောခိုင်းတယ်။ လက်ကိုင်စပီကာဆိုလည်း ကျွန်တော်တို့ အများကြီး ဝယ်ထားပြီးပြီ။ တကယ်လည်း ထိရောက်တယ်။ သူက အပြန်အလှန် မေးလို့ရတယ်။ လော်စပီကာကြီးနဲ့ကျတော့ မေးလို့မရဘူးပေါ့။ လက်ကိုင်စပီကာရဲ့ ကောင်းတဲ့အချက်က MP3 ထည့်ထားလို့ရတယ်။ Memory Card လေးတွေ စိုက်ထားရင် ထပ်ကာထပ်ကာ သူ့ဟာသူ ပြောနေတာပေါ့။ အဲလိုဆိုတော့ နည်းလမ်းပေါင်းစုံနဲ့ပါ။ အဓိကကတော့ နံပါတ် (၁) က အသိပညာပေးပေါ့။ သတိပေးတယ်။ သတိပြုစေချင်တယ်။ ဒါကြီးက တကယ့်ကို ကျွန်တော်တို့အတွက် ခြိမ်းခြောက်မှုကြီးပါပဲ။ ကမ္ဘာတစ်ဝန်းလုံးတောင်မှ ဖြစ်နေတဲ့အရာပါ။ သိပြီးရင်လည်း သိရုံနဲ့မပြီးသေးဘူး။ လိုက်နာကျင့်သုံးဖို့လည်း အရေးကြီးတယ်။

ဒါတွေကို တကယ်ကျင့်သုံးဖို့အတွက်ကိုလည်း ကျွန်တော်တို့ ရပ်ရွာပေါ့။ အဓိကကတော့ ပြည်သူတိုင်း၊ ပြည်သူတိုင်းက သိရှိလိုက်နာကျင့်သုံးဖို့က အလွန်အရေးကြီးပါတယ်။ ဒီကိစ္စက ပြည်သူပါမှ၊ လိုက်ကျင့်မှ အောင်မြင်မှာပါ။ စိုင်းစိုင်းပြောတာ မှန်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းက သူ့ဒေသနဲ့ကိုက်ညီအောင် အားလုံးကလည်း ဝိုင်းဝန်းပြီးတော့ အဓိကကတော့ ပြည်သူက အဓိကပေါ့။

**ဖြိုးပြည့်စုံ**

ကျွန်တော်တို့အားလုံးက စိတ်နဲ့အသက်ရှင်ကြတာပေါ့။ စိတ်ကဆောင်ပြီးတော့မှ နောက်ကနေ ကိုယ်ခန္ဓာက လိုက်တာပေါ့လေ။ လူအသက်ရှင်ဖို့တော့ စိတ်က အဓိကလို့ ကျွန်တော်ကတော့ ယုံကြည်တယ်။ ကျွန်တော်တို့ အပါအဝင် Public Figure လုပ်နိုင်မယ့် လူအများစုရဲ့စိတ်ထဲမှာ ပြန်လည်ထူထောင်ရေးမှာ အဓိက လူတွေအားလုံးကို လှုံ့ဆော်မှုဖြစ်အောင်၊ စိတ်ခွန်အား ထက်သန်အောင် ကျွန်တော်တို့ ပညာပေးဖို့လိုမယ်။ ပြီးတော့ မျှဝေမှုလုပ်ဖို့လိုမယ်။ ပြီးတော့ ဒီကိစ္စဆိုတာ တစ်ဦးတစ်ယောက်တည်း ရင်ဆိုင်ရတာ မဟုတ်ဘူး။ ရပ်ကွက်တစ်ခုတည်းနဲ့ ဖြစ်သွားတာလည်းမဟုတ်ဘူး။ နိုင်ငံတစ်နိုင်ငံလည်း မဟုတ်ဘူး။ တစ်ကမ္ဘာလုံးဆိုတာမျိုးပေါ့။ ကျွန်တော်ထင်တာ လူတွေရဲ့စိတ်မှာလည်း တစ်ယောက်တည်းခံစားရတဲ့အခါမှာ ငါ့မှ ဖြစ်ရလေခြင်း၊ ငါ ကံဆိုးလိုက်တာဆိုတဲ့ စိတ်ဖိစီးမှုနဲ့ စိတ်ဓာတ်ကျတာ လွယ်တယ်။ အားလုံးအတူတူ ဖြစ်တာပါ။ မင်းလည်း မလဲနဲ့၊ ငါတို့လည်း မလဲဘူး။ ငါတို့လည်း ကြိုးစားမယ်၊ မင်းလည်း ရှိသလောက် ကြိုးစားပါ။ Mindset Sharing နဲ့သွားမယ်ဆိုရင် သူတို့အတွက် တစ်ထောင့်တစ်နေရာက ပြန်ပြီးရပ်တည်ဖို့အတွက် စိတ်ခွန်အားလေးတွေ ရမယ်လို့ ထင်ပါတယ်။

စိတ်တွေ စည်းလုံးရမယ်။ ပြန်ပြီးတော့ Build up လုပ်ရမယ်ပေါ့။ ဒါကတော့ နောက်ဆက်တွဲ နာလန်ထူဖို့ ပြောတာပါ။ ကမ္ဘာကြီးမှာ အခက်အခဲတစ်ခုခုဖြစ်ပြီဆိုရင် ဒီသီချင်းတွေကပဲ စိတ်ခွန်အားကို ပြန်လည်ပြီးတော့ ရှင်သန်စေတယ်။ ပြန်ပြီးတော့ ခွန်အားဖြစ်စေတယ်။ ဥပမာ– Heal The World ကို မိုက်ကယ်ဂျက်ဆင်လုပ်ခဲ့တဲ့ သီချင်းမျိုးပေါ့။ ဒါမျိုးတွေအတွက်လည်း ကျွန်တော်တို့ ရုပ်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာ၊ ဓာတ်သဘင်ပိုင်းဆိုင်ရာ ပညာရှင်တွေ အားလုံး ပူးပေါင်းပြီးတော့ လဲကျလည်း ပြန်ထမယ်ဆိုတဲ့ စိတ်နဲ့ ကုန်းထဖို့ ကြိုးစားနေတဲ့သူတွေချည်းပါပဲ။ အားလုံးက ဒီအခြေအနေအတွက် ပံ့ပိုးပေးကြဖို့ အသင့်ဖြစ်နေမယ်လို့ ထင်ပါတယ်ခင်ဗျ။

**ဒေါက်တာခင်မောင်လွင်**

ခွန်အားကိုဖြစ်စေတယ်။ ဒါ ဘာပဲပြောပြော ဒီဇင်ဘာ၊ ဇန်နဝါရီလကနေ ရင်ဆိုင်လာခဲ့တာ မတ်လရောက်တဲ့အထိ ဝူဟန်မှာ ကြွံကြွံခံနေတုန်းပဲ။ ဒီလိုစိတ်ဓာတ်မျိုးဟာ စိတ်ဓာတ်ကို ယူဖို့ပြောတာပါ။ ကိုယ့်ဆီမှာ ဖြစ်ခြင်း၊ မဖြစ်ခြင်းနဲ့ မဆိုင်ပါဘူး။ တခြားပေါ့နော်။ သတင်းမှားတွေ မြန်မာပြည်ထဲမှာ တစ်ခုပြီးတစ်ခု ထွက်နေတုန်းပဲ။ မတ်လ ၁၄ ရက်နေ့က သတင်းစာထဲမှာတွေ့တယ် သတင်းမှားတွေ ဖြန့်တဲ့သူဆိုရင် ဥပဒေအရ အရေးယူမယ်။ ဥပဒေထက်ကို တစ်ယောက်နဲ့တစ်ယောက်နဲ့ ကြင်နာမှု၊ စာနာမှု၊ ပြုပြင်လို့ရတာတွေ ပြုပြင်ဖို့ကောင်းတယ်။ မမှန်ကန်သောသတင်းနဲ့ ထိတ်လန့်နေမယ့်အစားပေါ့နော်၊ မှန်ကန်တဲ့သတင်းနဲ့ ဖြေသိမ့်လို့လည်းရတာပဲ။

**ဖြိုးပြည့်စုံ**

ဒီနေ့အဓိကဆွေးနွေးတဲ့ အကြောင်းအရာအတိုင်းပဲ ပေါ့လေ၊ နံပါတ် (၁) က မှန်ကန်တဲ့သတင်းကို၊ မှန်ကန်တဲ့ အချိန်မှာ ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်ဖို့ အရေးကြီးတယ်။ ထို့အတူပဲ ဆရာ အခု ပြောသွားသလို ကိုယ်ထင်မြင်ယူဆတဲ့ သတင်းက မှားနေပါတယ်ဆိုတာကို သိပြီဆိုရင်ပဲ မှားကြောင်း ကိုယ်ကိုယ်တိုင်ဝန်ခံပြီးတော့ တာဝန်သိစိတ်နဲ့ တာဝန်ယူပြီးတော့ ပြန်ပြီးဖြုတ်ချသင့်ပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာလည်း ဘယ်ကမှန်းမသိ တက်လာတဲ့ သတင်းကို ဆရာစောစောက ပြောသလို ငါဦးချင်တယ်ဆိုတဲ့ စိတ်နဲ့ တင်မိတာတွေရှိတယ်။ အဲဒီတော့ တင်တဲ့အထိ မှားလားဆိုတော့ မှားတော့မှားပေမယ့် ပြင်ဖို့အချိန်ရှိသေးတယ်။ ကိုယ်မှားနေပြီဆိုရင် ချက်ချင်းပြန်ဖြုတ်ပြီးတော့ မှန်ကန်တဲ့သတင်းဖြန့်ဝေခြင်းနဲ့ပဲ ကျွန်တော်တို့အစီအစဉ်လေးကနေပြီးတော့ ကြည့်ရှုပြီးတော့ ဒီအသိပညာလေးရပြီး အားလုံးကို ထပ်ပြီးတော့ မျှဝေပေးကြပါလို့ ကျွန်တော်ပြောချင်ပါတယ်ခင်ဗျာ။

စာမျက်နှာ ၁၆ သို့ ❂



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၅/၂၀၂၀) ကျင်းပ



**နေပြည်တော် မေ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ မတ် ၃၀ ရက် မွန်းလွဲ ၃နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၅/၂၀၂၀) သို့ တက်ရောက်သည်။

**စနစ်တကျ တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဇန်နဝါရီလကတည်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လုပ်ငန်းစဉ်နှင့် နည်းဗျူဟာများကို မွမ်းမံပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြည်တွင်းသို့ ရောက်ရှိလာသူများအား အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း၊ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်ခြင်းတို့ကို စနစ်တကျ တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများတွင် တိုက်ဆိုင်စစ်ဆေးစာရင်းပုံစံ (checklist) များအား အသုံးပြု၍ အသွားအလာကန့်သတ်ခံရသူများအနေဖြင့် ကန့်သတ်စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိအား ဆန်းစစ်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ခာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းပြီး ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိ နှင့် အကယ်၍ ရောဂါဖြစ်ပွားခြင်းရှိပါကလည်း အခြားသူများထံ မကူးစက်စေရန်အတွက် အသွားအလာကန့်သတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးရုံကြီးများ၏ ပြင်ပလူနာဌာန (OPD) များတွင် လူနာများအားလုံး စုပြုံပြသနေခြင်းမှ အဖျားရောဂါလူနာများအတွက် သီးသန့်ပြင်ပလူနာဌာနပြုလုပ်ခြင်းကို မန္တလေးပြည်သူ့ဆေးရုံကြီးတွင် စတင်ဆောင်ရွက်လျက်ရှိမှုကို အခြားဆေးရုံကြီးများက လေ့လာဆောင်ရွက်စေလိုပါကြောင်း၊ Video Conference အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနထံမှ ရယူလိုသည့် ပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကပ်ရောဂါကဲ့သို့ ဘေးအန္တရာယ်များရောက်သည့်အခါ အသက်ဆုံးရှုံးမှုမရှိစေရေး၊ စည်းစိမ်ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် စီမံချက်များ ချမှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ဦးချင်းစီမှ ရောဂါမကူးစက်စေရေး ကာကွယ်နိုင်သည့် နည်းလမ်းများကိုသိရှိကာ အခြားသူများထံမှ ရောဂါကူးစက်ခြင်းမရှိစေရန်နှင့် မိမိတွင် ရောဂါရှိပါကလည်း အခြားသူများထံ မကူးစက်စေရန်တို့အတွက် ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် သတင်းများအား ပြည်သူများထံ ထပ်ခါထပ်ခါ ပေးပို့နေရမည်ဖြစ်ပါကြောင်း။

**ကန့်သတ်စည်းကမ်းများကို တိကျစွာလိုက်နာ**

အသွားအလာ ကန့်သတ်ခံရသူများအနေဖြင့် ကန့်သတ်စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိအား ကြီးကြပ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ပူးပေါင်းပါဝင် ပံ့ပိုးမှုများဖြင့်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ အသွားအလာကန့်သတ်ရာနေရာများတွင် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ခဲ့သူများအား ထောက်လှမ်းရှာဖွေခြင်း၊ ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်းလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား စောင့်ရှောက်ရေးနှင့် လူမှုအကာအကွယ်ပေးရေး စီမံချက်များရှိပြီး ယခုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အသွားအလာကန့်သတ်ခြင်းဆောင်ရွက်ရာနေရာများ စီမံခန့်ခွဲရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပါဝင်ပံ့ပိုးနိုင်သည့် ကိစ္စရပ်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကဏ္ဍများကို ဆွေးနွေးသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (လူမှုဝန်ထမ်းဦးစီးဌာန)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

✪ စာမျက်နှာ ၁၅ မှ

**စိုင်းစိုင်းခမ်းလှိုင်**

ကျွန်တော်က လူတွေကို အကူအညီတောင်းချင်တာပါခင်ဗျာ။ အရင်တုန်းကဆိုရင် သတင်းစာပဲရှိတယ်။ သတင်းစာထဲကနေ အကြောင်းအရာတွေကိုပြောတယ်။ ပြီးတော့ ကျွန်တော်တို့လို အနုပညာရှင်တွေမှာ အင်တာဗျူးတွေ ဘာတွေရှိတယ်။ ကျွန်တော်တို့ ပြောတယ်။ ဒီနေ့ ဒီခေတ်မှာတော့ လူမှုမီဒီယာနဲ့ အရပ်အခေါ်ပြောရင် လိုင်းပေါ်မှာ လူတိုင်းက အနည်းဆုံးတော့ လူတိုင်းမှာ သတင်းစာတစ်စောင်ပိုင်သလို ဖြစ်နေတာပေါ့။ Follower သုံးယောက်ပဲ ရှိရင်ရှိမယ်။ ၃၀ ရှိမယ်။ သုံးထောင်၊ သုံးသောင်း၊ သုံးသိန်း အားလုံးမှာ ကိုယ့်မှာ ပြောဖို့ ၊ ရေးဖို့ နေရာရှိတယ်။ ပြောဖို့နေရာရှိတယ်။ ဒီနေ့ ကျွန်တော်တို့ ခေါင်းစဉ်အတိုင်းပဲ သတင်းမှန်ပြန့်ပွားဖို့အတွက် ဒီခိုင်မာတဲ့၊ ခိုင်လုံတဲ့ သတင်းအရင်းမြစ်ကနေ ယူပြီးတော့ပဲ မျှဝေပေးပါ။ တကယ်လို့ မသေချာရင် လုံးဝမမျှဝေပါနဲ့။ အကူအညီတောင်းချင်တာက မသေချာရင် ပို့စ်မတင်တဲ့အပြင် မက်ဆင်ဂျာကနေ ကိုယ့်အချင်းချင်းကို မသေချာတဲ့သတင်းတွေ ဖြန့်ဝေတာမျိုး ဒါမျိုးကိုလည်း မလုပ်ဖို့ လူတိုင်းလူတိုင်းကို အကူအညီတောင်းချင်တာပါ။

**တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေ**

ကိုဗစ် – ၁၉ ကြောင့် အခု ရင်ဆိုင်နေရတာက ကျန်းမာရေးပြဿနာ၊ ဒါပြီးရင် စီးပွားရေးပြဿနာ၊ စီးပွားရေးသဘောသဘာဝ အားလုံးကလည်း အကုန်လုံးက တစ်ခုနဲ့ တစ်ခု ချိတ်ဆက်နေတာဖြစ်တဲ့အတွက် သတင်းအမှားတွေကနေပြီးတော့ စီးပွားရေးကိုလည်း ဒုက္ခပေးနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဥပမာအားဖြင့် ဒီလုပ်ငန်း လက်ရှိမှာ လုပ်ငန်းနှစ်ခုမှာ (A) လုပ်ငန်းကတော့ ရပ်ဆိုင်းသင့်တယ်။ (B) လုပ်ငန်းက ဆက်လုပ်လို့ရနေတဲ့ လုပ်ငန်းဖြစ်တယ်ဆိုရင် ဒါမျိုးတွေကိုလည်း သတင်းမှန်ရမယ်ဆိုရင် နှစ်ခုစလုံး ရပ်ဆိုင်းထားစရာမလိုဘဲနဲ့ တစ်ခုကတော့ ဆက်လုပ်လို့ရနေမယ်။ ဒါဆိုရင် လုပ်ငန်းမရှိတဲ့ ဒီကအလုပ်သမားတွေ လူတွေကို ဒီလုပ်ငန်းကနေပြီးတော့ ပြန်ပြီးတော့ အထောက်အပံ့ပေးနိုင်မယ်။ ဒါကြောင့် ကျန်းမာရေးအရရော၊ စီးပွားရေးအရရော အရာရာမှာ ကျွန်တော်တို့ သတင်းမှန်ရရှိဖို့အတွက် ကြိုးစားချင်ပါတယ်။ အဲဒီအတွက် လူတိုင်းလူတိုင်းမှာ ကိုယ့်မှာ သတင်းစာတစ်စောင်စီ ပိုင်ဆိုင်နေတာဖြစ်တာကြောင့် အားလုံးကနေပြီးတော့ သတင်းမှန်ကို ဖြန့်ဝေပေးဖို့ ကျွန်တော်က အကူအညီတောင်းချင်တာပါခင်ဗျာ။

**ဂျူး**

ကျွန်မတို့ လူတွေအကုန်လုံးကို လူသားစိတ်လေးရှိစေချင်တယ်။ ကိုယ်ချင်းစာတရားလေးလည်း ရှိစေချင်တာ။ ထစ်ခနဲရှိရင် ဒေါသ၊ အမုန်းတွေနဲ့ မဖြေရှင်းစေချင်ဘူးလေ။ တော်တော်များများက ကျွန်မတို့ လူမှုမီဒီယာခေတ်မှာ ကြည့်တဲ့အခါကျတော့ ကျွန်မတို့ မထင်ထားသောသူတွေရဲ့ ဒီအရေးအသားလေးတွေက တစ်ခါတလေကျတော့ ရိုင်းရိုင်းစိုင်းစိုင်းလေးတွေဖြစ်နေတာပေါ့။ သူများကို ဆဲဆိုဖို့ နည်းနည်းမှ ဝန်မလေးသော ပို့စ်လေးတွေ တော်တော်များများ မှတ်ချက်လေးတွေ တွေ့ကြတဲ့အခါကျတော့ ကျွန်မတို့ ဖြဟ္မစိုရ်တရားလေးပါးဆိုတာ မေ့သွားကြပြီလားလို့ တစ်ခါတစ်ခါ ကျွန်မတို့ စဉ်းစားမိတယ်။ ဒါပေမယ့် ကျွန်မတို့ ကြိုးစားရမှာပေါ့နော်။

အဲဒါကြောင့် လူတွေရဲ့စိတ်ထဲမှာ နှလုံးသားလေး ဖြူစင်ဖို့ အရေးကြီးတာ။ စိုင်းစိုင်းပြောသလို လူတိုင်းလူတိုင်းက သတင်းစာတစ်စောင်စီ ပိုင်ဆိုင်နေကြတဲ့အချိန်မှာ ရင်ထဲက မေတ္တာလေးနဲ့ စာရေးမယ်ဆိုရင် ဆရာဇော်ဂျီပြောတဲ့ "မေတ္တာဓမ္မ အခြေပြု၍ ဘဝအခြေခံစိတ်ကူးဉာဏ်ဖြင့် ဖန်တီးပါမှ စာအလှ" ဆိုတော့ ဆရာဇော်ဂျီရဲ့ ကဗျာလေးအတိုင်း ရေးတော့မယ်၊ ပြောတော့မယ်ဆိုရင် မေတ္တာဓာတ်ကလေး အရင်ထားပြီးမှ ရေးမယ်ဆိုရင် ဒါက ဖေ့စ်ဘွတ်အကြောင်းကိုပြောတာပါ။

ဘာကိုပဲပြောပြော မေတ္တာဓာတ်နဲ့ အလုပ်လုပ်မယ်ဆိုရင်၊ ကိုယ်ချင်းစာတရားလေးနဲ့ အလုပ်လုပ်မယ်ဆိုလို့ရှိရင် ဖြစ်နိုင်တယ်။ အဲဒီလိုသိဖို့ မေတ္တာထားဖို့ရယ်၊ နောက် ပညာဉာဏ်နဲ့ယှဉ်ဖို့ရယ် ဒီခေတ်ကြီးထဲမှာ ပိုတောင်မှအရေးကြီးသေးတယ်လို့ ထင်တယ်။ Panic Buying ဆိုတာရှိတယ်လေ။ ဟိုတစ်လောတုန်းက ဘယ်မှာလဲ သွားပြီးတော့ ဝယ်ကြခြမ်းကြတာ ဘာညာ။ လူတိုင်းက လောဘစိတ်တော့ ရှိကြတာချည်းပဲ။ ငါ တော်သွားရင် ဘယ့်နှယ်လုပ်မလဲဆိုတာမျိုး။ တကယ်တော့ ကိုယ်က အဲဒီလိုဝယ်နိုင်တဲ့ အခြေအနေရှိပေမယ့် တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့သူတွေ မဝယ်နိုင်ခဲ့ရင် ကိုယ်က ငါ ဒါလေးကို ယူလိုက်မယ့်အစား နောက်တစ်ယောက် ယူလို့ရအောင်ထားခဲ့မယ်ဆိုတဲ့ ကိုယ်ချင်းစာတရားလေးပေါ့နော်၊ မျှဝေတဲ့စိတ်မျိုးလေး အဲဒီလိုလေးတွေ ဖြစ်ဖို့ ဒီ ကိုဗစ် – ၁၉ က ကျွန်မတို့ကို သင်ကြားပေးလိမ့်မယ်လို့ ကျွန်မတော့ မျှော်လင့်တယ်ဆရာ။

**မှန်တယ်ထင်မှ ဝေမျှမယ်**

အဲဒီတော့ ကျွန်မတော့ အမြဲတမ်းအကောင်းမြင်တဲ့ လူဖြစ်တဲ့အတွက် ဒီကနေပြီး ကျွန်မတို့ ကောင်းတဲ့ သင်ခန်းစာလေးတွေ ရစေချင်တယ်။ နောက်ပြီးတော့ ကိုဖြိုးတို့၊ ကိုစိုင်းတို့ ပြောသလိုပဲ အားလုံးက မှန်ကန်တဲ့အသိတရားလေးတွေကို ဝေမျှနိုင်မယ်ဆိုရင် မှားသလား၊ မှန်သလားဆိုတာ အရင်ဆုံး စဉ်းစားရမယ်။ မှန်တယ်ထင်မှ ဝေမျှမယ်ပေါ့။ အဲဒီလို ဝေမျှတဲ့အခါကျရင် မှန်ကန်တဲ့သတင်းဖြစ်ဖို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ တကယ့်တရားဝင်ဌာနတွေက ထုတ်ပြန်တဲ့ဟာကို ဝေမျှမှသာ မှန်ကန်လိမ့်မယ်လို့ ကျွန်မထင်တယ်။ အဲဒါအားလုံးကို ကျွန်မ မေတ္တာရပ်ခံချင်တာပါ။

**ဒေါက်တာသန်းနိုင်စိုး**

နိုဗယ်ဆုရစာရေးဆရာကြီး Daniel Kahneman ဆိုတာရှိတယ်။ သူက Thinking First and Slow ပေါ့။ ခန္ဓာကိုယ်မှာ လူတစ်ယောက်က တစ်ခုခုကို မြင်လိုက်တာပဲဖြစ်ဖြစ်၊ ကြားတာပဲဖြစ်ဖြစ်၊ ဖတ်မိတာပဲဖြစ်ဖြစ် စိတ်ထဲမှာ သူက System 1 နဲ့ System 2 နဲ့ပဲ ရှိတယ်ပေါ့။ System 1 ကတော့ ရုတ်တရက် မြင်လိုက်တဲ့အပေါ်မှာ တကယ်တမ်းကျတော့ သရဲမဟုတ်ပေမယ့် သရဲမြင်လိုက်တယ်။ စိတ်ထဲက စိတ်ဆိုးသွားပြီး တုံ့ပြန်လိုက်တယ်ပေါ့နော်။ ဒါတွေရှိတယ်။ ဒါပေမယ့် System 2 ကျတော့လည်း နည်းနည်းထပ်စဉ်းစားတယ်။ ဒါ တကယ်ရော သရဲဟုတ်ရဲ့လား၊ အဝတ်ကြီးလား၊ လေတိုက်တာလားပေါ့။ ဒါပေမယ့် တော်တော်များများရဲ့ Mind–Set အရ System 1 မှာ တင်ပဲ ပြီးသွားတယ်။ အဲဒီတော့ System 1 မှာတင်ပဲ ချက်ချင်း တုံ့ပြန်လိုက်တာပေါ့။ ဆဲတာတွေ ရေးရင်လည်း ရေးလိုက်မယ်။ ဒါကြီးကို ချက်ချင်းယုံပြီးတော့ မျှဝေလိုက်တာလည်း ဖြစ်ရင်ဖြစ်မယ်။ ဒါပေမယ့် အဲဒီ System 1 ကို ထားလိုက်ပြီးတော့ System 2 ကို ပိုသုံးမယ်ဆိုရင်တော့ ကိုဖြိုးတို့၊ စိုင်းစိုင်းတို့၊ ဆရာမဂျူးတို့ ပြောခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့က သတင်းမှန်တဲ့ Source ကို ပိုပြီးတော့ နီးစပ်မယ်။ ပိုပြီးတော့လည်း Ethically Minded ဖြစ်မယ်။ ကျွန်တော်တို့ဘက်ကလည်း ဒီသတင်းမှန်တွေကို အချိန်နဲ့တစ်ပြေးညီ မလိမ်မညာဘဲနဲ့ ထုတ်ပြန်တယ်။ ရှေ့လျှောက်ကိုလည်း ကျွန်တော်တို့ တွေ့ရင်လည်းတွေ့သလို မတွေ့ရင်လည်းမတွေ့သလို လုပ်ရမယ့်ဟာတွေကို ကျွန်တော်တို့အပိုင်းက တာဝန်ကျေစေရပါမယ်၊ ထုတ်ပြန်ပေးပါ့မယ်လို့ တင်ပြချင်ပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ကျေးဇူးတင်တယ်။ အားလုံးက တာဝန်ကျေတယ်။ နားထောင်ရင်းနဲ့ ကျွန်တော့်ဝန်ထမ်းတစ်ယောက် အလုပ်ခန်းနံရံမှာရေးထားတဲ့ဟာကိုသွားပြီး သတိရတယ်။ "ချစ်သား အာနန္ဒာ မပြောခင် အရင်စဉ်းစား၊ ပြောပြီး ပြန်စဉ်းစား"ဆိုတဲ့ စကားလေးပါ။ ဒါလေးက အခု လူမှုမီဒီယာတွေ သုံးတဲ့သူတွေအတွက်လည်း ပိုပြီးတော့ စဉ်းစားလိုက်နာသင့်တယ်လို့ ထင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ


# ကိုဗစ်–၁၉ အသိပညာပေးလှုံ့ဆော်ရေးအစီအစဉ် ရိုက်ကူး

ရန်ကုန် မေ ၂

**ကိုဗစ်–၁၉ အသိပညာပေးလှုံ့ဆော်ရေးအစီအစဉ်ကို ဗစ်တိုးရီးယားရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါက်တာနွယ်ဦး၏ စီစဉ်မှုဖြင့် ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၄၁) တိုးချဲ့ရပ်ကွက်ရှိ Story Board ရုပ်ရှင်စတူဒီယို၌ ရိုက်ကူးသည်။**

အဆိုပါ အစီအစဉ်ကို ဒါရိုက်တာ မီးပွား၊ ဝိုင်းနှင့် ဒါရိုက်တာ ဩရသတို့က ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ ပိုင်ဖြိုးသု၊ ပိုးမမီှသာနှင့် တေးသံရှင် နီနီခင်ဇော်တို့၏ ပါဝင်သရုပ်ဆောင်မှုဖြင့် ရိုက်ကူးခြင်းဖြစ်သည်။

ယင်းအစီအစဉ်တွင် သင့်ကိုသင် ကာကွယ်ဖို့အတွက်၊ သင့်မိသားစုကို ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက် "အိမ်မှာပဲနေပါ"၊ "အပြင်မထွက်ပါနဲ့"စသည့် ကိုဗစ်–၁၉ ကာကွယ်ရေး လှုံ့ဆော်မှု အသိပညာပေးအစီအစဉ်များပါဝင်ကြောင်း၊ ယင်းအစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်မှု၊ မင်္ဂလာကုမ္ပဏီလီမိတက်နှင့် Story Board ရုပ်ရှင်စတူဒီယိုတို့မှ ကူညီပံ့ပိုးမှုတို့ဖြင့် နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကမီဒီယာများနှင့် Online တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းကို(FDC)




အကယ်ဒမီ ပြေတီဦး




စိုင်းစိုင်းခမ်းလှိုင်




အကယ်ဒမီ အိန္ဒြာကျော်ဇင်




အကယ်ဒမီ ပိုင်ဖြိုးသု




နီနီခင်ဇော်




ပိုးမမီှသာ



## ကိုဗစ်နဲ့ ငွေစက္ကူ

* ကိုဗစ် ကိုဗစ်
ထို ကိုဗစ်
ကမ္ဘာအနှံ့ဖြစ်။
* ချောင်းဆိုး နှာချေ
အမှုန်တွေ
လွယ်ကူစွာ ကူးစေ။
* ထိကိုင်ပြီးသား
သင့်လက်များ
စင်ကြယ်စွာ ဆေးထား။
* လူစုလူဝေး
မနေးရှောင်
ရောဂါ မကူးအောင်။
* မောင်တွေ မယ်တွေ
မျှဝေပေး
တစ်ခု ကျန်ပါသေး။
* စားရေး ဝတ်ရေး
နေရေးမှာ
ငွေစက္ကူကို သုံးကြတာ။
* သူ့သူ ငါငါ
ကိုင်ကာထား
ကူးစက်နိုင်သဗျား။
* ဈေးရောင်း ဈေးဝယ်
ဘဏ်၊ ကုန်သည်
ဂရုပြုကြဖွယ်။
* လက်ဝယ်သုံးစွဲ
ငွေကိုလည်း
လှမ်းပါ နေပူထဲ။
* ငွေရေ ထုတ်သွင်း
စာရင်းယူ
ထိမိ ဘဏ်ကလူ။
* ဘဏ်မှာ ငွေအပ်
ယူဗွီ ဖြတ်
ကိုဗစ် ပိုးကိုသတ်။
* ပိုမိုသေချာ
နှစ်ပတ်ကြာ
လုံခြုံစွာ သိမ်းပါ။
* ဆေးပါ လက်များ
သတိထား
ငွေကိုင်ပြီးတိုင်းဗျား။

ကိုဗစ်= COVID–19
ယူဗွီ= UV (Ultra Violet Ray)
ခရမ်းလွန် ပိုးသတ် ရောင်ခြည်

**သန်းအောင်စိုး**

## မင်းတပ်မြို့၌ နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

မင်းတပ် မေ ၁

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း ၁၃၆ ဦးအား တစ်ဦးလျှင် နှာခေါင်းစည်း ၁၂ ခု၊ မြို့ဝင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသူများအတွက် နှာခေါင်းစည်း ၃၄၈ ခု၊ မင်းတပ်မြို့ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်း ၃၂ ဦးအတွက် တစ်ဦးလျှင် နှာခေါင်းစည်း ၁၀ ခု စုစုပေါင်း နှာခေါင်းစည်း ၂၃၀၀၊ အရက်ပျံဂါလန် ၂၀ နှင့် လက်သန့်ဆေးဘူး ရှစ်ဘူး ကာလတန်ဖိုးငွေကျပ် ၈၂၀၀၀၀ ခန့်ကို ပရဟိတအလှူရှင်အဖွဲ့မှ မတ် ၃၀ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)

# ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများပူးပေါင်း၍ စက်မှုဇုန်များ၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေး

**ရန်ကုန် မေ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)အနေဖြင့် ညီနောင်အသင်းများဖြစ်ကြသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ရွှေပြည်သာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ရွှေလင်ဗန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့နှင့် ပူးပေါင်း၍ မတ် ၃၀ ရက်နှင့် မတ် ၃၁ ရက်တို့တွင် အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် မတ် ၃၀ ရက် ညနေပိုင်းက ရွှေပြည်သာစက်မှုဇုန် ၁၊ ၂၊ ၃၊ ၄ တို့ရှိ စီမံခန့်ခွဲရေးကော်မတီရုံး နှစ်ရုံးရှေ့တွင် ဆန်ငါးပြည်ပါ အိတ်ရေ ၉၀၀၊ ဆားအထုပ်ရေ ၁၅၀၀၊ ဆီဘူး အကြီး၊ အသေး စုစုပေါင်း ၂၀၀၀ ကျော်တို့ကို ဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀ ၊ ဆားတစ်ထုပ်လျှင် ကျပ် ၁၀၀ ၊ ဆီတစ်ဘူးလျှင် အနည်းဆုံး ကျပ် ၈၀၀ မှ ၆၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထို့အတူ မတ် ၃၁ ရက် ညနေပိုင်းက ရွှေလင်ဗန်းစက်မှုဇုန်စီမံခန့်ခွဲရေးရုံးနှင့် မီးသတ်တပ်ဖွဲ့စခန်းရှေ့တို့တွင် ဆန်ငါးပြည်ပါ အိတ်ရေ ၇၀၀ ၊ ဆားအထုပ်ရေ ၁၁၀၀၊ ဆီဘူး အကြီး၊ အသေး စုစုပေါင်း ၃၀၀၀ ခန့် တို့ကို ဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀၊ ဆားတစ်ထုပ်လျှင် ကျပ် ၁၀၀၊ ဆီတစ်ဘူးလျှင် အနည်းဆုံး ကျပ် ၈၀၀ မှ ၆၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ရောင်းချပေးခဲ့သည့် ဆန်အမျိုးအစားမှာ ရက် ၉၀ ဆန်ဖြစ်ပြီး ဆီအမျိုးအစားများမှာ ရာသက်ပန်နေကြာဆီ၊ စားသုံးဆီ၊ Mitra နေကြာဆီ ၊ Dyanas နေကြာဆီ၊ Goody နေကြာဆီနှင့် Goody ဟင်းသီးဟင်းရွက်ဆီစသည်တို့ဖြစ်ကြောင်း၊ ထိုကဲ့သို့ရောင်းချပေးရာ၌ လာရောက်ဝယ်ယူသည့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မည့်အန္တရာယ်မှ ကင်းဝေးစေရန်အတွက်လည်း တစ်ဦးချင်း ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် သန့်စင်စေခြင်း၊ သုံးပေအကွာမှ တန်းစီဝယ်ယူစေခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လတ်တလော ကိုဗစ်-၁၉ အရေးကြောင့် ရွှေပြည်သာစက်မှုဇုန်နှင့် ရွှေလင်ဗန်းစက်မှုဇုန်တို့ရှိ ပြည်သူများထံ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆားများ ဈေးကွက်အတွင်း ပြတ်လပ်ခြင်းမရှိစေရန်နှင့် ဈေးနှုန်းကြီးမြင့်ခြင်း မရှိစေရန်အတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သက်သာသော နှုန်းထားဖြင့် ယခုကဲ့သို့ လိုက်လံရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အခြားစက်မှုဇုန်များတည်ရှိရာ မြို့နယ်များသို့လည်း လာမည့်ရက်များအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဆက်လက်လှည့်လည် ရောင်းချပေးသွားမည်ဖြစ်ပြီး ဒေသတွင်းဖွင့်လှစ်ရောင်းချနေသည့် အိမ်ဆိုင်များ၊ လက်လီ၊ လက်ကားလုပ်ငန်းများ ထိခိုက်မှုမရှိစေရန်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ထုတ်ပြန်ချက်အရ သိရသည်။ **ကိုထက်**



ရွှေပြည်သာစက်မှုဇုန်၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးစဉ်။

# မိုးနဲမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိ

**မိုးနဲ မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူများ ပါဝင်လာစေရန်အတွက် မြို့နယ်အတွင်းရှိ ရုံးဌာနများတွင် လက်ဆေးကန်များ ထားရှိခြင်း၊ စနစ်တကျ လက်ဆေးနည်း အသိပညာပေး ပိုစတာများ ကပ်ထားခြင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ အသိ ပညာပေးလုပ်ငန်းများကို နေ့စဉ်မပြတ် ရပ်ကွက်/ကျေးရွာအုပ်စုလမ်းများပေါ်တွင် အသံချဲ့စက်ဖြင့် အသိပေး ဆောင်ရွက်ခြင်း၊ မြို့နယ်စည်ပင်သာယာ ဈေးဆိုင်ခန်းများတွင် ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ လူစည်ကားသည့် စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားခြင်း မပြုလုပ်ဘဲ နေအိမ်သို့ ဝယ်ယူသယ်ဆောင်စေခြင်း စသည့် အသိပညာပေးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အလားတူ ရောဂါကူးစက်ပြန့်ပွားခြင်း မဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သံသယလူနာများ မရှိသေးသော်လည်း ရပ်ကွက်/ကျေးရွာအုပ်စုများသို့ နေ့စဉ်ဝင်ရောက်လာသည့် လူဝင်လူထွက်များ၊ ပြည်ပမှ ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပြီး ကျန်းမာရေး ကြီးကြပ်စောင့်ကြည့်နိုင်ရန်အတွက် မိုးနဲမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း ၊ အ၃ ကျောင်းတိုက်ဓမ္မာရုံ၊ ချမ်းသာကြီးကျောင်းတိုက် ဓမ္မာရုံ၊ ဥယျာဉ်ကျောင်းတိုက် ဓမ္မာရုံနှင့် ဇရပ်၊ အခြေခံပညာ အလယ်တန်းကျောင်း (မြို့မ)တို့တွင် နေရာများ သတ်မှတ်ကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# လွိုင်ကော်မြို့ရှိ နေရပ်ပြန်များထားရှိရာ အဆောင်နှင့် အများပြည်သူဆိုင်ရာနေရာများအား ပိုးသတ်ဆေးဖျန်း

**လွိုင်ကော် မေ ၁**

ကယားပြည်နယ်အတွင်း ပြည်သူများ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါအား ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် လွိုင်ကော်မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီထွေးဦး ဦးစီးသည့် မီးသတ်တပ်ဖွဲ့များ၊ ဖေးကူလက်များ(ကယား) ပရဟိတအသင်း၊ ဝစ္စကုဋ္ဌီ ပရဟိတအသင်းတို့နှင့် ပူးပေါင်းပြီး ကယားပြည်နယ်အတွင်း ပြန်လည်ရောက်ရှိလာသော နေရပ်ပြန်များတည်းခိုသည့် လွိုင်ကော်မြို့ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ သာသနာ့ဗိမာန်၊ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) အဆောင်ပတ်လည်တို့တွင် မတ် ၃၀ ရက် ည ၁၀ နာရီက ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

"အလှူရှင်စုပေါင်းအားနဲ့ ပိုးသတ်ဆေးဖျန်းကြရတာဖြစ်ပြီး ပရဟိတအဖွဲ့အစည်းအနေနဲ့ ဒီလိုဆောင်ရွက်နိုင်ဖို့ နှာခေါင်းစည်တွေ၊ လက်အိတ်တွေ လုံလောက်မှုမရှိပါဘူး။ ဘာလို့ဆိုရင် ဆေးကပြင်းလို့ပါ။ ကလေးတွေက ဆေးဖျန်းပုံးတစ်ပုံး ဖျန်းရင်တောင်မှ လက်အိတ်က နှစ်ခါလောက် လဲရတယ်။ နှာခေါင်းစည်းဆိုလည်း အဆင်မပြေဘူး။ အထူစားကို ရှာပေးရတယ်။ အဲဒါမှ ဆေးဖျန်းတဲ့ကလေးတွေအတွက် အန္တရာယ်ကင်းပြီး လုံခြုံမှာပါ။ လက်ရှိမှာ ပရဟိတအဖွဲ့ရဲ့ အဓိကလိုအပ်တဲ့ နှာခေါင်းစည်း၊ လက်အိတ် စတဲ့ အလှူရှင်တွေကို ဖိတ်ခေါ်ထားပြီး နည်းများမဆို ပါဝင်ကူညီပေးဖို့ တောင်းဆိုထားပါတယ်။ နှာခေါင်းစည်းကို ၁၀ ခုပဲရရ၊ ၁၅ ခုပဲရရ၊ လက်အိတ်လည်း အဲလိုပါပဲ ကိုယ်စေတနာရှိသလောက် တတ်နိုင်သလောက်လေး လှူပေးစေချင်ပါတယ်" ဟု ဖေးကူလက်များ(ကယား) ပရဟိတအသင်းခေါင်းဆောင် ကိုထွန်္ဋခေါင်က ပြောကြားသည်။

ပြည်နယ်အတွင်းသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့ စသည့် မြို့နယ်များအတွင်း ကန့်သတ်စောင့်ကြည့်ရန် ဆောင်ရွက်ထားရှိပြီး စုစုပေါင်း ၆၁၈ ဦး ရှိကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# သန်လျင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဖွဲ့စည်း

**ရန်ကုန် မေ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် အထောက်အကူပြုကော်မတီဖွဲ့စည်းခြင်းနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၃၀ ရက် ညနေ ၃ နာရီက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်က သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အသိပညာပေးရေး လုပ်ငန်းများအတွက် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းကာ ကော်မတီအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားနိုင်ရေးနှင့် လိုအပ်သောထောက်ပံ့မှုများအား ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းမှာကြားပြီး ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးနေမှုများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်က လိုအပ်သည်များကို ဖြည့်စွက်ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အလှူရှင် ဒေါ်စိုးမြင့် မိသားစုက အလှူငွေကျပ် ငါးသိန်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

# မြောင်းမြအကျဉ်းဦးစီးဌာန၌ ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုမရှိရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မြောင်းမြ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အကျဉ်းဦးစီးဌာနတွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုမရှိရေးနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် နေ့စဉ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီရောဂါပိုးက အလွန်ကူးစက်လွယ်တယ်လို့ သိရတယ်၊ ဒါကြောင့် ထောင်အတွင်းအပြင်ကို သန့်ရှင်းရေးတွေ မပြတ်လုပ်ဆောင်တယ်။ နေ့စဉ် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်တယ်။ နောက်ပြီး အကျဉ်းသားတွေကို ဆေးအဖြစ် ညစဉ် ချင်းပြုတ်ရည် တိုက်ကျွေးပါတယ်"ဟု မြောင်းမြ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလက်စီက ပြောကြားသည်။

မြောင်းမြမြို့အကျဉ်းထောင်၌ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ဆေးဘေစင်များ တပ်ဆင်ထားရှိခြင်း၊ လက်ကို စင်ကြယ်စွာဆေးကြောစေခြင်း၊ ထောင်ကျဆောင်များနှင့် အတွင်းအပြင်တို့တွင် ညနေတိုင်းပိုးသတ်ဆေးဖျန်းခြင်းများဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုး ပျံ့နှံ့ကူးစက်ခြင်းမခံရအောင် အထူးကြပ်မတ်ဆောင်ရွက်နေကြောင်း သိရသည်။ **သင်းရနံ့(မြရာမြေ)**

# သားလေးရဲ့ မွေးနေ့ပါတီကို ဖျက်သိမ်းခဲ့ရတာကြောင့် ဝမ်းနည်းနေတဲ့ ချယ်ရီ

ကျော်ကြားတဲ့တေးသံရှင်တစ်ဦးဖြစ်သူ ချယ်ရီက သားလေးရဲ့ မွေးနေ့ပါတီ ပြုလုပ်ဖို့ရာ စီစဉ်ထားပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အခမ်းအနားဖျက်သိမ်းခဲ့ရတဲ့အပေါ် ဝမ်းနည်းနေကာ ပရိသတ်တွေကို မွေးနေ့ပါတီဖျက်သိမ်းကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် အသိပေးခဲ့ရာမှာ မျက်ရည်တွေနဲ့ ပြောကြားခဲ့ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အသက် ၃၆ နှစ်အရွယ် ချယ်ရီက သူနဲ့တေးသံရှင် လီယမ်ပိန်းတို့ရဲ့ သားဖြစ်သူ ဘီးယားရဲ့ သုံးနှစ်ပြည့်မွေးနေ့ကို မိသားစုဝင်တွေ၊ သူငယ်ချင်းတွေနဲ့ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာပါ။ ဒါပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် နေအိမ်မှာပင် အသွားအလာကန့်သတ်မှုတွေ ပြုလုပ်ထားတဲ့ ကာလဖြစ်တာကြောင့် မွေးနေ့ပါတီကို ဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။

ဗြိတိန်အစိုးရက ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကာကွယ်ရေးအတွက် ခပ်ခွာခွာနေကြဖို့ရာ ထုတ်ပြန်ပြောကြားခဲ့ပြီးနောက် အခုလို ခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို ချခဲ့တာဖြစ်တယ်လို့လည်း ချယ်ရီက ပြောကြားခဲ့ပါတယ်။ မွေးနေ့ဖျက်သိမ်းလိုက်ရတဲ့အခြေအနေကို နားလည်ပေမယ့် ဒီလိုဖြစ်ရတာကို အတော်လေးစိတ်ပျက်နေမိကြောင်းလည်း ချယ်ရီက ပြောကြားခဲ့ပါတယ်။



# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း နောက်ပြောင်ခဲ့သည့် ဂျေဂျွန်း အရေးယူခံရဖွယ်ရှိ

မေ ၁ ရက်မှာ ပရိသတ်တွေအတွက် အမှတ်တရဖြစ်စေဖို့ နောက်ပြောင်ကျီစယ်ခဲ့သူ တောင်ကိုရီးယားပေါ့ပ်တေးသံရှင် ဂျေဂျွန်းဟာ လတ်တလောမှာ အရေးယူခံရနိုင်ဖွယ်ရှိကြောင်း အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဂျေဝိုင်ဂျေ အမျိုးသားတေးဂီတအဖွဲ့မှ အဖွဲ့ဝင် ဂျေဂျွန်းဟာ မေ ၁ ရက် နေ့လယ်ပိုင်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ဆေးရုံတက်ရောက်နေကြောင်း နောက်ပြောင်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့်က သူဟာ အစိုးရက ထုတ်ပြန်ထားတာတွေကို မလိုက်နာဘဲ ဂရုမပြုနေထိုင်ခဲ့တာကြောင့် ယခုလို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတာဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ပေါ့ပ်ကြယ်ပွင့်က လူတစ်ဦးရဲ့ အပြုအမူကြောင့် လူမှုအသိုက်အဝန်းတစ်ခုလုံး ထိခိုက်ခဲ့ရကြောင်း၊ သူ့ထံကနေတစ်ဆင့် ဗိုင်းရပ်စ်ကူးစက်ခံရတဲ့သူတွေကိုလည်း တောင်းပန်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

ဒီလို သတင်းအမှားဖော်ပြခဲ့တာနဲ့ပတ်သက်ပြီး အေဂျင်စီက ဂျေဂျွန်းနဲ့ ဆက်သွယ်မေးမြန်းဆဲဖြစ်ကြောင်း တုံ့ပြန်ခဲ့ပါတယ်။ သတင်းအမှား ဖော်ပြခဲ့တာကြောင့် ဂျေဂျွန်းဟာ တောင်ကိုရီယား ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးစင်တာရဲ့ အရေးယူခြင်းခံရဖွယ်ရှိနေပါတယ်။ အချို့သော ပရိသတ်တွေကလည်း ဒီလိုနောက်ပြောင်ခဲ့တဲ့ ဂျေဂျွန်းအပေါ် စိတ်ဆိုးကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

# ခိုင်လီဂျန်နာက ဆေးရုံများအတွက် လက်သန့်စင်ဆေးရည်ထုတ်လုပ်သွားမည်

ကျော်ကြားတဲ့ ရုပ်သံသရုပ်ဆောင်နဲ့ အလှအပရေးရာ အကြံပေးတစ်ဦးဖြစ်သူ ခိုင်လီဂျန်နာရဲ့ ကိုယ်ပိုင်အသားအရေထိန်းသိမ်းရေး အလှကုန်အမှတ်တံဆိပ်တစ်ခုမှ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကာကွယ်ရေးအတွက် ရည်ရွယ်ကာ လက်သန့်စင်ဆေးရည်ထုတ်လုပ်ပြီး ဆေးရုံများသို့ ဖြန့်ဝေသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ခိုင်လီဂျန်နာရဲ့ မိသားစုဝင်တွေနဲ့ မိခင်ဖြစ်သူတို့ကလည်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် လက်သန့်စင်ဆေးရည်တွေ ထုတ်လုပ်ဖြန့်ဝေးပေးခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်တာကြောင့် ခိုင်လီဂျန်နာလည်း ပါဝင်လုပ်ဆောင်တာ ဖြစ်ပါတယ်။

ခိုင်လီဂျန်နာဟာ သူကိုယ်တိုင်လည်း နေအိမ်မှာပင် အသွားအလာကန့်သတ်နေထိုင်ပြီး အခြားသူများနဲ့ ခပ်ခွာခွာနေကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ကင်းဝေးနိုင်အောင် ကြိုးစားနေထိုင်နေပါတယ်။ သူဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းကလည်း ဆေးရုံကဝန်ထမ်းတွေအတွက် အသုံးအဆောင်တွေ ဝယ်ယူနိုင်ဖို့ရာ အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ကြောင်းလည်း သိရပါသည်။



# လင်ဆေးလိုဟန်ရဲ့ တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်

တေးသံရှင်နဲ့သရုပ်ဆောင်တစ်ဦးဖြစ်သူ လင်ဆေးလိုဟန်ဟာ တေးသီချင်းသစ် ထုတ်လွှင့်ခဲ့ခြင်းမရှိတာ ဆယ်စုနှစ်တစ်ခုကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာ သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပြီး ပရိသတ်တွေကို အံ့အားသင့်စေခဲ့ကြောင်း ဟောလိဝုဒ် လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၁ ရက်မှာ လင်ဆေးလိုဟန်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ဖော်ပြခဲ့ပါတယ်။ အဲဒီသီချင်းသစ်မှာ လင်ဆေးလိုဟန်က သတင်းထောက်တွေနဲ့ တစ်ချိန်က ရင်ဆိုင်ခဲ့ရတဲ့အကြောင်းတွေကို ထည့်သွင်းဖော်ပြထားကြောင်းလည်း သိရပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လင်ဆေးလိုဟန်က တေးသီချင်းသစ်အတွက် စက္ကန့် ၃၀ သာကြာတဲ့ ဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာပါ။ ဒီလို ထုတ်လွှင့်ရာမှာ သူ့ရဲ့ တေးသီချင်းသစ်နဲ့ပတ်သက်ပြီး များစွာထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒီတေးသီချင်းဟာ နှစ်ပေါင်း ၁၂ နှစ်အတွင်း ပထမဆုံးထွက်ရှိလာမယ့် လင်ဆေးလိုဟန်ရဲ့ တေးသီချင်းလည်း ဖြစ်ပါတယ်။

တေးသီချင်းသစ်အတွက် စမ်းသပ်ထုတ်လွှင့်တဲ့ ဗီဒီယိုနဲ့အတူ လင်ဆေးလိုဟန်က ပြန်လာပြီလို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကိုလည်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ ဒီစာသားဟာ တေးသီချင်းသစ်နဲ့အတူ သူ့အနေနဲ့ ပရိသတ်ရှေ့အရောက်ပြန်လာပြီဖြစ်ကြောင်း ပြောကြားလိုတာလား၊ တေးသီချင်းအမည်လားဆိုတာကိုတော့ ကွဲကွဲပြားပြားမပြောနိုင်ပါဘူး။ တေးသီချင်းသစ် ထုတ်လွှင့်မယ့်အကြောင်း ဖော်ပြခဲ့တဲ့အပေါ် ပရိသတ်တွေက အကောင်းမြင်တဲ့ မှတ်ချက်ပြုစကားတွေ ပြန်လည်ဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

## အလှူငွေလှူဒါန်းသူများကို အီမီလာကလာ့ခ်ကီ ညစာအတူစားရန် အခွင့်အရေးပေးမည်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ အီမီလာကလာ့ခ်ကီက SameYou ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးရန်ပုံငွေသို့ အလှူငွေ လှူဒါန်းပေးပါက သူနဲ့အတူ ညစာစားဖို့ အခွင့်အရေးရရှိမှာဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


အီမီလာကလာ့ခ်ကီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို သူတည်ထောင်ထားတဲ့ ဖောင်ဒေးရှင်းရဲ့ ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကာကွယ်ရေးရန်ပုံငွေသို့ အလှူငွေလှူဒါန်းပေးဖို့ တောင်းဆိုခဲ့တာပါ။ မင်းသမီးက ဗြိတိန် ပေါင် ၂၅၀၀၀၀ ကို ပါဝင်လှူဒါန်းပေးဖို့ တောင်းဆိုခဲ့ပြီး လှူဒါန်းပေးပါက သူနဲ့အတူ ညစာစားဖို့ အခွင့်အရေး ပြန်လည်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

# ရှားပါးဓာတ်ပုံကို ဖော်ပြခဲ့တဲ့ အရီရန်နာဂရန်းဒ်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာ တစ်ခါမျှ တွေ့မြင်ခဲ့ဖူးခြင်း မရှိသေးတဲ့ သူ့ရဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။

အရီရန်နာဂရန်းဒ်ဟာ အမေရိကန်ပြည်သူတွေအနေနဲ့ နေအိမ်မှာပင် အသွားအလာကန့်သတ်နေထိုင်နေကြောင်းကို လှစ်ဟပြသခဲ့တာလည်းဖြစ်ပါတယ်။ နေအိမ်မှာ ရှိနေတာကြောင့် ဆံပင်ကောက်တာ၊ ဖြောင့်တာမပြုနိုင်ဘဲ ပင်ကိုဆံပင်အတိုင်းရှိနေတာကိုလည်း ရည်ညွှန်းကြောင်း အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

အရီရန်နာဂရန်းဒ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အဆိုပါဓာတ်ပုံကို ဖော်ပြခဲ့တာပါ။ ယင်းဓာတ်ပုံကို စတင်ဖော်ပြခဲ့ပြီးနောက် မိနစ် ၄၀ ကျော်အတွင်းမှာပင် ကြိုက်နှစ်သက်ကြောင်း ဖော်ပြခဲ့သူ တစ်သန်းခန့်ရှိခဲ့ကြောင်းလည်း သိရပါတယ်။





## မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း နတ်မောက်ပြည်သူ့ဆေးရုံသို့ နှာခေါင်းစည်း ၂၀၀၀၀ လှူဒါန်း

**ရန်ကုန် ဧပြီ ၁**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအမှတ် (၂) ဖြစ်သည့် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့ရှိ ပြည်သူ့ဆေးရုံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် နှာခေါင်းစည်းများ လှူဒါန်းပွဲကို မတ် ၃၁ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း ဥက္ကဋ္ဌ ဦးသစ္စာ၊ မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကုသရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာ မြတ်စန္ဒာသန့်တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း ဥက္ကဋ္ဌ ဦးသစ္စာက ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၂၀၀၀၀ ကို လှူဒါန်းရာ နတ်မောက်မြို့နယ်ကုသရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာ မြတ်စန္ဒာသန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

၁၉၈၂ ခုနှစ်က တည်ဆောက်ခဲ့သော နတ်မောက်ပြည်သူ့ဆေးရုံကို မြန်မာ-တရုတ်ချစ်ကြည်ရေး အမှတ် (၂) ဆေးရုံအဖြစ် ပြန်လည်မွမ်းမံတိုးချဲ့ တည်ဆောက်ရာတွင် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက တာဝန်ယူ တည်ဆောက်ပေးခဲ့ရာ ၂၀၁၉ ခုနှစ် မေ ၁၀ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ ယခုလှူဒါန်းမှုနှင့် တစ်ဆက်တည်းတွင် Golden City Charity Foundation ကလည်း Oxygen Plant တစ်စုံ ပါဝင်လှူဒါန်းခဲ့ရာ လှူဒါန်းမှုများအတွက် သံအမတ်ကြီးက မုဒိတာဝမ်းမြောက်စကား ပြောကြားခဲ့ပြီး နတ်မောက်မြို့နယ်ကုသရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာ မြတ်စန္ဒာသန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မြင့်မောင်**

ဧပြီ ၁ ရက် နံနက်ပိုင်းက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉) ကျောင်းဆင်း နှစ်ပတ်လည် (၃၂) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ဘက်စုံထာဝရငွေပဒေသာပင် ကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံ တာဝန်ရှိသူတစ်ဦးက လက်ခံစဉ်။

**သတင်းစဉ်**




## ရန်ကုန်(ပန်းဆိုးတန်း／ဒလ) ကူးတို့သင်္ဘောဆိပ်၌ ခရီးသည်စီးနင်းလိုက်ပါမှု ယခင်ကထက်လျော့နည်း

**ရန်ကုန် ဧပြီ ၁**

ရန်ကုန် (ပန်းဆိုးတန်း/ဒလ) ကူးတို့ရေယာဉ်သင်္ဘောဆိပ်ကမ်း၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူများ နေ့စဉ်ပုံမှန်သွားလာလျက်ရှိရာ ခရီးသည်စီးနင်းလိုက်ပါမှုအနေဖြင့် ယခင်ကထက် သိသိသာသာ လျော့နည်းသွားကြောင်း၊ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါပိုးကူးစက်မှု မဖြစ်ပေါ်စေရေးအတွက် လက်ဆေးဘေစင်များထားရှိပေးခြင်းနှင့် ညစဉ် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများနှင့် ခရီးသည်များ သွားလာရေး အဆင်ပြေချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ သိရသည်။

ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက "သင်္ဘောခရီးစဉ်ကို ပုံမှန် ၄၆ ခေါက်နှုန်းနဲ့ မိနစ် ၂၀ ခြား တစ်ခါစီ ပြေးဆွဲပေးပါတယ်၊ ခရီးသည် စီးနင်းလိုက်ပါမှုကတော့ အရင်ကထက် ထက်ဝက်လောက် လျော့နည်းသွားပါတယ်၊ နိုင်ငံခြားသားခရီးသည် ဝင်ရောက်လည်ပတ်မှုပါ မရှိသလောက် နည်းသွားတယ်၊ အနယ်အနယ်အရပ်ရပ်က ခရီးသည်တွေ သွားလာမှုအဆင်ပြေစေရေးနဲ့ ဘေးကင်းလုံခြုံရေးကို ဝန်ထမ်းများက အလေးထားပြီး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများစွာတို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက်နေရာ တစ်ခုဖြစ်သည့် ဒလမြို့နယ် သင်္ဘောဆိပ်ကမ်းမှ တစ်ဆင့် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းသို့ ကူးတို့ပြေးဆွဲနေသည့် ဂျပန်နိုင်ငံမှ လှူဒါန်းထားသော ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) သင်္ဘောသုံးစင်းဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ နေ့စဉ် ၄၆ ခေါက်နှုန်းဖြင့် အနယ်နယ်အရပ်ရပ်ရှိ ခရီးသွားပြည်သူများစွာတို့ကို ပို့ဆောင်ပေးလျက်ရှိရာ ယခင်က နေ့စဉ် ၃၀၀၀၀ ခန့် သွားလာနေသော သင်္ဘောခရီးစဉ်၌ ယခုအချိန်တွင် ခရီးသည်စီးနင်းလိုက်ပါမှု ထက်ဝက်ခန့် လျော့နည်းသွားကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း ပြေးဆွဲနေသည့် ချယ်ရီသင်္ဘောများနှင့် လက်မှတ်ရုံတို့၌ အနယ်နယ် အရပ်ရပ်ရှိ ခရီးသွား မိဘပြည်သူများအား ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားစေရေးအတွက် လက်ဆေးဘေစင်များကို ပန်းဆိုးတန်းနှင့် ဒလကူးတို့ဆိပ်ရှိ လက်မှတ်ရုံအတွင်းနှင့် ခရီးသည် ဝင်ပေါက်တို့၌ တပ်ဆင်ထားရှိပေးထားပြီး ညစဉ် သင်္ဘောခရီးစဉ်ရပ်နားချိန်တို့၌ သင်္ဘောဝန်ထမ်းများ၊ လက်မှတ်ရုံ ဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**





## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး မိုင်းယောင်းမြို့မဈေး၌ ပိုးသတ်ဆေးဖျန်း

**မိုင်းယောင်း ဧပြီ ၁**

မြန်မာပြည်၏ အရှေ့ဘက်အစွန်ဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက မြို့မဈေးနှင့် မြို့နယ်စည်ပင်သာယာရေးဌာန၌ ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်ဦး၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းပါဝင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့မဈေးအတွင်းသား၊ ငါးများရောင်းချသည့် နေရာများ၊ ဈေးဆိုင်ခန်းများ၊ ဈေးအတွင်း/အပြင်နေရာများနှင့် အများသုံး သန့်စင်ခန်းနေရာများ၌ ပိုးသတ်ဆေးများ ဖျန်းခဲ့ကြကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရပ်ကွက်များ၌ ပိုးသတ်ဆေးဖျန်း

**မန္တလေး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရပ်ကွက်အလိုက် ပိုးသတ်ဆေး ဖျန်းလျက်ရှိကြောင်း ပြည်ကြီးတံခွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလရော်က ပြောကြားသည်။

"ပြည်ကြီးတံခွန် မြို့နယ်မှာ ရပ်ကွက် ၁၈ ရပ်ကွက်ရှိပါတယ်၊ မြို့နယ်အတွင်းမှာရှိတဲ့ ဈေးတွေ၊ လူစည်ကားတဲ့ နေရာတွေကို အဓိကထားပြီး ဆေးဖျန်းမှုတွေ အရှိန်အဟုန်မပျက် ဆောင်ရွက်နေပါတယ်။ဒီနေ့ မနက်ပိုင်းမှာတော့ တံခွန်တိုင်ဈေးနဲ့ နံ့သာရပ်မှာ လူမှုရေးအသင်းအဖွဲ့များ အပါအဝင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းပြီး ပိုးသတ်ဆေးဖျန်းမှုတွေ ဆောင်ရွက်နေပါတယ်၊ ဒီနေ့အထိ ငါးရပ်ကွက် ဆေးဖျန်းပြီးပါပြီ၊ ကျန်ရှိနေတဲ့ ဈေးတွေနဲ့ ရပ်ကွက်များကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က ပြောကြားသည်။

"မြို့နယ်အတွင်းမှာ စောင့်ကြည့်လူနာထားရှိရေး အထက(၂၇) ကို ကြိုတင်ပြင်ဆင်ထားရှိပြီး အရန်အဖြစ် အထက(၂၃)နှင့် ကနောင်ခန်းမတွေကိုလည်း လျာထားဆောင်ရွက်နေပါတယ်၊ မြို့နယ်အတွင်းကို ရောက်ရှိလာတဲ့ ပြည်ပမှ ပြန်လာသူများကို ၁၄ ရက် မဖြစ်မနေ စောင့်ကြည့်မှုတွေ ပြုလုပ်ရမှာပါ။ လက်ရှိမှာတော့ သူတို့ကိုဆေးရုံကို ပို့ဆောင်ပေးလျက်ရှိပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကိုလည်း ပြည်သူများသိရှိအောင် အသိပညာပေးမှုများကို ပြုလုပ်လျက်ရှိကာ ဆက်လက်၍ သက်ဆိုင်ရာဌာနများမှ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့်အသိပညာပေး ထုတ်ပြန်ချက်များကိုလည်း ပြည်သူလူထုအတွင်း ဆက်လက်အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**






# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## အဂတိပယ်ခွာ ဥပဒေဆိုင်ရာ ဆက်စပ်မှု ဆောင်းပါးအဖြာဖြာ(သိမှတ်ဖွယ်ရာများ)

စာရေးသူ ဦးမြင့်ဆွေ(မြတ်လင်းဆွေ) စီစဉ်ရေးသားသည့် အဂတိပယ်ခွာ ဥပဒေဆိုင်ရာဆက်စပ်မှု ဆောင်းပါးအဖြာဖြာ(သိမှတ်ဖွယ်ရာများ) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဖွဲ့စည်းမှု သမိုင်းမှတ်တမ်း၊ ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ၊ အဂတိလိုက်စားမှု တားမြစ်ရေး၊ တိုက်ဖျက်ရေးတာဝန်နှင့် စွမ်းဆောင်ချက် ဆောင်းပါးများကို စုစည်းဖော်ပြထားသည်။ မျိုးဆက်သစ်အရာရှိများ၊ ဥပဒေဗဟုသုတ ရှာမှီးလိုသူများအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ချမ်းသာစာပေ၊ အမှတ်-၁၃၆၊ ၃၉-လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၇၄၆၂၆မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။



## စားပွဲခုံထောင့်စွန်းက စကားပြေတချို့

စာရေးသူ သစ်ဝေခ စီစဉ်ရေးသားသည့် စားပွဲခုံထောင့်စွန်းက စကားပြေတချို့ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စိတ်က တံခါးတစ်ချပ်ဆို ဖွင့်ကြည့်လိုက်တာပေါ့၊ လူဖြစ်ရတာ ကျေနပ်စရာကောင်းတယ်၊ ခေါ်သွားပေါ်မှာ ပျားရည်စက်တွေနဲ့ မျက်ရည်စတွေနဲ့၊ ပစ္စက္ခမှာ နှလုံးသားပေါင်းပြီး ပန်းတွေဝေဆာ အနာဂတ်ကို လှမ်းပါတော့လား အိုအချင်းတို့၊ တစ်မိုးအောက် မှာ ချစ်ခြင်းမေတ္တာပေါင်းစည်းမယ်၊ လွင့်ကျသွားတဲ့ အိပ်မက်မနက်ဖြန်တွေ စသည့် စိတ်ဝင်စားဖွယ် အကြောင်းအရာ ၂၀ နီးပါးကို ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။



## ပန်းမြို့တော်၏အလင်္ကာကဗျာများ

ကလောင်စုံ ရေးသားသည့် ပန်းမြို့တော်၏ အလင်္ကာကဗျာများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မွေးရပ်မြေသို့ ဦးခိုက်ပူဇော်ခြင်း၊ ညွှန်းဖွဲ့ဂုဏ်တင် ပြင်ဦးလွင်၊ ဆေးရောင်စုံအချစ်တွေနဲ့မြို့၊ ငါးမည်ရမြို့ဌာနီ၊ အပြေးလာမည် ပန်းမြို့တော်ဆီ၊ ထင်းရှူးချယ်ရီ သက်သေတည်၊ တောင်လေ့ကားသို့သဝဏ်လွှာ၊ ငါးမည်စုံလင် ပြင်ဦးလွင်၊ ကြိုဆိုမြဲပင် ပြင်ဦးလွင်၊ အလွမ်းမြို့တော် ပန်းမြို့တော်၊ ပန်းမြို့တော်ကိုလွမ်းတယ်၊ သဘာဝအလှတို့ပျော်စံရာပြင်ဦးလွင် စသည့် ပြင်ဦးလွင်နှင့်ပတ်သက်သည့် ကဗျာများကို ရေးသားထားသည်။

စာအုပ်ကို သစ္စာရောင်ခြည်စာပေမှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။



## မြန်မာ့ရိုးရာ အဆောင်လက်ဖွဲ့လက်စွဲ

စာရေးသူ လှမိုးနိုင် စီစဉ်ရေးသားသည့် မြန်မာ့ရိုးရာ အဆောင်လက်ဖွဲ့လက်စွဲ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဉာဏ်ဒိဋ္ဌိညာ အဆောင်၊ သာမညဆရာတော်ကြီး၏ ဏရာဘစကြာအင်း၊ ဗားမဲ့ဆရာတော် နန္ဒသာရ၏ အင်းစမအဆောင်များ၊ အန္တရာယ်ကင်းအောင် ပိတုန်းရုပ်ကိုဆောင်၊ အပြိုင်အဆိုင်အနိုင်ရစေသော အင်းအဆောင်၊ မေတ္တာစွမ်းအား အဆောင်၊ ဈေးရောင်းကောင်းစေသော စမ၊ အောင်မောင်းအဆောင်၊ ကင်းကြီးစမအဆောင်၊ သူခိုးဓားပြကာကွယ်စေသော အင်းအဆောင်များကို ရေးသားထားသည်။

စာအုပ်ကို ဘုန်းရောင်စာပေ၊ တိုက်-၂၇၊ အခန်း-၁၂၊ ၅၂-လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။




## ရာဇဝင်ထဲမှာ ပုဏ္ဏား

ဒေါက်တာဒဂုန်(Ph.D)(Astro)(Kol.)စီစဉ်ရေးသားသည့် ရာဇဝင်ထဲမှာ ပုဏ္ဏား စာအုပ်ထွက်ရှိလာသည်။

မျက်မမြင်ပုဏ္ဏားခြောက်ဦးတို့သည် ဆင်တစ်ကောင်လုံးကို စမ်းတဝါးဝါး စမ်းသပ်ရင်းမှ တစ်ယောက်တစ်မျိုး မိမိတို့ထင်ရာ လွဲမှားစွာ ပြောကြသည်ဟု ကမ္ပည်းတင်ခံခဲ့ရသည်။ ယခုအခါ ပုဏ္ဏားငယ်တစ်ဦးသည် ပုဏ္ဏားတို့၏ရင်းမြစ် သမိုင်းကြောင်းတို့ကို အပိုအလိုမရှိ ပကတိတိကျပြတ်သားစွာ ခိုင်မာသော အထောက်အထားပေါင်း မြောက်မြားစွာနှင့်တကွ ပြုစုထားသည့်အတွက် လေ့လာသင့်သော စာအုပ်ဖြစ်သည်။

ဇောတိကစာပေ၊ အမှတ်-၁၇၅၊ သိမ်ဖြူလမ်း၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၁၃၀၅၈မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။



## မန်နေဂျာကောင်းဖြစ်ရေး အကြံပေးလမ်းညွှန်

စာရေးသူ မောင်ကျေးဇူး စီစဉ်ရေးသားသည့် မန်နေဂျာကောင်းဖြစ်ရေး အကြံပေးလမ်းညွှန် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အပြုသဘောဆောင်သည့် စိတ်နေသဘောထားဖွံ့ဖြိုးရေး၊ အလုပ်ခွင်အတွင်း စိတ်ဖိစီးမှုကင်းဝေးစေရန်၊ လုပ်ငန်းများဖြစ်မြောက်ရုပ်လုံးပေါ်အောင် ဦးဆောင်နိုင်စွမ်းရှိရေး၊ သင့်ကိုယ်သင် ယုံကြည်မှုတိုးတက်စေနည်း၊ ဦးစီးခေါင်းဆောင်ဖြစ်လိုပါသလား၊ လုပ်ငန်းအဖွဲ့အစည်းအတွင်း ရေရှည်တိုးတက်ဖွံ့ဖြိုးရေး၊ အရေးပေါ်ကိစ္စများအတွက် ကြိုတင်ပြင်ဆင်နည်း စသည့် အကြောင်းအရာ ၅၀ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။




## လက်ရွေးစင်ဟာသပဒေသာ အမှတ်(၃)

စာရေးသူ မောင်ကောင်းထိုက်(နီးပဒေါ) စီစဉ်ရေးသားသည့် လက်ရွေးစင်ဟာသပဒေသာ အမှတ်(၃) စာအုပ် ထွက်ရှိလာသည်။

မျက်နှာများတဲ့လူ ခေါင်းစဉ်ဖြင့် ယောကျ်ားကြီးတစ်ယောက် လမ်းလျှောက်လာသည်။ မျက်နှာချင်းဆိုင်မှလည်း လူတစ်ယောက်လျှောက်လာသည်။ ဒုတိယလူကို အကြောင်ရိုက်ရန် ပထမလူ ဆုံးဖြတ်လိုက်သည်။ ဟေ့လူ ခင်ဗျားမျက်နှာနဲ့ ကျွန်တော့်မျက်နှာ ကပ်လိုက်ရအောင်။ အဲဒါဆိုရင် "မျက်နှာငါးခုဖြစ်လာမယ်ဗျ" ဒုတိယလူသည် ယောကျ်ားကြီးကို အတန်ကြာ ကြည့်ပြီးပြောသည်။ "ဘာလဲ ခင်ဗျားမှာ မျက်နှာတစ်ခုတည်းရှိလား" ဟာသနှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာများကို ရေးသားထားသည်။

စာအုပ်ကို ရွှေပဒေသာစာပေ၊ အမှတ်-၃၃၊ မြေညီထပ်၊ ကျီတော်လမ်း၊ ပုဇွန်တောင်၊ ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၅၉၈၅၇၇၉နှင့် ၀၉-၉၇၉၀၀၅၆၃၃မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။



## အဝတ်လျှော်ဖွပ်သန့်စင်ရေး နည်းပညာလက်စွဲ

စာရေးသူ ထွန်းဖောင်ဒေးရှင်းစာပေဆုရ ဆရာဦးဝင်းထိန်(ဟိုတယ်/ခရီး) စီစဉ်ရေးသားသည့် အဝတ်လျှော်ဖွပ်သန့်စင်ရေး နည်းပညာလက်စွဲစာအုပ် ထွက်ရှိလာသည်။

ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ပညာဗဟုသုတပြည့်စုံရေး၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် လူနာပြုစုရေးတွင် ပညာဗဟုသုတတိုးပွားစေရန်၊ ကျေးလက်နေ အိမ်ရှင်မများနှင့် ၎င်းတို့နှင့်ပတ်သက်သူများဖတ်ရှုကာ သန့်ရှင်းသောလူ့ဘောင်သစ်ရရှိစေရန်၊ အဝတ်လျှော်ဖွပ်ရေးတွင် လုပ်ကိုင်နေသူများ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ တည်းခိုခန်းပိုင်ရှင်များ၊ မော်တော်ယာဉ်၊ ရထား၊ အဝေးပြေးကားလုပ်ငန်းလုပ်ကိုင်နေသူများ၊ အသက်မွေးဝမ်းကျောင်းပြုလုပ်နေသူများအတွက် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို တင်ရွှေစာပေ၊ အမှတ်-၁၁၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၁၇၆၈၃မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

# ဂျူဗင်တပ်အသင်းက စီရိုနယ်လ်ဒိုကို ရောင်းချဖွယ်ရှိနေ



အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အသင်းရဲ့ဘဏ္ဍာရေးကို ထိခိုက်လာနိုင်တဲ့အတွက် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ရောင်းချသွားဖွယ်ရှိတယ်လို့ သတင်းထွက်ပေါ်နေပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသင်းရဲ့ငွေကြေးပိုင်းဆိုင်ရာကို ကြီးကြီးမားမားထိခိုက်လာခဲ့မယ်ဆိုရင် ဂျူဗင်တပ်အသင်းအနေနဲ့ ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုရဲ့ လုပ်ခလစာကို ပေးဖို့အခက်အခဲဖြစ်မှာ စိုးတယ်လို့လည်း ဆိုပါတယ်။

အခုတစ်ပတ်မှာလည်း တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ သူ့ရဲ့တစ်နှစ်လုပ်ခလစာပေါင် ၂၈ သန်းထဲကနေ ပေါင် ၃ ဒသမ ၄ သန်းသာ ယူခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဂျူဗင်တပ်အသင်းဟာ ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာမယ့်ကြွေးမြီ၊ အပြောင်းအရွှေ့ဝန်ဆောင်ခတွေကြောင့် ဂျူဗင်တပ်အသင်းရဲ့ ငွေကြေးဆိုင်ရာမှာ ၂၈ ရာခိုင်နှုန်းခန့် အရှုံးပေါ်သွားနိုင်တယ်လို့ စီအိုင်အီးအက်စ်ဘောလုံးဆိုင်ရာလေ့လာရေးအဖွဲ့က ပြောကြားထားပါတယ်။

လက်ရှိမှာ ဂျူဗင်တပ်အသင်းရဲ့ နည်းပြ၊ တိုက်စစ်မှူး စီရိုနယ်လ်ဒိုအပါအဝင် ကစားသမားအများစုက သူတို့ရဲ့ လုပ်ခလစာကို မတ်လ၊ ဧပြီလ၊ မေလနဲ့ ဇွန်လတို့မှာ လစာလျှော့ယူမှာဖြစ်တဲ့အတွက် ပေါင်သန်း ၈၀ သက်သာရာရမှာဖြစ်ပြီး အဲဒီငွေကြေးဟာ လာမယ့်ဈေးကွက်အတွက် ကြီးမားတဲ့အကျိုးရလဒ်ရရှိမှာလည်း ဖြစ်ပါတယ်။

# ဒေါ့မွန်တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ခေါ်ယူနိုင်ရေး ချယ်လ်ဆီးနဲ့ မန်ယူအပြိုင်ကြိုးပမ်းနေ




ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ခေါ်ယူနိုင်ရေးအတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ အပြိုင်ကြိုးပမ်းနေကြတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ဥရောပကလပ်အသင်းအများစုကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တာကြောင့် ဒေါ့မွန်အသင်းဟာ ဂျာဒန်ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ အထိ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အခုလက်ရှိမှာတော့ အင်္ဂလန်ကြယ်ပွင့် ဂျာဒန်ဆန်ချိုကို ခေါ်ယူမယ့်အသင်းဟာ ပရီမီယာလိဂ်ကလပ်အသင်းနှစ်သင်းသာ ကျန်ရှိတော့တာဖြစ်ပါတယ်။

လီဗာပူးအသင်းကလည်း ဂျာဒန်ဆန်ချိုကို ခေါ်ယူမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့ပေမယ့် အဲဒါဟာ ကောလာဟလသာဖြစ်တယ်လို့ လီဗာပူးအသင်းက ဆိုလာပြီး ဂျာဒန်ဆန်ချို ဘယ်အဆင့်ပဲရောက်ရောက် ခေါ်ယူမှာမဟုတ်တဲ့အကြောင်းနဲ့ စောင့်ကြည့်သွားမှာမဟုတ်တဲ့အကြောင်း လီဗာပူးအသင်းက ပြောကြားထားပါတယ်။ လီဗာပူးအသင်းအနေနဲ့ အသင်းရဲ့ တိုက်စစ်ပိုင်းက တစ်ယောက်ယောက်ကို ရောင်းချမှုမပြုမချင်း တိုက်စစ်ပိုင်းအတွက် ဘယ်သူ့ကိုမှ ချဉ်းကပ်ဦးမှာ မဟုတ်ဘူးလို့လည်း ဆိုပါတယ်။ လီဗာပူးအသင်းရဲ့ တိုက်စစ်ကစားသမားသုံးဦးဖြစ်တဲ့ မိုဟာမက်ဆာလာ၊ ဆာဒီယိုမာနေး၊ ရောဘတ်တိုဖာမီနိုတို့ကလည်း လီဗာပူးအသင်းမှာ ကာလရှည်ဆက်နေဖို့ ဆုံးဖြတ်ထားကြတာဖြစ်ပါတယ်။

အဲဒီလို လီဗာပူးအသင်းက ရှင်းရှင်းလင်းလင်းပြောကြားလာတဲ့အတွက် လက်ရှိမှာ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့သာ ကျန်ရှိတော့တာလည်းဖြစ်ပါတယ်။ မန်ယူအသင်းဟာ ဂျာဒန်ဆန်ချိုရဲ့ ကိုယ်စားလှယ်ဖြစ်သူနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ထားတယ်ဆိုပေမယ့် ဥရောပမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်မှုတွေ အဆုံးသတ်မှသာ အပြောင်းအရွှေ့ဈေးကွက်က ပြန်စဖို့ရှိနေတာကြောင့် အသက် ၂၀ အရွယ် ဂျာဒန်ဆန်ချိုကို ခေါ်ယူရေး ချဉ်းကပ်ဖို့ အင်တင်တင်ဖြစ်နေတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ တိုက်စစ်မှူးဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ လမ်းကြောင်းပေါ်ရောက်ရှိနေပါပြီ။ ဒါပေမယ့် အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ၁၁ ပွဲလောက်သာ ပါဝင်ကစားထားတဲ့ လူငယ်တိုက်စစ်မှူးတစ်ယောက်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ နီးပါး အသုံးပြုခေါ်ယူဖို့ အခွင့်အရေးမရှိဘူးလို့ ဆိုပါတယ်။

ဂျာဒန်ဆန်ချိုကို ခေါ်ယူမယ့် အခြားသောကလပ်အသင်းတွေကလည်း အခုလက်ရှိ ဒေါ့မွန်အသင်းက သတ်မှတ်ထားတဲ့ဈေးနှုန်းရဲ့ ထက်ဝက်သာ တန်ဖိုးသတ်မှတ်သင့်တယ်လို့ ပြောကြပါတယ်။ တိုက်စစ်မှူး ဆန်ချိုကတော့ အင်္ဂလန်သားဖြစ်သူပီပီ အင်္ဂလန်ပရီမီယာလိဂ်ကို ပြန်လည်ခြေချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

# ဂျူဗင်တပ်အသင်းမှ နယ်သာလန်ကြယ်ပွင့် ဒီလစ်ကိုခေါ်ယူနိုင်ရေး မန်ယူအသင်း ပြင်ဆင်လျက်ရှိ

မန်ယူအသင်းဟာ အီတလီစီးရီးအေမှာ ဂျူဗင်တပ်အသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်နေရတဲ့ နယ်သာလန်ကြယ်ပွင့် ဒီလစ်ကို ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ ဒီလစ်ဟာ ပြီးခဲ့တဲ့နှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အေဂျက်အသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၆၇ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်အထိ အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းနဲ့အတူ စီးရီးအေပွဲစဉ် ၁၅ ပွဲ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ဒူးဒဏ်ရာနဲ့ ပခုံးဒဏ်ရာတွေ ရရှိထားတဲ့ အသင်းခေါင်းဆောင် ချီယယ်လီနီရဲ့ နေရာမှာ လူငယ်နောက်တန်းကစားသမား ဒီလစ်နဲ့ အစားထိုးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကစားသမားအတွက်ရော အသင်းအတွက်ပါ လိုရာပန်းတိုင်မရောက်ခဲ့တာကြောင့် မန်ယူအသင်းက ဂျူဗင်တပ်အသင်းမှာ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတဲ့ ဒီလစ်ကို အိုးထရက်ဖို့ဒ်ဆီ ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာကို ရောင်းချပြီး ဒီလစ်ကို ခေါ်ယူဖို့လည်းပြင်ဆင်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီက ဒီလစ်ကို ခေါ်ယူဖို့အတွက် လက်ရှိကလပ် ဂျူဗင်တပ်အသင်းအပါအဝင် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ မန်ယူအသင်းတို့က ခေါ်ယူဖို့ပစ်မှတ်ထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့အတူ တွဲဖက်ကစားဖို့ ဆန္ဒရှိနေတဲ့ ဒီလစ်က ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။



# မန်စီးတီးတောင်ပံကစားသမား စတာလင် အနာဂတ်မှာ အသင်းဟောင်းလီဗာပူးအသင်းဆီ ပြန်သွားဖွယ်ရှိနေ

မန်စီးတီးအသင်း တောင်ပံကစားသမား စတာလင်ဟာ လီဗာပူးအသင်းကနေ မန်စီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး တစ်နေ့နေ့မှာ လီဗာပူးအသင်းဆီ ပြန်သွားဖွယ်ရှိနေတယ်လို့ မိုင်ရာသတင်းဌာနက သတင်းဖော်ပြထားပါတယ်။



အင်္ဂလန်ကြယ်ပွင့် စတာလင်ဟာ ၂၀၁၅ ခုနှစ်မှာ လီဗာပူးအသင်းကနေ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနဲ့အတူ တောက်ပတဲ့ကစားသမားတစ်ဦးအဖြစ်ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။

**တစ်ရာသီကို သွင်းဂိုး ၂၀ နှုန်း သွင်းယူပေးနိုင်**

စတာလင်ဟာ လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာလက်ထက်မှာ လီဗာပူးအသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပြီး အဲဒီအချိန်က မန်စီးတီးအသင်းနည်းပြကလည်း ပယ်လီဂရီနီဖြစ်ပါတယ်။ စတာလင်ဟာ ပယ်လီဂရီနီနဲ့ တစ်နှစ်သာလက်တွဲခဲ့ရတာဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ တောင်ပံကစားသမား စတာလင်ဟာ မန်စီးတီးအသင်းနဲ့အတူ လက်ရှိအချိန် အထိ စုစုပေါင်းသွင်းဂိုး ၈၉ ဂိုးအထိ သွင်းယူပေးထားတာဖြစ်ပြီး သူ့ရဲ့နောက်ဆုံးဘောလုံးသုံးရာသီမှာ တစ်ရာသီကို သွင်းဂိုး ၂၀ နှုန်းသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါကြောင့် စတာလင်ဟာ မန်စီးတီးအသင်းမှာရော အင်္ဂလန်လက်ရွေးစင်အသင်းမှာပါ နေရာရလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မန်စီးတီးအသင်းဟာ ဥရောပဘောလုံးအဖွဲ့ချုပ်က ချန်ပီယံလိဂ်ကစားခွင့် နှစ်ရာသီပိတ်ပင်ထားတာကြောင့် စတာလင်ရဲ့ မန်စီးတီးအသင်းအနာဂတ်ဟာလည်း မသေချာမရေရာ ဖြစ်လာခဲ့ပြီး အသင်းဟောင်းလီဗာပူးအသင်းဆီ ပြန်လည်သွားရောက်ကစားမယ့် သတင်းတွေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

ငွေကြယ်-စုစည်းသည်

# ကျောက်ပန်းတောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေလာရောက်ထုတ်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် လစာငွေ လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် သီးခြား ငွေသွင်း/ ငွေထုတ် လာရောက်သူများအား မြို့နယ်လုပ်ငန်းကော်မတီမှ လူငယ်များနှင့် ကျန်းမာရေးဌာနဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၃၁ ရက်နံနက် ၉ နာရီက စတင် ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် မြို့နယ်အဆင့်လုပ်ငန်း ကြီးကြပ်မှုကော်မတီကို မြို့နယ်လူငယ်ရေးရာကော်မတီဝင်များနှင့် ပါဝင်ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ အဆိုပါ ကြီးကြပ်မှု ကော်မတီ အဖွဲ့ဝင်လူငယ်များစုပေါင်းကာ မြို့နယ်မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိ လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် မြို့အဝင်၊ အထွက်ဂိတ်များတွင် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းနေ့တွင် မြန်မာ့စီးပွားရေးဘဏ်သို့ လစာငွေ လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် သီးခြား ငွေသွင်း ငွေထုတ် လာရောက်ကြသူများအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ကိုနေ**
**(ကျောက်ပန်းတောင်း)**





# ငါ့သရောက်မြို့သို့ ပြန်လည်ရောက်ရှိလာသူများအား ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**ငါ့သရောက် မေ ၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့သို့ အခြားမြို့များမှ ပြန်လည်ရောက်ရှိလာကြသူများအား ယနေ့ နံနက် ၅ နာရီမှ စတင်ကာ ငါ့သရောက်မြို့သို့ ဝင်ရောက်လာသည့် ကားများအား ဌာနဆိုင်ရာစုပေါင်းအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးခြင်းနှင့် နေရပ်လိပ်စာမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံ ခရီးပြန်များအား ငါ့သရောက်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ငါ့သရောက်တိုက်နယ်ဆေးရုံ တာဝန်ခံ ဆရာဝန် ဒေါက်တာမျိုးဇော်အောင်နှင့် မြို့မိမြို့ဖများ ဦးဆောင်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါ့သရောက်နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ငါ့သရောက်မြို့ ပရဟိတအသင်းများ ပူးပေါင်းကာ ရန်ကုန်-ငါ့သရောက် ကားအဝင်များစောင့်ဆိုင်းပြီး ငါ့သရောက်နေရပ်ပြန်များအား ကိုယ်အပူချိန် တိုင်းစက်ဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခရီးသည်များ၏ နေရပ်လိပ်စာနှင့် ပြန်လာသည့် အရပ်ဒေသများအား မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရန် မြို့အဝင်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်

**ဆီဆိုင် မေ ၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားလာခြင်းမရှိစေရေးအတွက် နေ့စဉ် အချိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မတ် ၃၁ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့အဝင်ပေါက်တွင် ပြည်သူများအား ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဖွေ၊ ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းသက်နောင်၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လဝကဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က အခြားဒေသနှင့် နိုင်ငံရပ်ခြားပြန် ခရီးသွားပြည်သူများအား ကိုယ်ရေးအချက်အလက်များ ကောက်ယူစစ်ဆေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် လူထူထပ်သောနေရာများ မသွားရန်၊ အရေးကြီးကိစ္စမှလွဲ၍ အိမ်အပြင် မထွက်ရန်၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းရန်နှင့် နှာခေါင်းစည်းများတပ်ရန် စသည်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**





# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဖာပွန် မေ ၁**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ယနေ့ နံနက် ၇ နာရီက ဖာပွန်မြို့ အမှတ်(၁)ရပ်ကွက် လှေဆိပ်၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၊ ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦး၊ ဖာပွန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲသူရစိုးဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတိုးဝေဇင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖာပွန်မြို့သို့ ဈေးဝယ်လာသူများ၊ ခရီးသွားများအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များကို မြန်မာဘာသာ၊ စကောကရင်ဘာသာ နှစ်မျိုးဖြင့် အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်းကျော်ဝဏ္ဏ၊တိုးဝေဇင်(ပြန်/ဆက်)**

## နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများအား သက်ဆိုင်ရာနေရာတွင် ကန့်သတ်ထားရှိမည်

**တောင်ကြီး မေ ၁**

ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ဂိတ်များမှ ပြည်တွင်းသို့ တိုက်ရိုက်ပြန်ခွင့်ပြုတော့မည် မဟုတ်ဘဲ သက်ဆိုင်ရာဒေသမှ စီစဉ်ပေးထားသော သတ်မှတ်နေရာများတွင်သာ ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ်အရ ပြင်ဆင်ထားသည့်နေရာများတွင်သာ ၁၄ ရက်ကြာ စောင့်ကြည့်ထားရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းထံမှ သိရသည်။

အဆိုပါ ၁၄ ရက်ကြာ စောင့်ကြည့်ထားရှိမည့် နယ်စပ်ဒေသများဖြစ်သော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၊ မူဆယ်မြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့များဖြစ်ပြီး ယင်းမြို့များသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တစ်မြို့လျှင် ငွေကျပ်သိန်း ၅၀ စီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းမှ ကြီးမှူးကျင်းပသော (၁၁၄)ကြိမ်မြောက် နယုန်လ စာလျှောက်မေးခမ်း ဖြေဆိုတော်မူမည့် သံဃာတော်များသို့ အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ၁၃၈၂ ခုနှစ်၊ (၁၁၄)ကြိမ်မြောက် ကျင်းပမည့် နယုန်လ စာလျှောက်မေးခမ်းကို မူလကျင်းပမည့်ရက်များအား COVID-19 ရောဂါကာကွယ်ထိန်းသိမ်းရေး အစီအစဉ်အရ ရွှေ့ဆိုင်းထားကြောင်း အသိပေးလျှောက်ထားအပ်ပါသည်။

**(ကျင်းပမည့်ရက်အား အချိန်မီ ထပ်မံကြေညာပေးပါမည်။)**

ဇော်ဇော်
အတွင်းရေးမှူး
ပရိယတ္တိသာသနဟိတအသင်း
မန္တလေးမြို့။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၂-၂၀၂၀ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဗဟန်းမြို့နယ်ဦးတီရား(ခ)ဦးအောင်နိုင်+၈၏ပိုင်ဆိုင်နှင့်စွန့်လွှတ်မြေပုံကူးတွင်(၁)ဦးတီရား(ခ)ဦးအောင်နိုင်(၁၂/လမတ(နိုင်)၀၃၇၀၀၅)ဟုအမှန်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၈-၃-၂၀၂၀ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဦးဝင်းချို+၁၏အမည်ပြောင်းတွင်မြေတိုင်းအမှတ် ၂၉-သုဝဏ္ဏ(တန်ဖိုးနည်း)ဟုအမှန်ဖတ်ရှုပါရန်။

သင့် သွေး ဖြင့်
အ သက် ကယ်
ပါ

## ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းတပ်လမ်း၊ အမှတ်(၁၂၅၅)ဟုခေါ်တွင်သော အလျား(၄၀)ပေ×အနံ(၈၀)ပေရှိ အိမ်နှင့်မြေအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်လိပ်စာပါမြေနှင့်အိမ်ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်သိန်းကြိုင်(၁၂/ဗဟန(နိုင်)၀၄၈၅၈၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်(၄-၃-၂၀၂၀)ရက်နေ့တွင် **အိမ်ခြံမြေနှစ်ဦးသဘောတူစရံငွေပေးကတိစာချုပ်**ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၃)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်သည့်နေ့ရက်အတိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြအောင် (အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)
Aim Law Firm
အမှတ်(၁၇၁)၊ မြေညီ၊ ၃၈-လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉၅၁၅၁၂၄၆







ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၄) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ ဧပြီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဗ - ၄၉၄၅၃၈

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကက - ၅၉၂၃၀၂

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဘ - ၂၈၇၂၅၁

ကက - ၈၄၁၅၂၂

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

| | |
|---|---|
| ကင | ၁၂၆၉၄၄ |
| ကစ | ၁၄၄၁၁၀ |
| ထ | ၁၆၀၅၆၇ |
| ပ | ၃၁၉၀၃၇ |
| ဒ | ၆၂၃၆၉၂ |
| ကခ | ၇၄၅၄၈၆ |
| ဏ | ၈၁၆၇၈၁ |

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| န | ၁၁၈၅၁၅ |
| ယ | ၁၅၁၂၄၃ |
| င | ၂၀၈၉၀၃ |
| ဒ | ၃၆၁၅၅၁ |
| ဝ | ၆၇၁၃၈၂ |
| ယ | ၈၈၇၁၉၆ |
| ဖ | ၉၅၀၄၄၂ |
| ကယ | ၉၇၅၂၅၂ |
| ယ | ၉၉၈၇၅၁ |

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ကဂ | ၁၀၈၆၈၅ | ကခ | ၃၄၀၈၃၅ | ကင | ၈၀၀၃၃၈ |
| ဓ | ၁၁၀၈၈၉ | ယ | ၃၉၉၉၇၈ | ကစ | ၈၀၃၅၇၆ |
| ဒ | ၁၁၂၅၀၀ | ကဂ | ၅၂၁၆၅၉ | ကခ | ၈၇၄၂၁၁ |
| ကဆ | ၁၄၄၂၃၁ | ကက | ၅၆၅၀၇၈ | ဋ | ၈၈၁၅၉၅ |
| ရ | ၂၃၅၉၃၈ | ပ | ၅၆၆၆၄၀ | ဍ | ၉၆၂၃၃၄ |
| ကခ | ၂၈၈၄၁၆ | ဟ | ၆၁၅၀၈၇ | ရ | ၉၇၀၆၆၄ |
| ဂ | ၂၉၇၇၅၃ | အ | ၆၆၂၈၈၄ | | |
| ပ | ၃၃၀၈၂၄ | မ | ၇၉၂၆၈၈ | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ည | ၁၂၈၅၂၈ | ည | ၃၆၀၉၃၀ | ဂ | ၈၁၁၄၁၈ |
| ဝ | ၁၅၇၃၄၀ | ဂ | ၄၀၆၉၇၃ | ပ | ၈၁၁၇၆၂ |
| ထ | ၁၇၃၈၆၀ | မ | ၅၆၅၂၃၄ | ကက | ၈၃၁၁၁၀ |
| တ | ၁၉၆၈၆၅ | မ | ၅၉၄၆၅၃ | ထ | ၈၄၁၉၇၃ |
| ဂ | ၂၃၁၃၀၀ | ရ | ၆၇၂၃၈၄ | ပ | ၈၄၄၀၉၉ |
| ဓ | ၂၆၇၃၂၂ | ယ | ၆၇၈၃၆၀ | ကခ | ၈၇၄၉၆၅ |
| ဘ | ၂၆၈၉၂၃ | ကက | ၇၅၉၁၈၇ | ဟ | ၉၅၅၅၉၆ |
| မ | ၃၂၉၅၉၂ | ကခ | ၇၇၄၀၀၈ | ကယ | ၉၆၆၂၀၂ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဓ | ၁၂၃၁၇၅ | ပ | ၄၅၆၂၄၃ | ပ | ၇၆၄၄၅၈ |
| င | ၂၃၀၁၉၀ | ဓ | ၄၇၈၉၈၃ | အ | ၇၈၁၀၂၃ |
| ဍ | ၂၃၉၁၅၀ | င | ၅၀၆၆၆၃ | လ | ၇၈၃၆၈၆ |
| ခ | ၂၇၀၈၃၇ | အ | ၅၇၀၅၃၉ | န | ၈၅၃၈၂၇ |
| ဘ | ၂၇၉၀၀၈ | ဘ | ၅၇၇၉၉၁ | ကခ | ၈၈၁၄၆၅ |
| ဈ | ၂၉၆၃၀၆ | ကစ | ၆၀၁၀၆၅ | မ | ၉၁၈၅၉၄ |
| ဆ | ၃၂၆၄၈၇ | ဟ | ၆၁၄၉၃၃ | ဘ | ၉၁၉၇၁၉ |
| တ | ၃၇၈၆၁၅ | ဏ | ၆၇၈၀၂၈ | တ | ၉၃၃၃၈၁ |
| ကင | ၄၁၄၃၉၀ | ရ | ၇၄၃၃၁၁ | | |
| င | ၄၂၉၇၆၀ | င | ၇၆၂၅၈၇ | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဈ | ၁၂၂၄၃၉ | သ | ၁၉၈၈၁၉ | ဆ | ၂၉၈၇၀၄ | ထ | ၄၃၉၆၄၀ | ကင | ၇၂၆၄၉၃ | ဟ | ၇၉၈၃၂၇ |
| ဗ | ၁၄၀၃၅၂ | ဠ | ၂၁၃၅၄၁ | ရ | ၃၇၅၄၈၉ | ဓ | ၄၇၀၈၀၇ | ဏ | ၇၄၃၃၅၉ | ခ | ၉၃၂၇၄၇ |
| ဒ | ၁၆၃၈၈၁ | ကင | ၂၅၃၉၅၇ | စ | ၃၉၂၃၆၁ | ပ | ၄၉၂၄၂၈ | ဝ | ၇၄၆၅၅၁ | ဈ | ၉၅၈၇၀၀ |
| ကဂ | ၁၈၄၅၅၈ | ကဂ | ၂၉၄၇၁၉ | ယ | ၃၉၆၇၈၇ | ဓ | ၄၉၇၀၄၉ | ကယ | ၇၆၉၀၀၂ | | |
| ဍ | ၁၉၅၈၈၅ | မ | ၂၉၅၈၄၈ | ကဂ | ၄၂၂၇၃၉ | ဗ | ၆၇၃၃၄၂ | ကယ | ၇၈၀၅၉၅ | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဖ | ၁၀၄၆၂၂ | င | ၁၈၄၉၀၄ | ဈ | ၄၆၄၀၇၇ | ကက | ၆၂၀၈၈၃ | အ | ၇၃၅၃၇၇ | ဗ | ၈၉၄၈၂၄ |
| ယ | ၁၁၅၄၃၈ | ယ | ၂၄၈၁၁၅ | ရ | ၅၀၀၄၃၂ | လ | ၆၅၁၅၆၆ | ကခ | ၇၄၉၆၅၃ | တ | ၈၉၉၅၃၂ |
| ကင | ၁၁၆၂၀၁ | ဍ | ၂၆၄၂၄၉ | ဋ | ၅၆၉၄၈၈ | ဗ | ၆၆၃၃၃၃ | ကစ | ၈၄၈၄၁၅ | ထ | ၉၁၁၄၉၉ |
| ယ | ၁၅၇၂၄၃ | ရ | ၃၄၂၀၂၇ | ရ | ၅၇၂၃၄၃ | ယ | ၆၆၆၆၅၈ | ကက | ၈၆၅၀၃၂ | တ | ၉၂၉၈၀၄ |
| ဈ | ၁၆၇၄၈၀ | ကဆ | ၃၉၃၄၁၇ | တ | ၆၀၅၄၄၃ | တ | ၆၇၀၃၄၈ | ဏ | ၈၆၆၅၀၄ | | |

## ဆုတစ်ဆုလျှင် ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဍ - ၁၀၆၃၈၀ | ထ - ၂၉၁၂၉၄ | ကဆ - ၃၂၈၇၁၄ | ခ - ၆၂၅၅၆၇ | ဆ - ၇၄၇၅၇၅ | ဍ - ၈၆၃၃၃၆ |
| ဠ - ၀၄၂၈၈၅ | ဒ - ၂၅၅၄၅၅ | အ - ၄၄၄၂၈၆ | င - ၆၄၀၀၀၆ | ဓ - ၇၃၈၈၈၃ | ကယ - ၈၆၇၅၀၀ |
| ဓ - ၀၉၄၄၄၄ | ကစ - ၂၅၃၃၀၆ | ထ - ၄၅၂၆၇၀ | အ - ၆၇၃၈၂၆ | ဓ - ၇၆၂၁၇၀ | ကယ - ၈၇၆၉၈၉ |
| ဎ - ၁၈၀၆၀၃ | ဆ - ၂၆၇၆၈၄ | ဠ - ၅၅၆၈၉၅ | ထ - ၆၉၇၄၃၉ | ပ - ၇၉၃၈၉၃ | |
| ပ - ၁၉၅၁၈၈ | ကထ - ၂၉၇၃၇၉ | ခ - ၅၀၀၁၀၈ | သ - ၆၉၉၂၆၃ | န - ၈၀၃၇၆၅ | |
| ထ - ၂၁၂၈၄၄ | ပ - ၃၀၈၈၉၅ | ဍ - ၅၉၃၀၄၆ | ထ - ၇၀၉၉၆၅ | န - ၈၀၀၀၈၆ | |

## ဝဝဝဝဆာဆာဝဝဆေသာ ဆုမဲစနစ်

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ရ - ၀၅၂၈၉ | သ - ၅၁၈၅၀ | ဝ - ၇၇၀၅၇ |
| ဝ - ၀၅၉၆၀ | အ - ၅၂၈၅၆ | ဝ - ၇၇၂၄၀ |
| ဘ - ၀၉၂၂၄ | ဘ - ၅၅၀၇၄ | ဘ - ၇၇၄၀၇ |
| မ - ၂၀၅၇၇ | မ - ၇၀၇၂၉ | ကဆ - ၈၄၀၈၇ |
| ရ - ၄၄၄၀၀ | ဝ - ၇၇၀၀၄ | ည - ၉၄၈၀၀ |

[illegible]

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ထ - ၁၀၈၇ | ရ - ၆၇၂၉ | ထ - ၇၆၆၇ |
| သ - ၁၈၂၄ | စ - ၆၈၄၆ | သ - ၈၉၅၆ |
| ကဆ - ၂၅၀၂ | ည - ၇၀၀၄ | ယ - ၉၀၀၀ |
| ကဆ - ၄၇၈၇ | ယ - ၇၂၉၆ | ရ - ၉၀၀၉ |
| ကစ - ၅၇၀၈ | ကဝ - ၇၅၇၈ | ဠ - ၉၅၇၆ |

[illegible]

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ကစ - ၁၀၄ | ပ - ၅၀၇ | သ - ၈၅၇ |
| ဘ - ၀၉၂ | ဃ - ၆၀၇ | ကဝ - ၉၀၇ |
| ကစ - ၂၀၇ | ဝ - ၆၆၂ | န - ၉၂၅ |
| န - ၂၀၆ | ဎ - ၇၇၂ | ကဂ - ၉၄၈ |
| ည - ၂၆၇ | ကဆ - ၇၅၈ | ဓ - ၉၉၀ |
| ဓ - ၃၉၂ | ကဆ - ၇၆၂ | |
| ဝ - ၄၆၀ | ဠ - ၈၅၇ | |

[illegible]

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ကဝ - ၁၀ | မ - ၇၇ | ကဆ - ၆၀ |
| ည - ၁၂ | ရ - ၇၇ | ဓ - ၆၂ |
| ကဆ - ၁၂ | အ - ၇၇ | ည - ၆၉ |
| ဓ - ၁၇ | ရ - ၇၅ | ဝ - ၇၆ |
| ဒ - ၁၈ | အ - ၇၉ | ကထ - ၈၉ |
| ပ - ၂၇ | ယ - ၅၅ | |
| မ - ၇၂ | ယ - ၅၅ | |

[illegible]

## ဘဏ္ဍာသိမ်း၊ ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုလျှင် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဓ - ၃၈၄၇၇၀ | ဝ - ၅၅၆၀၆၉ | အ - ၈၄၆၄၄၀ | ဟ - ၈၅၇၅၆၉ |

## ဝဝဝဝဆာဆာဝဝဆေသာ ဆုမဲစနစ်

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| သ - ၆၄၇၂၈ | ဃ - ၇၀၀၆၀ |

[illegible]

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၂)သိန်းဆုများ

ဓ - ၂၉၇၄
ဓ - ၆၀၉၂

[illegible]

### ဝဝဝဝဆာဆာဝဝဆေသာ ကျပ်(၁)သိန်းဆုများ

ကဂ - ၇၆၀
ဓ - ၈၀၃

[illegible]

[illegible]

[illegible] www.ird.gov.mm [illegible]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးကြီးခင်မောင်ဆွေ(ငြိမ်း) သူရဲကောင်းမှတ်တမ်းဝင်

အပတ်စဉ် (၂၁) ကြည်း-၇၈၈၈

ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန

**အသက် (၈၇) နှစ်**

စစ်ကိုင်းမြို့နေ (ဦးဘသော်-ဒေါ်ဒေါ်မြစ်)တို့၏သား၊ ပျော်ဘွယ်မြို့နေ (ဦးရွှေ-ဒေါ်မြသန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၃၂၈)နေ (ဒေါ်ကြင်ကြင်ဆွေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးစံလွင်(ငြိမ်း)-ဒေါ်စန္ဒာဆွေ၊ ဦးညီညီဆွေ-ဒေါ်မြတ်ငြိမ်းအေး (YCDC၊ ယာဉ်အုံဌာန)၊ ဦးအောင်ဝဏ္ဏဆွေတို့၏ချစ်လှစွာသောဖခင်၊ မသိမ့်မဒီဆွေ၊ မလင်းလင်းခင်၊ မောင်ဘုန်းခန့်သော်တို့၏အဘိုးသည် ၃၁-၃-၂၀၂၀ ရက် ည ၁၁:၅၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အာနိစ္စ**

**သွေးသည် အသက်**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးမြင့် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) (၈၅) နှစ်

အထက(၁) မြောင်းမြဆရာမဟောင်း

မြောင်းမြမြို့၊ မြိုင်မာလာ(၃)လမ်းနေ ဦးမောင်သန့်-ဒေါ်ထွေးသန့်တို့၏ သမီး၊ (ဦးအောင်သွင်)-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ ဦးတက်ထွန်း-ဒေါ်ဝိုင်းကြည်၊ ဒေါ်တင်တင်ထား၊ ဦးသိန်းလွင်-ဒေါ်တင်တင်ဌေး၊ ဦးဇေယျမောင်-ဒေါ်ခင်ဆွေရီ တို့၏အစ်မကြီး၊ ဒေါ်အေးသန့်သန့်သူ (ထ-၆၊ မြောင်းမြ) နှင့် တူ/တူမ ၁၀ ယောက် တို့၏အဒေါ်သည် ၃၁-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက် ကယ်ပါ**

ရဟန်းဒါယိကာမကြီး

### ဒေါ်သန်းအေး (ခ) ရှုရောက်ချူ

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၄) လမ်း၊ အမှတ် (၅၆)၊ ခြောက်လွှာနေ (ဦးရှန်တော်-ဒေါ်ရင်နု)တို့၏ သမီး၊ ဦးချန်ဘွန်ယွန်း(ခ) ဦးစိန်မြင့်၏ဇနီး၊ ဒေါ်စန်းစန်းနု (လပြည့်ဝန်းအထည်ဆိုင်)၊ ကိုဇော်မြင့်-မထွေးထွေးအေး၊ ကိုသိန်းလွင်-မအိုလေ့၊ ကိုဝင်းထိန်-မခင်မင်းမင်းထွေး၊ မစန်းစန်းအေး(အိုလံပစ်ကုန်မျိုးစုံ)တို့၏ ချစ်လှစွာသောမိခင်၊ သားသား၊ တီတီး၊ မသင်းသဇင်မြင့်၊ မရွှန်းလဲ့ဝင်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်သန်းအေးသည် ၃၁-၃-၂၀၂၀ ရက် ညနေ ၆:၄၇ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန့်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု







ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မြိုင် (ခ) လူကင်လျန်

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ရတနာမွန်(၁)လမ်း၊ အမှတ် (၃)နေ (ဦးချစ်စိန်)၏ ဇနီး၊ ဦးအေးလွင်-(ဒေါ်ဝင်းဝင်းစိန်)၊ ဦးအောင်ကြည်-ဒေါ်ပြုံး၊ ဒေါက်တာရီရီစိန်၊ ဒေါ်အေးအေးစိန်၊ ပါမောက္ခ ဒေါက်တာခင်မောင်လွင်-ဒေါက်တာရင်ရင်စိန်၊ ဦးမောင်အေး-ဒေါ်စန္ဒာစိန်၊ ဦးမောင်မောင်တင်-ဒေါ်နီလာစိန်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ကျင်မြိုင်သည် ၃၁-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၀၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၅၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးပြုလုပ်ပါမည်။ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများကို မဖိတ်ကြားနိုင်ခြင်းအတွက် ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်ထွန်းအောင်

ဒုလ.ဝ.ကမှူး(ငြိမ်း)၊ ဗဟန်းမြို့နယ်

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငွေဝတ်မှုံရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)၊ (၇၀/ ၄) နေ [ဗိုလ်ချုပ်ခင်မောင်ကျော်(ငြိမ်း)-ဒေါ်မြစိန်]၊ (ဒေါ်မေလွင်ကျော်)၊ ဦးကိုကိုအောင်-ဒေါ်အေးအေးဝင်း၊ ဦးတင်ထွန်းအောင်-ဒေါ်ဌေးဌေးကြိုင်၊ ဦးသန်းထွန်းအောင်-ဒေါ်မေနွယ်အေးတို့၏ချစ်လှစွာသောညီလေး၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၂၈-၃-၂၀၂၀ (စနေနေ့) နံနက် ၄:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၂၀ (သောကြာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ တင်မေညွှန့် (သမားတော်) ပါမောက္ခ

ဆေးပညာဌာနဆေးတက္ကသိုလ်-၂၊ ငြိမ်း

MBBS, FRCP. DTM & H F.A.H.A(U.S.A)

**အသက်(၇၆)နှစ်**

အမှတ် (၁၄၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးလှိုဖေ့စူး-ဒေါ်ကျင်ရန်)တို့၏ သမီးချွေးမ၊ (Dr.ဦးဘတင်-ဒေါ်ညွှန့်ညွှန့်)တို့၏ သမီးလတ်၊ ဦးအေးသိန်း (Victor)(ခ)ဦးလှိုခေ့ချွမ်း၏ ချစ်လှစွာသောဇနီး၊ [ဦးခင်ဇော်(ခ)ဦးလှိုခေ့ဟွာ]-ဒေါက်တာဒေါ်ကြည်ကြည်ဝင်း၊ [ဒေါ်အေးအေးမြ(စီမံဘဏ္ဍာ-ငြိမ်း)]၊ [ဦးဟင်နရီဉာဏ်ထိန် (နယူးယောက်)]တို့၏ ညီမ၊ ဦးအောင်မြင့်ထူး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း)-ဒေါ်ခင်မြထွေး၊ ဒေါ်မြမြသန်းတို့၏ အဒေါ်၊ မသီရိဇော်၏အဘွားသည် ၂၉-၃-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် မိသားစု၏ ဆန္ဒအရ မီးသင်္ဂြိုဟ် ရေမျောပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူခင်ပွန်းနှင့် မိသားစု

## ပါမောက္ခ ဒေါက်တာတင်မေညွှန့်

အတိုင်ပင်ခံသမားတော်

MBBS, FRCP, DTM & H, F.A.H.A (USA)

**အသက် (၇၆) နှစ်**

(ဒေါက်တာဦးဘတင်-ဒေါ်ညွှန့်ညွှန့်)တို့၏သမီး၊ ဦးအေးသိန်း၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ (၁၁၂၅-A)နေ ဗိုလ်မှူးကြီးစန်းမြင့်(ငြိမ်း)-ဒေါ်တင်တင်ညွှန့် (တာမွေ-၁)တို့၏ညီမ၊ ဒေါ်တင်တင်ဝင်း (တာမွေ-၃)၊ (ဦးစံမော်သန်း)-ဒေါ်စီစီမာ(သမဦးစီး)တို့၏အစ်မ၊ မောင်ဇေယျာစန်းမြင့်-မထားထားဝင်း၊ မောင်အဏ္ဏဝါစန်းမြင့်၊ မောင်ဉာဏ်မင်းလွင်-မသဉ္ဇာဇာစန်းလွင်တို့၏အဒေါ်သည် ၂၉-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၅၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား ရေမျောပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ပြည်သူအများ နေ့စဉ်သွားလာကြသည့်နေရာများ၌ ပိုးသတ်ဆေးဖျန်း



**မိုင်းယု မေ ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ဒေသအတွင်း၌ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူအများစု နေ့စဉ်လှုပ်ရှားသွားလာနေကြသည့်နေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၁ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆေးဖျန်းခြင်းကို မိုင်းယုတိုက်နယ်ဆရာဝန် ဒေါက်တာအောင်အောင်ဝင်းထွဋ်နှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းပါဝင်သည့်အဖွဲ့က မိုင်းယုဒေသအတွင်းရှိ ပြည်သူများ သွားလာလှုပ်ရှားနေကြသည့် ဈေးဆိုင်ခန်းများ၊ ဖုန်းဆိုင်များ၊ ကားဂိတ်များ၊ အထူးဒေသ(၄)၊ ကျိုင်းယံန်းနှင့် မိုင်းယုကို ဆက်သွယ်ထားသည့် မိုင်းယု-ကျိုင်းယံန်းတံတား၊ ရွှေ့ပြောင်းလုပ်သားများ နေထိုင်ခဲ့ကြသည့် တည်းခိုနေရာများ၌ အထူးကြပ်မတ်၍ ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

## ကြေးမုံ ယနေ့ ဖတ်စရာ


သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအတွက် ကိုဗစ်-၁၉ အကြောင်း တစေ့တစောင်း
စာမျက်နှာ » ၆
.................
ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အေဗီဂန် လက်တွေ့စမ်းသပ်မှုစတင်
စာမျက်နှာ » ၁၂
.................
COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၇
.................
ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း နောက်ပြောင်ခဲ့သည့် ဂျော်ဂျန်း အရေးယူခံရဖွယ်ရှိ
စာမျက်နှာ » ၂၀
.................
ဂျူဗင်တပ်အသင်းက စီရီနယ်လ်ဒိုကို ရောင်းချဖွယ်ရှိနေ
စာမျက်နှာ » ၂၃


# မြန်မာအသင်းယှဉ်ပြိုင်နေသည့် အာရှအဆင့် လူငယ်အမျိုးသမီးပြိုင်ပွဲများ အသက်ကန့်သတ်ချက် ပြောင်းလဲကျင်းပမည်



၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာအသင်း။

**ရန်ကုန် မေ ၁**

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာလူငယ် အမျိုးသမီးအသင်းများဝင်ရောက်ယှဉ်ပြိုင်နေသည့် အာရှအဆင့် လူငယ်အမျိုးသမီးဘောလုံးပြိုင်ပွဲများကို အသက်ကန့်သတ်ချက်ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲနှင့် အာရှ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲကို အသက်ကန့်သတ်ချက်ပြောင်းလဲမည်ဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနေသည့်

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖**


ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ


## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



# ပျဉ်းမနားမြို့နယ်၌ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁**

နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းတွင် ဇီးဖြူပင်ကျေးရွာနှင့် ကျီးအင်းကျေးရွာတို့တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်နှင့် ဝန်ထမ်းများ၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❒**


ထုတ်လုပ်ခွင့်ပိုင်ခွင့်အမှတ် ၀/ ၂၀၁၅ တဆဆထ/တိုး(၅၄) တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ကျွမ်းရုက်ပုံ ဆေးကောင်း
တွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များသို့မျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
ဝမုန်းရှင် လေငန်းလိမ်းဆေးရည်

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
မေ ၂၊ ၂၀၂၀ (ကြာသပတေးနေ့)

# စွမ်းအင်ကဏ္ဍမှ နိုင်ငံ့ဝင်ငွေ တိုးတက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး ၅၀ ရာခိုင်နှုန်းဖော်ဆောင်ကာ နိုင်ငံအတွက်အကျိုးများစေမည်

**သတင်း-ခင်ရတနာ၊ ဇင်ဦး၊ ဓာတ်ပုံ-ထွန်းမင်းလတ်(လျှပ်စစ်/စွမ်းအင်)**

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် မြင့်မြင့်မားမား အဆောက်အအုံ ထိပ်ဖျားတွင် ကမ်းလွန်စွမ်းအင်တွင်းတို့၏ ထုံးစံအတိုင်း မီးညွန့်တလူလူဖြင့် ကောင်းကင်သို့ ထိုးထွက်နေဟန် မြင်တွေ့ရသည်။

၎င်းမှာ ရေမျက်နှာပြင်အောက် ပေပေါင်းများစွာအနက် မြေသားထုအတွင်းပိုင်းမှ စွမ်းအင်တို့ကို ထုတ်လုပ်နေကြခြင်းဖြစ်သည်။ စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်အတွက် စီးပွားရေးထောက်တိုင်တစ်ခုပင်ဖြစ်သည်။

မြေအောက်သယံဇာတ အရင်းအမြစ်ပေါများသည့် မိမိတို့နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့တို့ထွက်ရှိပြီး နိုင်ငံတကာပို့ကုန်အဖြစ် နှစ်စဉ်ဝင်ငွေရှာဖွေပေးလျက်ရှိသည်။ အစိုးရသစ်တာဝန်ယူပြီးချိန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စသည့် စွမ်းအင်ကဏ္ဍကို ပိုမိုစနစ်ကျသည့် ဥပဒေများရေးဆွဲချမှတ်ကာ နည်းဥပဒေများကိုလည်းရေးဆွဲထားခဲ့ပြီး မကြာမီကျင့်သုံးနိုင်တော့မည်ဟု သိရှိရသည်။

လက်ရှိကာလသည် အစိုးရ၏ စတုတ္ထ(၁) နှစ်တာကာလပင်ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် ယခင်နှစ်များကထက် ပိုမိုသည့်ဝင်ငွေများကို ရရှိခဲ့သည့်နည်းတူ လျှပ်စစ်ကဏ္ဍတွင် ယခင်နှစ်များထက် လျှပ်စစ်ဓာတ်အားသုံးခွင့်များကို ပြည်သူထံ ပိုမိုပေးအပ်နိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

**ကမ်းလွန်နှင့်ကုန်းတွင်း ရေနံလုပ်ကွက်များ**

မြန်မာနိုင်ငံတွင် ကုန်းတွင်းပိုင်း ရေနံလုပ်ကွက် စုစုပေါင်း ၅၃ ကွက်ရှိပြီး ကမ်းလွန်လုပ်ကွက် စုစုပေါင်း ၅၁ ကွက်ရှိသည်။ ကမ်းလွန်နှင့် ကုန်းတွင်း ရေနံလုပ်ကွက် စုစုပေါင်း ၁၀၄ ကွက်တို့တွင် ရေနံတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအဖြစ် နိုင်ငံတကာမှ လုပ်ငန်းများနှင့် စာချုပ်ချုပ်ဆိုပြီး ကုန်းတွင်းပိုင်းတွင် ၂၅ ကွက်၊ ကမ်းလွန်ပိုင်းတွင် ၃၁ ကွက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာ စာရင်းဇယားများအရ သိရှိရသည်။

"ယခုကာလအတွင်း ပြည်ပကို ရေနံစိမ်းသဘော်တွေ အစင်းရေတိုးတက်ပြီး တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ၃၅ စင်းခန့် တင်ပို့နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှာ ၄၃ စင်းခန့်တင်ပို့ဖို့ လျာထားပါတယ်။ ရေနံစိမ်းတင်ပို့နိုင်မှုမှာလည်း နှစ်စဉ်တန်ချိန်တွေ တိုးတက်လာပါတယ်။ တိုးတက်ထုတ်လုပ်နိုင်တာနဲ့အမျှ ယခုနှစ်အတွင်းမှာ စွမ်းအင်ကဏ္ဍကနေ နိုင်ငံတော်အတွက် ဝင်ငွေတွေကို တိုးတက်ပြီး ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ စာချုပ်ချုပ်ဆိုထားတဲ့ ကုမ္ပဏီတွေက သူတို့လုပ်ကိုင်ခွင့်ရတဲ့ လုပ်ကွက်တွေအလိုက် ရေနံနဲ့သဘာဝဓာတ်ငွေ့တွေကို စူးစမ်းရှာဖွေကြရာမှာ ရလဒ်ကောင်းတွေရှိပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းပြသည်။

**ဥပဒေများ သတ်မှတ်ပြဋ္ဌာန်း**

စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ယခင်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် ခေတ်စနစ်နှင့် လျော်ညီခြင်း မရှိသောကြောင့် ၂၀၁၇ ခုနှစ်တွင် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေဟူ၍ ဥပဒေနှစ်ခုကို ဝန်ကြီးဌာနက ဦးဆောင်ပြဋ္ဌာန်းနိုင်ခဲ့သည်။ ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် နည်းဥပဒေများကိုလည်း ရေးဆွဲကာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၍ သဘောထားမှတ်ချက်များ တောင်းခံထားသည်။

ထို့ပြင် ရေနံစူးစမ်းရှာဖွေခြင်း၊ စမ်းသပ်ခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် အောင်မြင်မှုတစ်ရပ်အဖြစ် ကမ်းလွန် A-3 လုပ်ကွက်၌ POSCO မှ သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိမှုဖြစ်သည်။ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် A-6 လုပ်ကွက်၌ Woodside, Total နှင့် MPRL ကုမ္ပဏီများမှ သဘာဝဓာတ်ငွေ့များ ရှာဖွေတွေ့ရှိခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် A-6 လုပ်ကွက်၌ Woodside, Total နှင့် မြန်မာကုမ္ပဏီ MPRL တို့ပူးပေါင်း၍ သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိခဲ့သေးသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်များတွင်မူ AD -7 လုပ်ကွက်၌ POSCO နဲ့ Woodside ကုမ္ပဏီတို့က သဘာဝဓာတ်ငွေ့များ ရှာဖွေတွေ့ရှိသည်။

ယင်းသို့ အသစ်တွေ့ရှိမှုများအပြင် မူလရှိစီးပွားဖြစ်ထုတ်လုပ်နေသည့် ရဲတံခွန်၊ Gold Patrol နှင့် ကုန်းတွင်းပိုင်း လုပ်ကွက်လုပ်ကိုင်သည့် MPRL တို့အပြင် ကုန်းတွင်းပိုင်း ရှာဖွေထုတ်လုပ်မှုများကို နှစ်စဉ်တိုးတက်ဆောင်ရွက်ခဲ့သဖြင့် တစ်နှစ်လျှင် ရေနံစည်(အမေရိကန်စည်) သန်းပေါင်း ၄ သန်းကျော် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။

**သဘာဝဓာတ်ငွေ့များ တိုးတက်ရှာဖွေ**

"ရတနာ၊ ရဲတံခွန်၊ ရွှေနဲ့ ဇောတိက လုပ်ကွက်တွေကနေ သဘာဝဓာတ်ငွေ့တွေ ရှာဖွေထုတ်လုပ်ပါတယ်။ ကုန်းတွင်းပိုင်းမှာ ထုတ်လုပ်ပါတယ်။ နှစ်စဉ် ကုဗပေသန်းပေါင်း ၆၀၀၀၀၀ ကျော်ကနေ သန်းပေါင်း ၆၇၀၃၆၂ အထိ တိုးတက်ထုတ်လုပ်ဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီလို ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ ရှာဖွေတဲ့အခါမှာ ပိုက်လိုင်းတွေကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရပါတယ်"ဟု ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းပြသည်။

စွမ်းအင်ကဏ္ဍတွင် ကမ်းလွန်မှ သဘာဝဓာတ်ငွေ့ရှာဖွေသကဲ့သို့ ကုန်းတွင်းပိုင်းမှာ သဘာဝဓာတ်ငွေ့ ရရှိထုတ်လုပ်နိုင်သည်။ ရရှိလာသည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများထံ ပို့လွှတ်ဖြန့်ဖြူးရသည်။

ထိုသို့ပို့လွှတ်ဖြန့်ဖြူးရေးအတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့ကို နှစ်စဉ်အသစ် တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအပြင် မူလတည်ဆောက်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို ကြံ့ခိုင်အောင် အစားထိုးပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရသည်။

ယခင်နှစ်များက အစားထိုးပြုပြင်မှုများကို တစ်နှစ်လျှင် ၃၅ မိုင်ဝန်းကျင် တိုးချဲ့နိုင်ခဲ့ရာ

အထူးကဏ္ဍ [ ၁ ] သို့ »»

**ရေနံစိမ်း ပိုမိုတိုးတက်ရှာဖွေနိုင်ခဲ့ခြင်းကြောင့် ပြည်သူများအတွက် ဓာတ်ဆီ၊ ဒီဇယ်၊ လေယာဉ်ဆီ၊ CGO နှင့် ရေနံမီးသွေးများကို နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ သဘာဝဓာတ်ငွေ့ဖြင့် နေအိမ်နှင့်ဟိုတယ်များ၏ မီးဖိုချောင်များတွင် သုံးစွဲလာနိုင်ပြီဖြစ်သည့်အပြင် နိုင်ငံပိုင်စက်ရုံများမှ ဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်လာနိုင်**



မန်းသံပုရာကန် ရေနံချက်စက်ရုံအား တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

မှ ယခုနှစ်တွင် မိုင်ပေါင်း ၇၀ နီးပါး တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ထံမှ သိရသည်။

ရေနံစိမ်း ပိုမိုတိုးတက်ရှာဖွေနိုင်ခဲ့ခြင်းကြောင့် ပြည်သူများအတွက် ဓာတ်ဆီ၊ ဒီဇယ်၊ လေယာဉ်ဆီ၊ CGO နှင့် ရေနံမီးသွေးများကို နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ သဘာဝဓာတ်ငွေ့ဖြင့် နေအိမ်နှင့် ဟိုတယ်များ၏ မီးဖိုချောင်များတွင် သုံးစွဲလာနိုင်ပြီဖြစ်သည့်အပြင် နိုင်ငံပိုင်စက်ရုံများမှ ဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်လာနိုင်သည်ကို စာရင်းဇယားများအရ သိရသည်။

"သဘာဝဓာတ်ငွေ့ကို အဓိကအသုံးပြုတာက လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ ကဏ္ဍကဖြစ်ပြီး ရေနံချက်စက်ရုံတွေမှာ သုံးပါတယ်။ LPG ဓာတ်ငွေ့ထုတ်လုပ်ရာမှာသုံးသလို ဓာတ်မြေဩဇာထုတ်လုပ်ရာမှာလည်း သုံးပါတယ်။ မော်တော်ယာဉ်တွေရဲ့ သယ်ယူပို့ဆောင်ရေးမှာ CNG လောင်စာအဖြစ် သုံးပါတယ်။ အခြားစက်မှုကုန်ထုတ်လုပ်ငန်းတွေမှာလည်း သုံးကြပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ကဏ္ဍမှာ ယခင်က ၈၅ ရာခိုင်နှုန်းလောက် အသုံးပြုရာ ကနေ ၉၀ ရာခိုင်နှုန်း နီးပါးအထိ တိုးတက်သုံးစွဲခဲ့ပါတယ်။ CNG ကို ဒုတိယဦးစားပေးအနေဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ တတိယဦးစားပေးအနေဖြင့် ဓာတ်မြေဩဇာထုတ်လုပ်တဲ့ ကဏ္ဍတွေမှာ အသုံးပြုကြပါတယ်"ဟု ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောသည်။

ပြည်သူများ ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် သဘာဝဓာတ်ငွေ့ CNG ဖြန့်ဖြူးမှုကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**မော်တော်ယာဉ်သုံး CNG ဓာတ်ငွေ့ ရောင်းချပေးမှု**

| ခရီးယာ | ၂၀၁၆-၂၀၁၇ အမှန် | ၂၀၁၇-၂၀၁၈ အမှန် | ၂၀၁၈-၂၀၁၉ ခန့်မှန်းအမှန် | ၂၀၁၉-၂၀၂၀ ယာယီအမှန် |
|---|---|---|---|---|
| CNG ယာဉ် စီးရေ | ၂၆,၉၅၀ | ၂၆,၉၅၀ | ၂၆,၉၅၀ | ၂၆,၉၅၀ |
| CNG ကုဗပေသန်း | ၆,၇၀၀ | ၆,၉၅၇ | ၈,၀၄၃ | ၈,၆၉၄ |

စွမ်းအင်ကဏ္ဍ၌ နိုင်ငံတော်၏ စီးပွားရေးအခန်းကဏ္ဍကို လျှော့ချကာ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလမ်းဖွင့်ပေးသည့် လုပ်ငန်းစဉ်အရ လုပ်ငန်းလိုင်စင်များကို ပိုမိုချထားပေးခဲ့သည်။ စက်သုံးဆီလုပ်ငန်းလိုင်စင်များတွင် အသစ်ခွင့်ပြုခြင်းနှင့် လိုင်စင်အဟောင်းများ သက်တမ်းတိုးမြှင့်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အချိန်မဆိုင်း ဆောင်ရွက်ပေးခြင်းကြောင့် တစ်နိုင်ငံလုံးတွင် လိုင်စင်ရစက်သုံးဆီ အရောင်းဆိုင်ပေါင်း ၂၇၀၀ ကျော်အထိ တိုးတက်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းလိုင်စင် ချထားခြင်းအပြင် စက်သုံးဆီ အရည်အသွေးနှင့် အခြင်အတွယ်များ မှန်ကန်ရေးအတွက် ထိန်းကျောင်းမှုကို ယခုနှစ်အတွင်းဝန်ကြီးဌာနက ပိုမိုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ စက်သုံးဆီအရောင်းဆိုင်များအပြင် LPG အရောင်းဆိုင်များခွင့်ပြုခြင်း၊ သင်္ဘောနှင့်တင်သွင်းသည့် လိုင်စင်မှစ၍ သိုလှောင်ဖြန့်ဖြူးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများအထိ လုပ်ငန်းလိုင်စင် အမျိုးအစားခုနစ်မျိုးခွဲခြားကာ နှစ်စဉ်တိုးတက် ခွင့်ပြုပေးလျက်ရှိသည်။

**ဒေသန္တရ ရေနံချက်လုပ်ငန်းများ**

ကုန်းတွင်းပိုင်းတွင် ရေနံလက်ယက်တွင်းများမှ ထွက်ရှိလာသည့် ရေနံများကို ရေနံချက်ဖို လုပ်ကိုင်ခွင့်လိုင်စင်များ ခွင့်ပြုပေးလျက်ရှိခြင်းကြောင့် ယခုနှစ်အတွင်း ၁၅၇ ခုအထိ ဒေသန္တရ ရေနံချက်လုပ်ငန်းလိုင်စင်များ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့ကို မိရိုးဖလာနည်းလမ်းများမှ ထိုးဖောက်၍ သဘာဝပတ်ဝန်းကျင် ပိုမိုထိန်းသိမ်းနိုင်ဖို့နှင့် နည်းပညာအဆင့်အတန်း ပိုမိုမြင့်မားလာရေးအတွက် အသေးစားရေနံချက်လုပ်ငန်း(Mini Refinery) နည်းပညာအသုံးပြုရန် ဝန်ကြီးဌာနမှ ကြိုးပမ်းလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

"လုပ်ငန်းတွေရဲ့ နည်းပညာတင်ပြချက်တွေကို စိစစ်တဲ့အခါမှာ မကွေးတိုင်းဒေသကြီးမှာ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှာ တစ်ဦးတို့ကို ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။ စိစစ်ဆဲက စစ်ကိုင်းဒေသကြီးမှာတစ်ဦးရှိပါတယ်။ အခုခွင့်ပြုပြီးတဲ့အထဲကနေ မန္တလေးတိုင်းဒေသကြီးမှာ ခွင့်ပြုထားတဲ့ နည်းစနစ်အတိုင်း တည်ဆောက်ထားတဲ့ စက်ရုံတစ်ရုံဟာ ပြီးစီးနေပြီး စတင်စမ်းသပ်လည်ပတ်ဖို့ ဆောင်ရွက်နေပါပြီ။ မကြာခင် လည်ပတ်နိုင်မယ့်အဆင့် ရောက်နေပါပြီ"ဟု ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားသည်။

စွမ်းအင်ကဏ္ဍသည် မြေအောက်သယံဇာတများကို တူးဖော်ထုတ်လုပ်ပြီး နိုင်ငံ့အကျိုးပြု အမြတ်အစွန်းများအနက်မှ သက်ဆိုင်ရာဒေသများအတွက် လူမှုစီးပွား အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာအတွင်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**လူမှုအကျိုးပြုလုပ်ငန်းများ ပိုမိုဆောင်ရွက်**

"မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနဲ့ ယခင်က CSR လုပ်ငန်းအတွက် ဘတ်ဂျက်လျာထား ဆောင်ရွက်မှုမရှိခဲ့ပါဘူး။ ၂၀၁၆-၂၀၁၇ ခုနှစ်ကနေစပြီး လေးနှစ်ဆက်တိုက် ဘတ်ဂျက်တွေလျာထားပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုးခုရဲ့ သက်ဆိုင်ရာဒေသတွေမှာ အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ CSR လုပ်ငန်းတွေကို တစ်နှစ်ထက်တစ်နှစ် ပမာဏနဲ့ အရေအတွက်ပါ ဘတ်ဂျက်တိုးတက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ လာရောက်ဆောင်ရွက်တဲ့ ကုမ္ပဏီတွေအနေနဲ့ အလားတူ CSR ဘတ်ဂျက်တွေကို လျာထားပြီး ဆောင်ရွက်စေပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အထဲမှာ အထူးကောင်းမွန်တဲ့ စီမံကိန်းတစ်ရပ်အဖြစ် ရခိုင်ပြည်နယ် မာန်အောင်ကျွန်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် Solar Power Plant Project ကို ပြီးခဲ့တဲ့နှစ်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။





ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာအတွင်း စွမ်းအင်ကဏ္ဍ၏ လုပ်ငန်းအောင်မြင်မှုများအနက် ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်တိုးတက်မှုများကို မြင်တွေ့ရပြီး ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့်အပြင် ယခင်က ဖြစ်ပေါ်ခဲ့သည့် အခြေအနေဆိုးများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြောင်း သိရသည်။

"အရင်က ဓာတ်မြေဩဇာကို ထုတ်လုပ်ရောင်းချပေမယ့် နှစ်စဉ်အလွန်ကြီးမားတဲ့ အရှုံးပမာဏတွေနဲ့ ရင်ဆိုင်ရပါတယ်။ ဓာတ်မြေဩဇာထုတ်လုပ်နိုင်တဲ့ တန်ချိန်ကလည်း တဖြည်းဖြည်း လျော့နည်းကျဆင်းမှုတွေ ရှိခဲ့ပါတယ်။ ဒီမိုကရေစီအစိုးရသစ် စတင်တာဝန်ယူပြီးတဲ့အချိန်မှာ ဓာတ်မြေဩဇာထုတ်လုပ်မှုတန်ချိန်တွေကို တစ်နှစ်ထက်တစ်နှစ် နဂိုကအခြေအနေထက် ပြန်လည်တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ ထုတ်လုပ်မှုတန်ချိန်ဟာ ၂၀၁၆-၂၀၁၇ ခုနှစ် တစ်နှစ်လုံးမှာ တန်ချိန် ၈၂၀၀၀ ကျော် ထုတ်လုပ်နိုင်ရာကနေ ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှာ တန်ချိန် ၁၂၀၀၀၀ ကျော်အထိ တိုးမြှင့်ထုတ်လုပ်နိုင်အောင် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

မြောင်းတကာစက်ရုံတွင် ၂၀၁၆-၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး ငွေကျပ် ၁၂ ဘီလီယံကျော်ဆုံးရှုံးခဲ့ပြီး ကန်ကြီးထောင့်စက်ရုံ၌ ငွေကျပ် ၁၃ ဘီလီယံဆုံးရှုံးခဲ့ရာ စက်ရုံနှစ်ရုံပေါင်းအနေဖြင့် တစ်နှစ်လျှင် ငွေကျပ် ၂၅ ဘီလီယံအထိ အရှုံးပေါ်ခဲ့သည်။ အရှုံးများ လျော့နည်းပျောက်ကွယ်ရေးနှင့် အမြတ်ရရှိရေးအတွက် ယခုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးထံမှ သိရသည်။







ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

"မြောင်းတကာစက်ရုံကို ယခင်၂၀၁၅-၂၀၁၆ ခုနှစ်အခြေအနေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ၂၀၁၈-၂၀၁၉ ခုနှစ်မှာရတဲ့ ဝင်ငွေဟာ ငွေကျပ် ၂၅ ဘီလီယံကျော် တိုးတက်ရရှိခဲ့သလို ကန်ကြီးထောင့်စက်ရုံ တစ်ရုံတည်းကနေ ၂၀၁၅-၂၀၁၆ ခုနှစ်နဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်ကို နှိုင်းယှဉ်ကြည့်ပါက ငွေကျပ်ဘီလီယံ ၂၀ တိုးတက်ရရှိလာခဲ့လို့ ဓာတ်မြေဩဇာ စက်ရုံနှစ်ရုံဟာ တော်တော်ကြီးရှုံးနေရာကနေ ဝင်ငွေတွေအများကြီး ပြန်ပြီးမြတ်လာခဲ့ပါတယ်။ ကုန်ချော ဓာတ်မြေဩဇာတန်ချိန်တွေလည်း အများကြီးထွက်လာအောင် လုပ်ခဲ့နိုင်ပါတယ်" ဟု ဓာတ်မြေဩဇာစက်ရုံများ၏ ဆောင်ရွက်ချက်များကို ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

**လေယာဉ်ဆီလုပ်ငန်း အသွင်ပြောင်း**

လေယာဉ်ဆီလုပ်ငန်းများတွင် ဖက်စပ်လုပ်ငန်းအသွင်ဖြင့် တိုးချဲ့ဆောင်ရွက်လာမှုကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများကို ပိုမိုသက်သာစေခဲ့ပြီး အရည်အသွေးအပိုင်း ပိုမိုမြင့်မားလာခဲ့ကြောင်း သိရသည်။ လေယာဉ်ဆီများကို ယခင်ကဌာနမှ ဖြန့်ဖြူးခဲ့ခြင်းဖြစ်သော်လည်း အရည်အသွေးထိန်းသိမ်းရေးကို ပိုမိုအလေးထားသဖြင့် နိုင်ငံခြားလေကြောင်းလိုင်းများအထိ အရည်အသွေး အာမခံချက်ရရှိစေရန်

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ
ရည်ရွယ်၍ ဖက်စပ်လုပ်ငန်းအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်ခဲ့သဖြင့် နိုင်ငံတော်မှ လုပ်ငန်းအတွက် ဘတ်ဂျက် ခွဲဝေသုံးစွဲရန်မလိုဘဲ များစွာအကျိုးကျေးဇူးရရှိလာခဲ့သည်။

**သုတေသန ရလဒ်ကောင်းများထွက်ပေါ်**

ထို့ပြင် နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁) နှစ်တာအတွင်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းမှာ ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်သည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနလက်အောက်က ဝန်ထမ်းတွေဟာ ဌာနရဲ့ပုံမှန်လုပ်ရိုးလုပ်စဉ်တွေကနေ ခွဲထွက်ပြီး သုတေသနလုပ်ငန်းတွေ ပိုမိုလုပ်ကိုင်လာနိုင်ခဲ့ပါတယ်။ သန်လျင်ရေနံချက်စက်ရုံက စမ်းသပ်ခန်းတွေကို အသုံးပြုပြီး ဓာတုဗေဒအင်ဂျင်နီယာတွေက သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ခဲ့ပြီး စွန့်ပစ်ပစ္စည်းဖြစ်တဲ့ Transformer ဆီအဟောင်းတွေကို Recycle Project အဖြစ် ဆောင်ရွက်ခဲ့ရာ အဆင့်မြင့်တဲ့ မီးထိုးဆီပြန်လည်ထုတ်နိုင်တဲ့ သုတေသနရလဒ်ကိုရရှိအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှေ့ဆက်ပြီး အခြားစမ်းသပ်မှုတွေကို ကြိုးစားလုပ်ပါဦးမယ်"ဟု ဒုတိယဝန်ကြီးကဆက်လက်ပြောကြားသည်။

စွမ်းအင်ကဏ္ဍမှ နိုင်ငံတော်အတွက် ဝင်ငွေများစွာရရှိခဲ့ပြီး သက်ဆိုင်ရာ အခွန်အကောက်များကို ရရှိစေခဲ့သည်။ ဥပမာ ရတနာ၊ ရဲတခွန်၊ ဇောတိကနှင့် ရွှေ စသည့် ကုမ္ပဏီများထံမှ နှစ်စဉ်အခွန်အကောက်များ စွာလည်း ရရှိခဲ့သည်ကို မြင်တွေ့ရသည်။

"စွမ်းအင်ကဏ္ဍမှာ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းကြီးသုံးခုရှိပါတယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်တဲ့ လုပ်ငန်း၊ ရေနံနဲ့ ရေနံထွက်ပစ္စည်းရောင်းဝယ်တဲ့ လုပ်ငန်း၊ ရေနံဓာတုဗေဒလုပ်ငန်းတို့ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တုန်းက ကျွန်တော်တို့ စွမ်းအင်ကဏ္ဍရဲ့အမြတ်က ငွေကျပ်သန်းပေါင်း ၅၄၀၀၀၀ လောက်ရပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အမြတ်ငွေကျပ် သန်းပေါင်း ၈၀၀၀၀၀ ကျော်ရရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အမြတ်ငွေကျပ် သန်းပေါင်း ၁၁၇၀၀၀၀ ရရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှာ အမြတ်ငွေကျပ်သန်းပေါင်း ၁၂၄၀၀၀၀ ခန့်ရရှိအောင် ကြိုးစားနေပါတယ်"ဟု ဒုတိယဝန်ကြီးကရှင်းပြသည်။

စွမ်းအင်ကဏ္ဍ၌ ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် ဓာတ်မြေဩဇာထုတ်လုပ်မှုတွင် နိုက်ထရိုဂျင် ၄၀ ရာခိုင်နှုန်းအပြည့်ပါဝင်ပြီး မြေဆီဩဇာကို ထိခိုက်မှုလျော့နည်းအောင်ပြုလုပ်ထားပြီး မူလက ရပ်ဆိုင်းထားသည့် ဓာတ်မြေဩဇာစက်ရုံများကို ပြန်လည်လည်ပတ်နိုင်အောင် ဆက်လက်ကြိုးစားနေကြောင်း သိရသည်။

LPG ကဏ္ဍ၌ ချက်ပြုတ်ရေးအပြင် သယ်ယူပို့ဆောင်ရေးကဏ္ဍများကို တိုးချဲ့ပြီး အသုံးပြုနိုင်မည်ဆိုပါက ဓာတ်ဆီနှင့် ဒီဇယ် စသည့် လောင်စာများထက် စရိတ်သက်သာနိုင်မည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် လိုအပ်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ပေါ်ထွက်နိုင်ရန် ဝန်ကြီးဌာနမှ ကြိုးပမ်းလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က "စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်ပြီး နှစ်စဉ်တိုင်းပြည်အတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုတင်စီမံတာတွေ ဆောင်ရွက်ဖို့ လုပ်ဆောင်ပါတယ်။ ပြည်သူလူထု အကျိုးဖြစ်ထွန်းမယ့်ကိစ္စတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားဖို့ရှိပြီး ကုန်းတွင်းနဲ့ ကမ်းလွန်ရေနံလုပ်ကွက်တွေမှာ လစ်လပ်နေတဲ့ လုပ်ကွက်တွေကို တင်ဒါတွေဖိတ်ခေါ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်တိုးတက်ရရှိနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု အစိုးရ၏ စတုတ္ထ(၁)နှစ်တာအတွင်း ဝန်ကြီးဌာန၏ ကြိုးပမ်းချက်များအတွင်း ထည့်သွင်းပြောကြားသည်။



ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း



ကမ်းလွန်ပင်လယ်ပြင်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဖော်ထုတ်ရေးလုပ်ငန်းခွင်

**ပြည်သူ့အတွက် လျှပ်စစ်ကဏ္ဍ**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သည့် ပြည်သူလူထု လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာရရှိရေးတို့အတွက် စီမံကိန်းများ ချမှတ်ကာ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် နိုင်ငံတော်မှ လျှပ်စစ်ကဏ္ဍ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် အများဆုံး ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရည်မှန်းချက်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ကာ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရသည်။

**လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျာထားချက်ပြည့်မီ**

နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာကာလ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်မြင်တွေ့ရသည်။

ထို့ပြင် ဝန်ကြီးဌာနမှ လာမည့် ၂၀၂၁ ခုနှစ်၌ တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်၌ တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်းအပြည့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန် မျှော်မှန်းကာ အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသည်ကို ကြားသိရသည်။

"နိုင်ငံတော်အနေနဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ၂၀၁၆ ခုနှစ် ဧပြီလကနေ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ခြောက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ စုစုပေါင်း စက်ရုံ ၁၀ ရုံကနေ လျှပ်စစ်ဓာတ်အား ၉၀၄ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပြောကြားသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခဲ့ရာ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၂၉၀၆ မိုင်၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း ၁၃၆၂ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၁၁၅ မိုင်၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇၀၇၃ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၀၉၈၇ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၇၃၄ မိုင်နှင့် သုည ဒသမ ၄ ကေဗွီဓာတ်အားလိုင်း ၂၄၅၁၅ မိုင် စုစုပေါင်း ဓာတ်အားလိုင်း ၆၂၆၉၂ မိုင်ခန့် တည်ဆောက်ပေးနိုင်ခဲ့သည်။

**ဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက်**

ဓာတ်အားလိုင်းများအပြင် ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ခဲ့သည်ကို ကြားသိရသည်။ ယခုအချိန်အထိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ ၆၅၃၆ အမ်ဗွီအေ၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ ၂၀၃၆ အမ်ဗွီအေ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၅၆၈၈ အမ်ဗွီအေ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၈၃၈၇ အမ်ဗွီအေ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၅၀၀၂ အမ်ဗွီအေနှင့် ၆ ဒသမ ၆ ကေဗွီ ဓာတ်အားခွဲရုံ ၈၃ အမ်ဗွီအေတို့မှ စုစုပေါင်းလျှပ်စစ်ဓာတ်အား ၃၇၇၃၂ အမ်ဗွီအေတို့ကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရသည်။

"ဝေးလံခေါင်သီတဲ့ ဒေသတွေမှာ လျှပ်စစ်ဓာတ်အားရရှိရေးက ကျွန်တော်တို့ရဲ့ အဓိကဦးစားပေးဆောင်ရွက်ချက်လည်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မောင်တောဒေသ၊ ကရင်ပြည်နယ်က မြဝတီမြို့နဲ့ ကြာအင်းဆိပ်ကြီးမြို့၊ ကချင်ပြည်နယ် ပန်ဆောင်နဲ့ နန်းယွန်းမြို့တွေကို Off – Grid နဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဒေသတွင်းမှာရှိတဲ့ သဘာဝအရင်းအမြစ်တွေကို အခြေခံလို့ အသေးစားရေအား၊ ဆိုလာများနဲ့ ဓာတ်အားစနစ်နဲ့ဝေးကွာတဲ့ Off–Grid နဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း ကချင်ပြည်နယ် ပူတာအိုမြို့အနီးမှာရှိတဲ့ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း ၃ ဒသမ ၂ မဂ္ဂါဝပ်၊ ရခိုင်ပြည်နယ် မာန်အောင်ကျွန်းမှာ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံအဆင့်(၁) သုည ဒသမ ၅ မဂ္ဂါဝပ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ဓာတ်အားစနစ်နဲ့ဝေးကွာတဲ့ ပူတာအိုမြို့နဲ့ မချမ်းဘောမြို့ အပါအဝင် ကျေးရွာပေါင်း ၃၄ ရွာ၊ မာန်အောင်ကျွန်းက မြို့ပေါ်ငါးရပ်ကွက်အပါအဝင် ကျေးရွာပေါင်း သုံးရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပြောသည်။

**၂၀၂၁ ခုနှစ် အိမ်ထောင်စု ၁၁၇ သန်း လျှပ်စစ်သုံးစွဲနိုင်မည်**

NEP(I)ကို Phase(I)နှင့် Phase (II) နှစ်ခုခွဲကာ ဆောင်ရွက်လျက်ရှိရာ Phase(I)၌ ကျေးရွာပေါင်း ၅၀၈၀ နှင့် အိမ်ထောင်စုပေါင်း

အထူးကဏ္ဍ [ ဃ ] သို့ »»»



မိတ္ထီလာ-တောင်ငူ ၅၀၀ ကေဗွီဓာတ်အားလိုင်းသွယ်တန်းနေစဉ်။

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
ဧပြီ ၂၊ ၂၀၂၀
(ကြာသပတေးနေ့)



သာကေတ ၄၀၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ စီမံကိန်း

»»» အထူးကဏ္ဍ [ ဂ ] မှ

၆၂၀၀၀၀ ကျော်ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအပြီး လျှပ်စစ်ဓာတ်အားရရှိအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့ပြင် Phase (II)၌ ကျေးရွာပေါင်း ၄၇၀၀ နှင့် အိမ်ထောင်စုပေါင်း ၅၃၀၀၀၀ ကျော်ကို မီးပေးနိုင်မည်ဖြစ်ရာ NEP(I) ပြီးစီးချိန်တွင် အိမ်ထောင်စုပေါင်း ၁၁၇ သန်းခန့်ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအပြီး လျှပ်စစ်မီးပေးအပ်နိုင်မည်ဟု ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာအတွင်း ဖြတ်သန်းမှုကို ပြောကြားသည်။

"NEP(II)ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာစတင်ပြီး ကျေးရွာပေါင်း ၈၀၀၀ နဲ့ အိမ်ထောင်စုပေါင်း ၇၀၀၀၀၀ ကျော်ခန့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်နေပါတယ်။ ဒါ့အပြင် ကျေးရွာဒေသတွေ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိနိုင်ရေးအတွက် ကမ္ဘာ့ဘဏ် (World Bank) အထောက်အပံ့ရယူပြီး National Electrification Plan ဖြင့် 33, 11, 0.4 ကေဗွီဓာတ်အားလိုင်းနဲ့ ခွဲရုံများ တိုးချဲ့ဆောင်ရွက်နေပါတယ်"ဟု ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် အကြောင်းရင်းများကို ဆက်လက်ပြောကြားသည်။

လျှပ်စစ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ADB, JICA (ဂျပန်)နှင့် KfW (ဂျာမနီ) အဖွဲ့အစည်းများ၏ အထောက်အပံ့ချေးငွေများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Medium Voltage 66 kV, 33 kV ဓာတ်အားလိုင်းများ တိုးချဲ့ဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို ဝန်ကြီးဌာနမှ သိရသည်။

မန္တလေးမြို့ ကျုံးဘေးတစ်လျှောက်ရှိ လမ်းမီးများကို ၂၀၁၆ ခုနှစ် မတ်လမှ ယခုအထိ စုစုပေါင်းငွေကျပ် ၂၄၁ ဒသမ ၁၆၆ သန်း အကုန်အကျခံ၍ ပြင်ဆင်လဲလှယ်ပေးနိုင်ခဲ့ပြီး ရန်ကုန်မြို့ရှိ လမ်းမီးများကို ၂၀၁၆ ခုနှစ် မတ်လမှ ယခုအထိ မီးလုံး ၉၆၆၈ လုံးကို ငွေကျပ် ၅၅၄၇ သန်း အကုန်အကျခံ၍ ပြင်ဆင်လဲလှယ်ထားပြီးဖြစ်ကြောင်း သိရသည်။

ယခင်က ဓာတ်အားပေးစက်ရုံနှင့် ပင်မဓာတ်အားခွဲရုံ ၂၂ ရုံသာ ကွပ်ကဲခဲ့ရာမှ ယခု ၁၁၁ ရုံအထိ တိုးတက်များပြားလာခဲ့ကာ ခေတ်မီဒစ်ဂျစ်တယ် နည်းပညာသုံး စက်ပစ္စည်းများ အသုံးပြုသည့် National Control Center အသစ်ကို နေပြည်တော်တွင် တည်ဆောက်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

**နွေရာသီအတွက် ကြိုတင်ပြင်ဆင်**

"နွေရာသီကာလမှာ လျှပ်စစ်ဓာတ်အား ပိုမိုဖြည့်ဆည်းပေးနိုင်ဖို့ သဘာဝဓာတ်ငွေ့နဲ့ LNG တို့ကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်မယ့် စီမံကိန်းခုနစ်ခုဖြစ်တဲ့ ကျွန်းချောင်း (သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ) မဂ္ဂါဝပ် ၂၀၊ အလုံ (သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ) ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ်၊ ကျောက်ဖြူ (LNG) မဂ္ဂါဝပ် ၁၃၅၀၊ သန်လျင်(LNG) မဂ္ဂါဝပ် ၃၅၀၊ သာကေတ(LNG) မဂ္ဂါဝပ် ၄၀၀၊ မကွေး (သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ) ၆၆ မဂ္ဂါဝပ်နဲ့ ရွှေတောင် (သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ) ၂၈ မဂ္ဂါဝပ် စုစုပေါင်း မဂ္ဂါဝပ် ၁၁၆၆ မဂ္ဂါဝပ်တို့ကို စီမံဆောင်ရွက်လျက်ရှိပြီး ယင်းတို့အနက် မကွေးတိုင်းဒေသကြီးရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ၆၆ မဂ္ဂါဝပ်ကို စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

"ပြည်သူတွေ ဓာတ်အားခပေးချေမှုအဆင်ပြေချောမွေ့စေဖို့နဲ့ ဝန်ဆောင်မှုကောင်းမွန်တိုးတက်စေဖို့ ပြည်သူတွေ လျှပ်စစ်ဓာတ်အားသုံးစွဲရာမှာ မိမိတို့ သုံးစွဲမှုအခြေအနေတွေကို သံသယကင်းကင်းနဲ့ သိရှိနိုင်ဖို့အတွက် ပြည်သူတွေဆက်သွယ်နိုင်မယ့် Call Center တွေထားရှိပြီးဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ Call Center No. 1717 နဲ့ မန္တလေးမြို့မှာ Call Center No. 1616 တို့ကို အရေးပေါ်ဆက်သွယ်နိုင်ပါတယ်" ဟု လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများအပေါ် အလွယ်တကူ ချိတ်ဆက်နိုင်မည့်အခြေအနေကို ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပြောသည်။

**ပြည်သူများယုံကြည်စိတ်ချစွာသုံးစွဲနိုင်**

ပြည်သူများ လျှပ်စစ်ဓာတ်အားကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးနှင့် တရားမဝင် မီးသွယ်တန်းအသုံးပြုမှု လျော့နည်းစေရေးတို့အတွက် အရည်အသွေးမြင့်မားသည့် မီတာများကို ပြောင်းလဲအသုံးပြုနိုင်ခဲ့သည်။ ယခုအခါ Advanced Metering Infrastructure –AMI မီတာများစနစ်ကို အသုံးပြုနိုင်ရေး စီစဉ်ထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

Automatic Meter Reading System (AMR) နှင့် Prepaid စနစ်အသုံးပြုသည့် မီတာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်စေရေးအတွက် ဝန်ကြီးဌာနမှ စီမံဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသည်။

"ဒီလိုမီတာတွေ အသုံးပြုတဲ့အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲနေတဲ့ ပြည်သူတွေ ယုံကြည်စိတ်ချစွာနဲ့ မိမိသုံးစွဲတဲ့ လျှပ်စစ်ဓာတ်အား အခြေအနေကို မိမိတို့ အသုံးပြုနေကြတဲ့ တယ်လီဖုန်းတွေကနေတစ်ဆင့် ကြည့်ရှုနိုင်တဲ့ အဆင့်အထိရောက်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ Mobile Billing System တွေ ထည့်သွင်းအသုံးပြုနိုင်အောင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပြောသည်။

စတုတ္ထ(၁)နှစ်တာကာလအတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်ဓာတ်အား တည်ငြိမ်စွာရရှိနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိရေးနှင့် လျှပ်စစ်ဓာတ်အားကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးတို့အပြင် မိမိသုံးစွဲသည့် ဓာတ်အားခနှင့် ဓာတ်အားသုံးစွဲသည့် ပမာဏယူနစ်များကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဆက်လက်ပြောကြားသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ထရန်စဖော်မာများနှင့် မီးလိုင်းများကို ပြန်လည်ချဲ့ထွင်ခြင်းနှင့် ဖြည့်စွက်တပ်ဆင်ခြင်းများပြုလုပ်ကာ ဓာတ်အားစနစ်ပြည့်ဝကောင်းမွန်စွာဖြင့် ပြည်သူများကို ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်ရန် ကြိုးစား၍ဝန်ဆောင်မှုများ ပေးလျက်ရှိသည်ကို အစိုးရ၏ ပြုပြင်ပြောင်းလဲမှု ခြေလှမ်းများအဖြစ် ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို အများပြည်သူတို့ သိရှိနိုင်ကြမည်ဖြစ်သည်။

**နည်းပညာအကူအညီဖြင့်**
**ဓာတ်အားသုံးစွဲမှုစိစစ်နိုင်**

ဓာတ်အားသုံးစွဲသည့် မိဘပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို မိုလ်ဘိုင်းဖုန်းများမှ ကြည့်ရှုနိုင်သည့် AMI စနစ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးခုတွင် စမ်းသပ်အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။

"အများပြည်သူ ကျေကျေနပ်နပ်၊ ပျော်ပျော်ရွှင်ရွှင် အသုံးပြုနေတာကလည်း အစိုးရရဲ့ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဝန်ကြီးဌာနရဲ့ ဝန်ဆောင်မှု ပေးတာတွေထဲက တစ်ခုဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဝမ်းမြောက်စွာ ပြောသည်။

"လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြည်သူတွေအားလုံး လျှပ်စစ်ဓာတ်အားကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ဖို့အတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိနေသလို တစ်ဖက်မှာလည်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားသယ်ပို့တဲ့ ဓာတ်အားလိုင်းတွေကို စနစ်တကျ တည်ဆောက်ထိန်းသိမ်းတာတွေကိုလည်း လုပ်ဆောင်နေသလို ဖြန့်ဖြူးရေးအပိုင်းမှာလည်း အများပြည်သူ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ဖို့အတွက် လိုအပ်တဲ့ထိန်းညှိမှုတွေနဲ့ ပြုပြင်ဆောင်ရွက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ကြိုးစားဆောင်ရွက်နေတယ်လို့ ပြည်သူတွေကို အသိပေးပြောကြားလိုပါတယ်"ဟု ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကိုတိုင်းတာရာတွင် လျှပ်စစ်ဓာတ်အား မည်မျှသုံးစွဲနိုင်သနည်းဟူသည့်အချက်ဖြင့် ထည့်သွင်းတိုင်းတာလေ့ရှိကြသည်။ ယခင်က မကြာခဏ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြုံခဲ့ကြရပြီး ကျေးလက်နေပြည်သူ အတော်များများ လျှပ်စစ်ဓာတ်အား ခံစားခွင့်မရခဲ့ကြရသည်ကို အားလုံးအသိပင်ဖြစ်သည်။

သို့သော် ယခုအခါ ဝန်ကြီးဌာန၏ ကြိုးပမ်းမှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် သုံးသည့်ဝန်အားနှင့် ထိုက်သင့်သည့် မီတာခ၊ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများ မီးအလင်းရောင်ကို ခံစားနေကြရပြီဖြစ်သည်။

တစ်ဖက်တွင် စွမ်းအင်ကဏ္ဍသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်အရေးကြီးသကဲ့သို့ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပြည်ပတင်ပို့ရောင်းချခြင်းမှာ နိုင်ငံတော်အတွက် များပြားသည့် ဝင်ငွေပမာဏကို ဖော်ဆောင်နိုင်သည်ဖြစ်ရာ လာမည့်အနာဂတ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် တစ်နိုင်ငံလုံးအတွက်အရေးပါသည့် ကဏ္ဍများအဖြစ် ဆက်လက်ရှင်သန်သွားမည်ဖြစ်ကြောင်း။ ။



အလုံ ၁၅၁ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်း